# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၁၀) ရက် ၊ ကြာသပတေးနေ့ ၊ (23-11-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၂၀၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေး



**နေပြည်တော် နိုဝင်ဘာ ၂၂**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရှေ၊ ဦးရွှေကြိမ်၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ **စာမျက်နှာ ၂၁ ကော်လံ ၄**⇨

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ အသိပေးကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ပြဋ္ဌာန်းထားပြီးဖြစ်သော ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများလုပ်ကိုင်ခြင်း၊ ဆက်သွယ်ရေးစက်ပစ္စည်းများအသုံးပြုခြင်း၊ တင်သွင်းရောင်းချခြင်းတို့ကို စနစ်တကျဖြစ်စေရန်အတွက် လုပ်ထုံးလုပ်နည်းများကို ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ယခုအခါတွင် မြန်မာနိုင်ငံအတွင်း၌ ဂြိုဟ်တုအင်တာနက်ဝန်ဆောင်မှုများကို တရားမဝင်ဆောင်ရွက်လျက်ရှိပြီး သုံးစွဲသူများအနေဖြင့်လည်း တရားမဝင်ရယူသုံးစွဲလျက်ရှိကြောင်း သတင်းအချက်အလက်များအရ တွေ့ရှိနေရပါသည်။

၃။ ဆက်သွယ်ရေးဥပဒေပုဒ်မ(၅)နှင့် လိုင်စင်နှုန်းစဉ်ဆိုင်ရာနည်းဥပဒေ ၅၂ (ဂ)တို့တွင် ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်၊ ဌာနနှင့်အဖွဲ့အစည်းများသည်

**စာမျက်နှာ ၂၁ ကော်လံ ၁** ❑




ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Venue Standard တွင်

Exhibition Venue Award ရရှိခဲ့သော

မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်

ရရှိနိုင်သောဝန်ဆောင်မှုများ **ရတနာပုံ ခန်းမ**

ဖိုရမ်များ ၊ဆွေးနွေးပွဲများ ၊အလုပ်ရုံဆွေးနွေးပွဲများ ၊အစည်းအဝေးများ ၊ ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊ အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ ၊ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊အလှမာတင်ပုံရိုက်ကူးခြင်းများ အတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ရတနာပုံ
၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၃ ရက်
အယ်ဒီတာ့အာဘော်

# ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ဖို့ အားကစားလှုပ်ရှားမှုတွင် ပါဝင်စို့

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ထူထောင်ရာတွင် အဓိကအားဖြင့် လူငယ်များကျန်းမာကြံ့ခိုင်မှုရှိရမည်ဖြစ်သည်။ ကျန်းမာကြံ့ခိုင်မှုရှိစေရန် ကျောင်းသားလူငယ်ဘဝမှစ၍ ကိုယ်လက်လှုပ်ရှားအားကစားကဏ္ဍများတွင် ပါဝင်လုပ်ဆောင်ကြရမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသား အားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားများကို နိုဝင်ဘာ ၂၀ ရက်က အောင်မြေသာစံမြို့နယ် အောင်မြေမန္တလာအားကစားကွင်းတွင် ကျင်းပခဲ့ရာ တာဝန်ရှိသူအသီးသီးနှင့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ ဦးရေ ၃၀၀၀ ကျော် ခရိုင်အုပ်စု ခုနစ်ခုမှ အားကစားသမားများ၊ အုပ်ချုပ်သူနည်းပြများ၊ အားကစားဝါသနာရှင်များနှင့် ဧည့်ပရိသတ်များ စုစုပေါင်းဦးရေ ၄၃၀၀ ကျော် တက်ရောက်ခဲ့သည်။

အားကစားဆိုသည်မှာ အနိုင်၊ အရှုံးတစ်ခုတည်းကို ယှဉ်ပြိုင်ခြင်းမဟုတ်ဘဲ ဇွဲရှိမှု၊ သည်းခံမှု၊ ကျွမ်းကျင်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းလုံးညီညွတ်မှု၊ စည်းကမ်းဥပဒေကို ရိုသေလေးစားလိုက်နာမှု၊ ယဉ်ကျေးမှု စသည်တို့ကို ယှဉ်ပြိုင်ခြင်းဖြစ်သည်။ တိုးတက်လာသော ယနေ့ခေတ်တွင် ကျောင်းသားနှင့်အားကစားသည် ခွဲခြား၍မရပေ။ ပညာသင်ကြားရေးစနစ် တိုးတက်လာသည်နှင့်အညီ အားကစားကဏ္ဍကိုလည်း ယှဉ်တွဲလုပ်ဆောင်လာကြသည်။ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများကို ကိုယ်လက်လှုပ်ရှားမှုရှိစေရန်အတွက် နေ့စဉ် စာသင်ချိန် ဇယားတွင် ကာယလေ့ကျင့်ချိန်ကို ထည့်သွင်းရေးဆွဲထားသည်။

အားကစားပြုလုပ်ခြင်းကြောင့် ရရှိသည့် ပထမဆုံးအကျိုးကျေးဇူးမှာ မိမိတို့၏ တစ်ကိုယ်ရေကျန်းမာရေးကောင်းကျိုးပင်ဖြစ်သည်။ ထိုမှတစ်ဆင့် အသင်းအဖွဲ့နှင့် ကစားရသည့် ပြိုင်ပွဲများတွင် အချင်းချင်းစည်းလုံးညီညွတ်မှုကိုဖြစ်ပေါ်စေပြီး စုပေါင်းစိတ်ဓာတ်ကို ရရှိစေသည်။ အထူးသဖြင့် ကျောင်းသား၊ ကျောင်းသူများတွင် အဆိုပါစိတ်ဓာတ်များရှိရမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူတစ်ဦးအနေဖြင့် ပညာရေးတွင် ထူးချွန်နေရုံနှင့် မပြည့်စုံ၊ ကျန်းမာကြံ့ခိုင်မှုလည်း ရှိရမည်ဖြစ်ပြီး မကျန်းမာလျှင် ကျက်မှတ်ထားသောစာများကို မှတ်နိုင်ရန် ခက်ခဲမည်ဖြစ်သည်။ ကျန်းမာသောခန္ဓာကိုယ် ရွှင်လန်းသောစိတ်နှင့် ထက်မြက်သောဦးနှောက်ရှိမှသာ သင်ခန်းစာများကို အလွယ်တကူမှတ်သားနိုင်မည်ဖြစ်သည်။

ထို့ကြောင့် ကျန်းမာကြံ့ခိုင်စေရန်အတွက် နှစ်သက်ရာအားကစားကဏ္ဍတစ်ခုခုတွင် ပါဝင်လှုပ်ရှားဆောင်ရွက်ရမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူလူငယ်များသည် အားကစားတွင်လည်း ထူးချွန်နေမည်၊ ပညာရေးတွင်လည်း ထူးချွန်မည်ဆိုပါက ဘက်စုံထူးချွန်သူအဖြစ် အနာဂတ်နိုင်ငံတော်အတွက် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံ၏ အနာဂတ်ခေါင်းဆောင်များဖြစ်လာမည့် ကျောင်းသား၊ ကျောင်းသူများသည် နိုင်ငံတော်၏ တာဝန်များကို လက်ဆင့်ကမ်းထမ်းဆောင်ရန် စာတော်အောင်ကြိုးစားသင်ယူရုံသာမက ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်သောသူများဖြစ်စေရန် အားကစားလှုပ်ရှားမှုပွဲများတွင် နှစ်သက်ရာအားကစားနည်းများကို ပါဝင်ဆင်နွှဲကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# မြို့နယ် ခြောက်မြို့နယ်ရှိ သမဝါယမအသင်းသားတောင်သူများကို ဆောင်းဆီထွက်သီးနှံစိုက်ပျိုးနိုင်ရန် ငွေကျပ်သန်း ၅၄၀ ကျော်ထုတ်ချေးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**မန္တလေး နိုဝင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ သမဝါယမအသင်းသားတောင်သူများကို တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်က ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းဆီထွက်သီးနှံစိုက်ပျိုးနိုင်ရန် ငွေကျပ်သန်း ၅၄၀ ကျော်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြ၍ သိရသည်။

မန္တလေးတိုင်းဒေသကြီး သမဝါယမ အသင်းစုချုပ်အနေဖြင့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစိုက်ပျိုးရန် မြို့နယ်ခြောက်မြို့နယ်ရှိ သမဝါယမအသင်း ၂၂ သင်းမှ အသင်းသားတောင်သူ ၉၃၈ ဦး၏ ဆီထွက်သီးနှံ ၂၀၇၇ ဧကအတွက် ချေးငွေများကို ဒီဇင်ဘာလမှစ၍ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"သမဝါယမအသင်းစုချုပ်က ဆောင်းဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်ကြမဲ့ သမဝါယမအသင်းသားတောင်သူတွေကို ချေးငွေတွေထုတ်ချေးပေးသွားမှာပါ။ တောင်သူ ၉၃၈ ယောက်အတွက်ပါ။ အခုလိုမျိုး တောင်သူတွေကို ချေးငွေတွေ ထုတ်ချေးပေးပြီး တစ်ဖက်တစ်လမ်းကနေ ကူညီဆောင်ရွက်ပေးနေတာပါ။ မြေပဲ တစ်ဧကကို ငွေကျပ် သုံးသိန်းခွဲနှုန်း၊ နေကြာ တစ်ဧကကို ငွေကျပ် နှစ်သိန်းနှုန်းနဲ့ ညီမျှတဲ့မျိုးတွေ၊ သွင်းအားစုတွေအတွက် ထုတ်ချေးပေးသွားမှာပါ။ တောင်သူတွေအနေနဲ့ ထုတ်ချေးပေးတာနဲ့အညီ ဆောင်းဆီထွက်သီးနှံ စိုက်ဧကတွေမှာ လိုအပ်တဲ့မျိုးတွေနဲ့ စိုက်ပျိုးရေးသွင်းအားစုတွေ ဝယ်ယူနိုင်ဖို့ ထုတ်ချေးပေးတာဖြစ်ပါတယ်။ မှန်မှန်ကန်ကန် ထိထိရောက်ရောက် သုံးစွဲဖို့လိုပါတယ်။ အတိုးနှုန်းကတော့ တစ်ကျပ် ၂၅ ပြားနှုန်း ယူပါတယ်။ တောင်သူတွေအနေနဲ့ ခြောက်လတစ်ကြိမ်ပြန်ဆပ်ပေးရမှာဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ သတ်မှတ်ထားတဲ့ ကာလအတွင်းမှာ အကျေဆပ်ဖို့လိုပါတယ်" ဟု ဦးလှိုင်မိုးက ပြောပြသည်။

မန္တလေးတိုင်းဒေသကြီး သမဝါယမ အသင်းစုချုပ်အနေဖြင့် ဆောင်းဆီထွက်သီးနှံစိုက်ပျိုးကြမည့် သမဝါယမအသင်းသားတောင်သူများကို ချေးငွေထုတ်ချေးပေးရာတွင် စဉ့်ကူးမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ ရမည်းသင်းမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်တို့ရှိ အသင်းသားတောင်သူ ၉၃၈ ဦးတို့၏ ဆောင်းဆီထွက်သီးနှံ မြေပဲ ၁၄၂၈ ဧကနှင့် နေကြာ ၆၄၉ ဧက စုစုပေါင်း ၂၀၇၇ ဧကအတွက် ငွေကျပ်သန်း ၅၄၇ ဒသမ ၇ သန်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်မြို့တို့သို့ ကုန်စည်တင်ပို့သည့် ကုန်တင်သင်္ဘော ၇၈ စီးရှိခဲ့

**မန္တလေး နိုဝင်ဘာ ၂၂**

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်မြို့တို့သို့ ကုန်စည်တင်ပို့သည့် ကုန်တင်သင်္ဘော ၇၈ စီးရှိခဲ့ကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီးမှ ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ပြောပြ၍ သိရသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်မြို့တို့သို့ နိုဝင်ဘာ ၁၃ ရက်မှ နိုဝင်ဘာ ၂၀ ရက်ထိ ပြောင်း၊ ဘိလပ်မြေ၊ ကျောက်မီးသွေး၊ ကျောက်စရစ်၊ ဆား စသည့် ကုန်စည်တင်ပို့သည့် ကုန်တင်သင်္ဘောအစီးရေ ၇၈ စီးထိရှိခဲ့ကြောင်း သိရသည်။

"အခုလတ်တလော ရေဝတီမြစ်အတွင်း ရေကျချိန်ဖြစ်ပေမဲ့ မန္တလေးဆိပ်ကမ်းက ကုန်စည်ရရှိမှု အနည်းငယ်ပြန်ပြီးများပြားလာတယ်။ အခုလောလောဆယ်ကတော့ ဘိလပ်မြေ၊ ကျောက်စရစ်၊ ဆား စတဲ့ကုန်စည်တွေကအများဆုံးဖြစ်နေပါတယ်"ဟု ဒေါ်တင်တင်ထွန်းက ပြောပြသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်မြို့တို့သို့ နိုဝင်ဘာ ၁၃ ရက်မှ ၂၀ ရက်ထိ တင်ပို့နိုင်ခဲ့သည့် ကုန်တန်ချိန်များမှာ ဘိလပ်မြေ ၄၁၃၆၅ ဒသမ ၁၈ တန်၊ ကျောက်မီးသွေး တန်ချိန် ၃၇၀၀၊ ပြောင်းဆန် ၃၆၆၁ ဒသမ ၉၅ တန်၊ ကျောက်စရစ်ကျင်း ၂၈၁၅ ကျင်း၊ ဆားတန်ချိန် ၃၆၀၊ အထပ်သားပြားတန်ချိန် ၁၃၂၀ နှင့် ထုံး ၈၂၂ တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

မန္တလေးဆိပ်ကမ်းတွင် ယခုလက်ရှိတင်ပို့ရသည့် ကုန်စည်များ ပြားလာခြင်းကြောင့် ရေယာဉ်များပေါ်တွင် ကုန်စည်များကိုသတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင်မှုများ မပြုလုပ်ကြရန် လိုအပ်ကြောင်း၊ ရေယာဉ်၏အရွယ်အစားနှင့် မချိန်ဘဲ ကုန်များကို တင်ဆောင်ကာ မြစ်အတွင်းသွားလာပါက ရေယာဉ်များ အန္တရာယ်ရှိနိုင်ကြောင်း ဒေါ်တင်တင်ထွန်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေးဈေးကွက်အတွင်း ပြောင်းဖူး(ဗမာ)များ အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး နိုဝင်ဘာ ၂၂**

မန္တလေး ဈေးကွက်အတွင်း ပြောင်းဖူး(ဗမာ)များ အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပြည်တွင်းမှထွက်ရှိသည့် ပြောင်းဖူး(ဗမာ)များ မန္တလေးဈေးကွက်အတွင်း ကုန်သည်များအဝယ်ပြန်လိုက်လာကြောင်း၊ ထိုသို့ဈေးကွက်အတွင်း ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်များကလည်း ဝယ်ယူမှုများပြားလာခြင်းကြောင့် ပြောင်းဖူး(ဗမာ)များ အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း သိရသည်။

"ပြည်တွင်းဈေးကွက်အတွင်း မန္တလေး၊ ရန်ကုန်နဲ့ တောင်ကြီးစတဲ့မြို့တွေမှာ အခုလတ်တလော ကုန်သည်တွေ ဝယ်ယူမှုများလာပါတယ်။ ဒါကြောင့် မန္တလေးဈေးကွက်အတွင်းမှာ ပြောင်းဖူး(ဗမာ)တွေ အရောင်းအဝယ် ကောင်းနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ပြောင်းဖူး(ဗမာ) ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၅၂၀၀၀ ပေါက်ဈေးဖြင့် အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း သိရသည်။

ယခုလက်ရှိ ပြည်တွင်းမှထွက်ရှိသည့် ပြောင်းဖူး (ဗမာ)များကို ပြည်ပနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့က ဝယ်ယူမှုများရှိနေကြောင်း အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရေက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပဲခူးမြို့နယ် လက်ပံဝင်းအရှေ့စုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပဲခူး နိုဝင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လက်ပံဝင်းအရှေ့စုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်း၊ ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာတွင်းလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ လက်ပံဝင်း အရှေ့စုကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

ပဲခူးမြို့နယ် လက်ပံဝင်းအရှေ့စုကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ် သိန်း ၁၆၀ ဖြင့် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက စက်တင်ဘာ ၃ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုကြောင့် လက်ပံဝင်း အရှေ့စုကျေးရွာရှိ အိမ်ခြေ ၁၂၅ အိမ်မှလူ ၆၁၅ ဦးတို့ လက်ရှိတွင် အဆိုပါလမ်းကို သွားလာအသုံးပြုနေပြီဖြစ်ကြောင်း ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်းက ပြောပြ၍ သိရသည်။

**ကိုညို**



**မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ မိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၆၉ လမ်း၊ ၃၈ လမ်း-၃၉ လမ်းကြားနေ ဦးသန်းငွေအောင်-ဒေါ်သင်းသင်းကြူ၊ သမီး မသုတစောကျော်၊ သား-မောင်သားမြတ်ဘုန်းကျော် မိသားစုက ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးလှထွေးနှင့် ရုံးအဖွဲ့မှူး ဦးသန့်စင်တို့က လက်ခံရယူစဉ်။**

# ကျုံပျော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၉၄၁၀ စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ကျုံပျော် နိုဝင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၉၄၁၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာဧက ၉၄၁၀ ကို ယခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါနေကြာ ဧက ၉၄၁၀ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျုံပျော်မြို့နယ်မှာ နေကြာ ဧက ၉၄၁၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ နေကြာဧက လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့ လုပ်ဆောင်နေပါတယ်။ ဒေသခံတောင်သူတွေ နေကြာဧက လျာထားချက်အတိုင်း ပြည့်မီအောင် စိုက်ပျိုးဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအပြင် အခြားဆက်စပ်ဌာနတွေနဲ့လဲ ချိတ်ဆက်ကူညီပံ့ပိုး ဆောင်ရွက်ပေးနေပါတယ်။ ဒါ့ပြင် တောင်သူတွေ လိုအပ်တဲ့ စိုက်ပျိုးရေးနည်းပညာတွေကို ပို့ချသင်ကြားပေးထားပြီးဖြစ်ပါတယ်။ အခုလို နေကြာစိုက်ပျိုးတာဟာ စားဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့အတွက် ဖြစ်ပါတယ်" ဟု ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မလှိုင်မြို့နယ် ကျင်းသာ(ရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မလှိုင် နိုဝင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကုန်းတဲကျေးရွာအုပ်စု ကျင်းသာ(ရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျင်းသာ(ရှေ့)ကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၁၀၉ ဦးကို ငွေကျပ် ၅၇ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ခိုး(မလှိုင်)**

# ဘိုကလေးမြို့နယ်မှ ကွမ်းသီးစိမ်းများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းသဖြင့် တင်ပို့ရောင်းချနေရ

**ဘိုကလေး နိုဝင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ကွမ်းသီးစိမ်းများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းသဖြင့် တင်ပို့ရောင်းချနေရကြောင်း ဘိုကလေးမြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာလွင်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ကွမ်းသီးစိမ်းများကို ရန်ကုန်ဈေးကွက်က နိုဝင်ဘာလ ပထမပတ်မှစတင်၍ ယနေ့ထိ ဝယ်ယူမှု အားကောင်းနေသဖြင့် အများအပြားတင်ပို့ရောင်းချနေရကြောင်း၊ အဆိုပါ ကွမ်းသီးစိမ်း အလုံးရေ ၁၀၀၀ လျှင် ငွေကျပ် ၇၅၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ ထွက်ရှိတဲ့ ကွမ်းသီးစိမ်းတွေကို စိုက်ပျိုးရေးလုပ်ငန်းရှင်တွေက သေသေချာချာဂရုစိုက်တော့ အရည်အသွေးကောင်းပါတယ်။ ဒါ့ကြောင့်လဲ ထွက်ရှိလာတဲ့ ကွမ်းသီးစိမ်းတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းနေတဲ့အပြင် ဈေးကောင်းပါပေးဝယ်နေတာပါ။ လက်ရှိကွမ်းသီးစိမ်းအလုံးရေ ၁၀၀ ကိုငွေကျပ် ၇၅၀၀ ထိဈေးပေါက်နေပါတယ်။ ဘိုကလေးမြို့နယ်ကနေထွက်ရှိတဲ့ ကွမ်းသီးစိမ်းတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ လာမဲ့လတွေဆို ကွမ်းသီးစိမ်းရှားတော့မှာပါ။ ဒါကြောင့် ကွမ်းသီးစိမ်းတွေ အဝယ်လိုက်နေဖို့ပဲ ရှိပါတယ်။ ကွမ်းသီးခြောက်က အစိမ်းလောက် အရောင်းအဝယ်မဖြစ်ဘူး။ လက်ရှိ ကွမ်းသီးစိမ်း အရောင်းအဝယ်ကောင်းလာတော့ လုပ်သားတွေနဲ့ စိုက်ပျိုးရေးလုပ်ငန်းရှင်တွေ အလုပ်အကိုင် အခွင့်အလမ်းရရှိပါတယ်" ဟု ဘိုကလေးမြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာလွင်က ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ကွမ်းသီးစိမ်းများကို ဒေသကွမ်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင်များကဝယ်ယူပြီး စနစ်တကျသန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း ဒေါ်သူဇာလွင်က ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# နှစ်ကျိပ်ရှစ်ဆူပျို့စာဆိုဦးပျော်

ပိုလ်ရှိတ်(ရတနာပူရ)

မြန်မာစာပေသည် ပုဂံခေတ်မှစတင်၍ ထွန်းကားလာခဲ့ရာ ယခုအချိန်ထိဆိုလျှင် နှစ်ပေါင်း ၁၀၀၀ ကျော်ခဲ့ပြီဖြစ်သည်။ မြန်မာစာပေခရီးတစ်လျှောက်တွင် ရေးသားပြုစုခဲ့သည့် စာပေပညာရှင်များစွာပေါ်ထွန်းခဲ့သလို ရေးသားခဲ့သည့်စာပေအမျိုးအစားမှာလည်း ပုံစံအမျိုးမျိုးတွေ့ရသည်။ စာပေရေးသားသူများတွင်-

(၁) ရဟန်းပညာရှိ
(၂) သာမဏေပညာရှိ
(၃) ဖိုးသူတော်ပညာရှိ
(၄) သီလရှင်ပညာရှိ
(၅) ရှင်ဘုရင်ပညာရှိ
(၆) မိဖုရားပညာရှိ
(၇) မင်းသားပညာရှိ
(၈) မင်းသမီးပညာရှိ
(၉) မှူးမတ်ပညာရှိ
(၁၀) ပုဏ္ဏားပညာရှိ
(၁၁) အမျိုးသားပညာရှိ
(၁၂) အမျိုးသမီးပညာရှိ

စသည်ဖြင့် အလွှာအသီးသီးမှ လူတန်းစားအသီးသီး ပေါ်ထွန်းခဲ့သည်။

ရေးသားပြုစုခဲ့သော စာပေများမှာလည်း အမျိုးအစားစုံလင်လှသည်။ စကားပြေ၊ ရတု၊ ရကန်၊ ပျို့၊ လင်္ကာ၊ အဲ၊ အန်၊ လူးတား စသည်ဖြင့် စာပေပုံစံစုံလင်လှသည်။ စာပေအရေးအဖွဲ့ပုံစံများသည် တစ်ခေတ်နှင့်တစ်ခေတ် မတူပေ။ ခေတ်အလိုက်တိုးတက်ပြောင်းလဲလျက်သာရှိသည်။ ပုဂံခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်ဟူ၍ရှိရာတွင် စာပေပုံစံတို့သည် ခေတ်အလိုက် ပြောင်းလဲခဲ့သည်။ ပုဂံခေတ်တွင် ကျောက်စာစကားပြေအတွေ့ရများပြီး ကဗျာ၊ လင်္ကာတွေ့ရမှုနည်းသည်။ အင်းဝခေတ်တွင်မူ ပျို့၊ ရတု၊ မော်ကွန်း စသည်ဖြင့်အရေးများသည်။ တောင်ငူခေတ်တွင် ရတု၊ ချေင်း အတွေ့ရများသည်။ ညောင်ရမ်းခေတ်တွင် ခံ့ညားထည်ဝါသော စကားပြေကျမ်းကြီးများပေါ်ထွန်းခဲ့သည်။ ကုန်းဘောင်ခေတ်တွင်မူ စာပေအမျိုးအစားများ စုံလင်စွာဖူးပွင့်သောကာလကြီးဟု ဆိုနိုင်သည်။ ကုန်းဘောင်ခေတ်တွင် စကားပြေ၊ ပျို့၊ ကဗျာ၊ ချေင်း၊ ရတု၊ မော်ကွန်း စုံလင်စွာထွက်ပေါ်ခဲ့သည်။

ပုဂံခေတ်မှလျှောက်လှမ်းခဲ့သော မြန်မာစာပေခရီးသည် ပန်းခင်းသောလမ်းချည်း လျှောက်လှမ်းခဲ့ရသည် မဟုတ်ပေ။ ခက်ခဲကြမ်းတမ်းသောလမ်းများကိုလည်း ဖြတ်သန်းခဲ့ရသည်။ ခေတ်အဆက်ဆက်တွင် စာပေပညာရှင်များက စာပေများစွာကို ပြုစုခဲ့ကြမည်မှာ မှန်သော်လည်း အချို့စာပေများသည် စစ်ဒဏ်၊ သဘာဝဘေးဒဏ်၊ ကိုလိုနီနယ်ချဲ့ဒဏ်၊ ပိုးမွှားခြတို့၏ဒဏ်၊ မသမာသူတို့၏ တရားမဝင်ခိုးယူရောင်းချခြင်းဒဏ် စသည့်ဘေးဒဏ်အမျိုးမျိုးကြောင့် ပျက်စီးခဲ့ရသည်။ လွန်စွာနမြောဖို့ကောင်းသည်။

ရှေးဟောင်းစာပေများသည် ထိုကဲ့သို့ဘေးဒဏ်အမျိုးမျိုးကြောင့် ပျောက်ပျက်ခဲ့ရသလို တချို့မှာဖော်ထုတ်သူမရှိခြင်းကြောင့် တိမ်မြုပ်နေသည့်စာပေများလည်းရှိသည်။ ဘုန်းတော်ကြီးကျောင်းများ၊ စာကြည့်တိုက်ကြီးများ၊ ဝါသနာရှင်တို့စုဆောင်းထားသော စာအုပ်စင်များတွင် ပေ၊ ပုရပိုက်မှုဖြင့် တိမ်မြုပ်နေသော စာပေများစွာရှိသည်။ ထိုကဲ့သို့တိမ်မြုပ်နေသောစာပေများတွင် နှစ်ကျိပ်ရှစ်ဆူပျို့နှင့် စာဆိုဦးပျော်လည်း ပါဝင်ခဲ့ပေသည်။

နှစ်ကျိပ်ရှစ်ဆူပျို့သည် တိမ်မြုပ်နေသောပျို့တစ်စောင်ဖြစ်သည်။ ရှားပါး၍သိသူနည်းသည်။ ပုံနှိပ်မှုဖြင့်မရှိသေးသောကြောင့် သိသူမများလှပေ။ နှစ်ကျိပ်ရှစ်ဆူပျို့သည် ပိုဒ်ရေ ၃၇ ပိုဒ်၊ နိဂုံးငါးပိုဒ်နှင့်စုစုပေါင်း ၄၂ ပိုဒ်ရှိသည်။ ပျို့ကို "အရည်ကင်၊ ဓုတင်ရအောင်" ဟူသောစကားဖြင့် အစချီထားသည်။ နှစ်ကျိပ်ရှစ်ဆူပျို့သည် ကုန်းဘောင်ခေတ်လယ်ကာလ တစ်နည်း အမရပူရခေတ်တွင် ပေါ်ထွန်းခဲ့သော ပျို့တစ်စောင်ဖြစ်သည်။ နှစ်ကျိပ်ရှစ်ဆူပျို့ ရေးသားပြုစုပြီးခဲ့သောနှစ်ကို ပျို့နိဂုံး၌-

"ရေးထပြီးလစ်၊ သက္ကရာဇ်မှ
ထောင်ပြုတရာ၊ ရှစ်ဆယ်သာ၍
စွန်းပါသုံးခု၊ နွေရတုဟု
လူလူပဋ္ဌန်၊ ကျမည်ပုံနှင့်
ကဆုံပေါ်ထ၊ ဆန်းလစတွင်
သာလှသိမ်မွေ့၊ နေ့ကားဂဋ္ဌန်
ဌက်အကြံုက၊ အာဒိစ၍
ရေးထစိတ်ဖြူ၊ ကန့်ကူညွှန်ကာ
ဝမ်းသာနှစ်ခြိုက်၊ ပုရပိုက်တွင်
ကမ္ပည်းတင်၍၊ ညဏ်ရှင်ထိုက်ထိုက်
ရေးခဲ့လိုက်သည်"ဟူ၍ ရေးဖွဲ့ထားသည်။ ထို့ကြောင့် နှစ်ကျိပ်ရှစ်ဆူပျို့သည် ၁၁၈၃ ခုနှစ် ကဆုန်လဆန်း တစ်ရက် တနင်္ဂနွေနေ့(၁၈၂၁ ခုနှစ် ဧပြီ ၁ ရက်) တွင် ရေးသားပြုစုပြီးခဲ့သောပျို့ဖြစ်ကြောင်း သိရသည်။ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက် ရေးသားပြုစုပြီးခဲ့သောပျို့ပင်ဖြစ်သည်။ ဤတွင် ရှေးက စာပေရေးသားပြုစုကြပုံနှင့်စပ်လျဉ်း၍ မှတ်သားဖွယ်ရာတွေ့ရသည်။ ရှေးက စာပေရေးသားပြုစုရာတွင် အရင်ဆုံးကံ့ကူဆံဖြင့် ပုရပိုက်တွင်ရေးသည်။ နောက်မှ ပေထက်သို့တင်ကြခြင်းဖြစ်သည်။ ပုရပိုက်တွင် အရင်ရေးခြင်းမှာ ဖျက်ရပြင်ရလွယ်ကူခြင်းကြောင့်ဖြစ်သည်။ နှစ်ကျိပ်ရှစ်ဆူပျို့တွင် ပုရပိုက်တွင်အရင်ရေးသည့်အကြောင်းကို ရေးဖွဲ့ထားပေသည်။

> ❖ နှစ်ကျိပ်ရှစ်ဆူပျို့ကိုရေးသားခဲ့သူမှာ စလင်းခြောက်မြို့အပိုင် ဆင်ကျုံးရွာဇာတိ လူပညာရှိဦးပျော်ဖြစ်သည်။ ဦးပျော်သည် ဘကြီးတော်စစ်ကိုင်းမင်း၏ ကျွန်ယုံတော်ဖြစ်သည်။ ဘကြီးတော်စစ်ကိုင်းမင်းနန်းတက်စ ရွှေနန်းသိမ်းပွဲသဘင်တွင် တော်နေရာ၌ခစားရန်ချီးမြှင့်ခံရသည်။ စာဆို၏ဇာတိသည် အမရပူရမြို့ အနောက်တောင်ယွန်း တာခြောက်သောင်းအကွာတွင် တည်ရှိသော စလင်းခြောက်မြို့အပိုင် ဆင်ကျုံးရွာဇာတိဖြစ်သည်။ ဦးပျော်သည် ခေတ်မီသည်ဟုဆိုနိုင်သည်။ သူ၏ဇာတိမွေးဖွားရာဒေသ၊ အမည်တို့ကို နောင်းလူတို့အမှတ်မမှားစေရန် နှစ်ကျိပ်ရှစ်ဆူပျို့နိဂုံးတွင် ဇာတိနှင့်အမည်ကို ထည့်သွင်းဖွဲ့ဆိုခဲ့သည်။ ❖

နှစ်ကျိပ်ရှစ်ဆူပျို့ကိုရေးရာတွင် ရက်ပေါင်း ၁၅ ရက်သာကြာမြင့်ခဲ့သည်ကို တွေ့ရသည်။ ထိုအကြောင်းကို စာဆိုကိုယ်တိုင်က-

"နှစ်လီနှစ်ပါတ်၊ နေ့မြတ်တနင်္ဂနွေ
ရက်ရေဆယ့်ငါး၊ စီထားပြုစု
ပြီးကြောင်းရှုသည်"ဟူ၍ ရေးဖွဲ့ထားသည်။

နှစ်ကျိပ်ရှစ်ဆူပျို့သည် ပွင့်တော်မူပြီးသော ဘုရား ၂၈ ဆူ၏ ဗုဒ္ဓဝင်ကို ရေးဖွဲ့ထားခြင်းဖြစ်သည်။ ပိုဒ်ရေသုံး တဏှင်္ကရာဘုရားအကြောင်းမှစ၍ ပိုဒ်ရေ ၃၃ ဂေါတမဘုရားထိ ရေးဖွဲ့ထားသည်။ ဘုရားတစ်ဆူလျှင် တစ်ပိုဒ်နှုန်းဖြင့် ရေးဖွဲ့ထားခြင်းဖြစ်သည်။ ဘုရားတစ်ဆူအကြောင်းကို ဖွဲ့ဆိုရာတွင် ဘုရားဖြစ်ရာပြည်၊ ခမည်းတော်၊ မယ်တော်အမည်၊ အရပ်တော်၊ တောထွက်ရာယာဉ်၊ ဒုက္ကရစရိယာကျင့်ရက်၊ ပလ္လင်တော်အမြင့်၊ ဗောဓိပင်၊ အရောင်တော်၊ အသက်တော်၊ လက်ဝဲလက်ယာရံ၊ အလုပ်အကျွေးမထေရ်၊ အမျိုးအနွယ်စသည်တို့ကို ပါဝင်အောင်ဖွဲ့ဆိုထားသည်။

**ပျို့ဇာတ်ဆို**

နှစ်ကျိပ်ရှစ်ဆူပျို့ကိုရေးသားခဲ့သူမှာ စလင်းခြောက်မြို့အပိုင် ဆင်ကျုံးရွာဇာတိ လူပညာရှိဦးပျော်ဖြစ်သည်။ ဦးပျော်သည် ဘကြီးတော်စစ်ကိုင်းမင်း၏ကျွန်ယုံတော်ဖြစ်သည်။ ဘကြီးတော်စစ်ကိုင်းမင်း နန်းတက်စရွှေနန်းသိမ်းပွဲသဘင်တွင် တော်နေရာ၌ခစားရန် ချီးမြှင့်ခံရသည်။ စာဆို၏ဇာတိသည် အမရပူရမြို့အနောက်တောင်ယွန်း တာခြောက်သောင်းအကွာတွင်တည်ရှိသော စလင်းခြောက်မြို့အပိုင် ဆင်ကျုံးရွာဇာတိဖြစ်သည်။ ဦးပျော်သည် ခေတ်မီသည်ဟုဆိုနိုင်သည်။ သူ၏ဇာတိမွေးဖွားရာဒေသ၊ အမည်တို့ကို နောင်းလူတို့ အမှတ်မမှားစေရန် နှစ်ကျိပ်ရှစ်ဆူပျို့နိဂုံးတွင် ဇာတိနှင့်အမည်ကို ထည့်သွင်းဖွဲ့ဆိုခဲ့သည်။ ထိုသို့ဖွဲ့ဆိုရာတွင် စလင်းမြို့၏သမိုင်းကြောင်း၊ ဇာတိရွာ၏သမိုင်းကြောင်းတို့ကိုပါထည့်သွင်း၍ ဝေဝေဆာဆာဖွဲ့ဆိုထားသည်။ နှစ်ကျိပ်ရှစ်ဆူပျို့နိဂုံး ပိုဒ်ရေတစ်တွင် ထိုအကြောင်းများကို အောက်ပါအတိုင်းဖွဲ့ဆိုထားသည်။

ကမ္ဘာပြည်နေ၊ လေးသချေ်နှင့်၊ စွန်းနေတွက်ကိန်း၊ တသိန်းထွန်းပေါ်၊ ရေသော်မှန်စွာ၊ ဆယ့်တခါတွင်၊ သညာတွက်ဆ၊ ငါးမည်ရ၍၊ ပွင့်ထမာန်နှိပ်၊ နှစ်ကျိပ်ရှစ်ဆူ၊ မြတ်ရှင်ဖြူတို့၊ ပွင့်မူနေတည်၊ ရွှေပြည်ထင်ပေါ်၊ မယ်တော်ဖမင်း၊ မကွင်းတောက်ပ၊ ဖော်ထုတ်ပြ၍၊ ရသဂမ္ဘီ၊ စာအဆီကို၊ ပန်းချီဆေးစုံ၊ ခြူနွယ်ရုံသို့၊ လုံးစုံချီညာ၊ ဤကဗျာကို၊ ကျမ်းလာဖော်ဆို၊ ဘယ်ပုဂ္ဂိုလ်လျှင်၊ ဆိုတော်မူဘိ၊ တွေးရန်ရှိ၍၊ ဇာတိဌာန၊ ဖော်ထုတ်ပြအံ့၊ ဘိုးကသက်ဆင်း၊ နေရင်းဘုမ္မိ၊ မြို့ဇာတိကား၊ နှံ့သိကြော်ငြာ၊ မင်းတရာတို့၊ ပဏ္ဏာဆက်သ၊ ထီးပေါင်းခသည့်၊ အမရပူရ၊ သိင်္ဂ်အောင်ခန်း၊ ရွှေဘုံနန်း၏၊ နောက်ယွန်းထောင့်မှာ၊ ခြောက်သောင်းကွာတွင်၊ ထုံးလာညီနှိုင်း၊ သမိုင်းကြည်မူ၊ ခြောက်ရာပြုက၊ ဇမ္ဗူမှန်ကူ၊ လောင်းစည်သူလျှင်၊ ဖောင်ဖြူစကြာ၊ လှည့်လည်လာ၍၊ မြို့ရာမြို့ခင်း၊ နိမိတ်နင်းတွင်၊ နတ်မင်းပြလာ၊ သမ္မာဒေဝ၊ စောင့်ကူမ၍၊ ကာလနောက်နောင်၊ ရှည်မြင့်အောင်ကို၊ တဘောင်သြဘာ၊ နိမိတ်မှာမူ၊ မိဂါမည်ညား၊ သမင်သားကို၊ ကျားအစာလင့်၊ တွေ့သည်နှင့်ပင်၊ ခါလင့်ရင်ကို၊ စာလင်သမုတ်၊ ရွှေအာလုပ်ဖြင့်၊ သရုပ်ပုံခင်၊ ကြားတိုင်းရွှင်၍၊ ငါးအင်ခေါ်ဝေါ်၊ သတင်းကျော်သည်၊ မိုးပေါ်သိကြား၊ မျိုးမပြားတည့်၊ ထပ်ပွားခရိုင်၊ ခြောက်မြို့ပိုင်သည်၊ မြေတိုင်ထိုထီး၊ မြို့သူကြီးလည်း၊ ဘုန်းမီးနေလ၊ ထွန်းတောက်ပသည်၊ သာသနဒါယကာ၊ မဟာဓမ္မရာဇ်၊ တက်သစ်နေကူ၊ ဆင်ဖြူသခင်၊ စကြာရှင်၏၊ သဘင်အောင်ကိန်း၊ ရွှေနန်းသိမ်းတွင်၊ မတိမ်းမှုကုန်၊ ငယ်ကျွန်ယုံဟု၊ စေ့စုံလက်နက်၊ ဝံ့ရဲချက်နှင့်၊ မပျက်သစ္စာ၊ တည်တန့်စွာဖြင့်၊ မင်္ဂလာတဘောင်၊ ပွဲဦးအောင်ဟု၊ ဆောင်ယောင်ကြီးကျယ်၊ စလွယ်ကိုးဆင့်၊ ဇောင်းကိုဖွင့်၍၊ ချီးမြှင့်တူစွာ၊ တော်နေရာဟု၊ မဟာသမန်းကျော်၊ ရွှေနန်းပေါ်က၊ ပွဲတော်ပေးသ၊ ရွှေခွန်းဟ၍၊ ချီးပအုပ်စုံ၊ ရွှေနိုဘုံဝယ်၊ ရေးပုံအကွရာ၊ မေတ္တာထူးမြတ်၊ သင်းကျစ်တပ်၍၊ စိုးကွပ်ပိုင်နင်း၊ စလင်းခြောက်မြို့၊ အင်မချို့တွင်၊ နတ်တို့ပျော်ရာ၊ ဝတီသာသို့၊ လယ်ယာဥယျာဉ်၊ ပန်းမာလ်စုံလှ၊ ငါးမြို့ခသည်၊ မြို့မဥပစာ၊ နောက်မျက်နှာတွင်၊ ငါးကြာထုံသင်း၊ ဆဒ္ဒန်အင်းသို့၊ ဆင်မဂုဏ်အင်၊ ဆင်ကျုံးတွင်သည်၊ မွေရှင်ဓာတ်တော်၊ ကိန်းဝပ်ပျော်၍၊ ကျောင်းတော်ဝေယံ၊ ဗိမာန်သာမော၊ နတ်ဘုံလျောသို့၊ အံ့သြမဆုံး၊ တိုင်းလုံးသိစေ၊ ထိုရွာနေလျှင်၊ ခွဲဝေသိတင်၊ ညဏ်သစ်ဆင်၍၊ အရှင်ဘုန်းမိုး၊ ကျွန်အားတိုး၍၊ လဲမိုးဂုဏ်လွှန်၊ ထိုမင်းကျွန်လျှင်၊ အလွန်သာယာ၊ ဤဖတ်စာကို၊ နောင်လာရှုမျှော်၊ ကျိုးကြောင်းပေါ်၍၊ မောင်ပျော်တွင်သူ၊ ကျွန်ပ်မူကား၊ တဆူတိသာ၊ ကျမ်းရွှေစာကို၊ လင်္ကာကုံးယူ၊ တံဆောင်ထူသို့၊ နိဗ္ဗူရွှေပြည်၊ ရောက်လိုသည်ဟု၊ စိတ်ကြည်သဒ္ဓါ၊ စီကုံးပါသည်။ ။ဤခါကမ္ဘာ တဆောင်းတည်း။ ။

ဦးပျော်၏ အမြော်အမြင်ကြီးမှုကြောင့်သာ ဦးပျော်သည် စလင်းမြို့အပိုင် ဆင်ကျုံးရွာဇာတိဖြစ်ကြောင်း သိရပေသည်။ ဦးပျော်၏မွေးဖွားနှစ်၊ ကွယ်လွန်ရာနှစ်တို့ကို တိတိကျကျမသိရသေးပေ။ ထပ်မံသုတေသနပြုဖော်ထုတ်ရဦးမည်ဖြစ်သည်။

ကျွန်တော်ရှာဖွေတွေ့ရှိထားသော ဦးပျော်၏ နှစ်ကျိပ်ရှစ်ဆူပျို့တွင် ပျို့ပိုဒ်ရေ ၄၂ ပိုဒ်သာမက နှစ်ကျိပ်ရှစ်ဆူသောဘုရားရှင်တို့၏အမည်နှင့် ဗုဒ္ဓဝင်အကျဉ်းချုပ်စာရင်းများပါရှိပေသည်။ ဥပမာအားဖြင့်ဆိုရလျှင် ဂေါတမဘုရားရှင်၏ ဗုဒ္ဓဝင်အကျဉ်းချုပ်စာရင်းကို ဤသို့ဖော်ပြထားသည်။

**ဂေါတမဘုရား**

| | |
|---|---|
| ဂေါတမဘုရားပြည်တော် | - ကပိလဝတ် |
| မယ်တော် | - သီရိမဟာမာယာဒေဝီ |
| ခမည်းတော် | - သုဒ္ဓေါဒနရာဇာ |
| အရပ်တော် | - ၁၈ တောင် |
| ယာဉ်တော် | - ကဏ္ဍကမြင်း |
| ဒုက္ကရစရိယာအကျင့်တော် | - ခြောက်နှစ် |
| ပလ္လင်တော် | - ၁၄ တောင် |
| ဗောဓိတော် | - ညောင်ဗုဒ္ဓဟေပင် |
| အရောင်တော် | - ၁၆ တောင် |
| အသက်တော် | - နှစ် ၈၀ |
| ရဟန်းယောကျ်ားလက်ယာရံ | - သာရိပုတ္တရာထေရ် |
| ရဟန်းယောကျ်ားလက်ဝဲရံ | - မောဂ္ဂလ္လာန်ထေရ် |
| အလုပ်အကျွေးတော် | - အာနန္ဒာထေရ် |
| အမျိုးတော် | - မင်းမျိုး |
| ရဟန်းမိန်းမလက်ယာရံ | - ခေမာထေရီ |
| ရဟန်းမိန်းမလက်ဝဲရံ | - ဥပ္ပလဝဏ္ဏာထေရီ |

ဟူ၍ဖြစ်သည်။ နှစ်ကျိပ်ရှစ်ဆူပျို့ကို ဖတ်ရှုလေ့လာလိုက်လျှင် နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့၏ဖြစ်တော်စဉ်ကို အလွယ်တကူမှတ်သားနိုင်မည်ဖြစ်သည်။

ဦးပျော်ရေးသော နှစ်ကျိပ်ရှစ်ဆူပျို့အပြင် နောက်ထပ်နှစ်ကျိပ်ရှစ်ဆူပျို့ဟူ၍ ရှိပါသေးသည်။ မင်းရဲမင်းလှကျော်ထင်ပြုစုသော နှစ်ကျိပ်ရှစ်ဆူပျို့ဖြစ်သည်။ ဦးပျော်ရေးသော နှစ်ကျိပ်ရှစ်ဆူပျို့ကို ယခုအခါရှာဖွေတွေ့ရှိထားပြီးဖြစ်သည်။ ပေမူမှ ကွန်ပျူတာမူသို့ကူးယူထားပြီးဖြစ်သည်။ ဦးပျော်၏ နှစ်ကျိပ်ရှစ်ဆူပျို့သည် ပုံနှိပ်မူသို့ရောက်သင့်လှသော ပျို့တစ်စောင်ဖြစ်သည်။ ပုံနှိပ်မူသို့ရောက်မှသာ မြန်မာစာပေပညာရှင်များ၊ သမိုင်းသုတေသီများ၊ စာပေချစ်မြတ်နိုးသူများ ဖတ်ရှုလေ့လာနိုင်မည်ဖြစ်ပါသည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၄၅၄ ဧက စိုက်ပျိုးပြီးစီး

**ယင်းမာပင် နိုဝင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၄၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။



ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ငရုတ် ၁၅၇၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ငရုတ် ၁၅၇၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ငရုတ် ၁၄၅၄ ဧက စိုက်ပျိုးပြီးပါပြီ။ ငရုတ်သီးနှံစိုက်ပျိုးတောင်သူတွေကို ငရုတ်သီးနှံအထွက်နှုန်းကောင်းဖို့ စိုက်ပျိုးနည်းစနစ်တွေ၊ ပိုးမွှားကာကွယ်နှိမ်နင်းနည်းတွေ၊ မြေဆီလွှာအာဟာရဖွံ့ဖြိုးတိုးတက်နည်းတွေကို သက်ဆိုင်ရာ မြို့နယ်၊ ခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းတွေက အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်"ဟု ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် ငရုတ် စိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၃၅၈ ဧက၊ ပုလဲမြို့နယ်တွင် ၉၆ ဧက စုစုပေါင်း ၁၄၅၄ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၁၂၁ ဧက၊ ဆားလင်းကြီး မြို့နယ်တွင် ၂၂၉ ဧက၊ ပုလဲမြို့နယ်တွင် ၂၂၅ ဧက စုစုပေါင်း ၁၅၇၅ ဧကဖြစ်ကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ငရုတ် ၁၀၈၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိစိုက်ပျိုးခဲ့ရာ ယင်းမာပင်မြို့နယ်တွင် ၄၀၁ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၆၈၅ ဧက၊ ပုလဲမြို့နယ်တွင် ၂၂ ဧက စုစုပေါင်း ၁၁၀၈ ဧကဖြစ်ကြောင်း သိရသည်။

ငရုတ်သီးနှံကို စတင်စိုက်ပျိုးချိန်မှ အသီးသီးချိန်ထိ ကုန်ကျစရိတ်မှာ တစ်ဧကလျှင်ငွေကျပ် ၁၅ သိန်းရှိကာ ငရုတ်သီးနှံသည် ၁၅ ရက်တစ်ကြိမ်ခူးဆွတ်ရပြီး ခြောက်လထိ ခူးဆွတ်၍ရကြောင်း၊ အထွက်နှုန်းမှာ တစ်ဧကလျှင် စတင်ခူးဆွတ်ချိန်၌ ပိဿာ ၁၀၀ ခန့်ထွက်ရှိပြီးနောက် ထပ်ခူးဆွတ်ချိန်တွင် ပိဿာ ၄၀၀ နှင့် ပိဿာ ၅၀၀ ကြားရရှိကြောင်း သိရသည်။ (၂၀၆)

# ဟိုပုံးမြို့နယ် ရန်ကင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် တံတားများတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဟိုပုံး နိုဝင်ဘာ ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များ ကုန်ကျစရိတ်သက်သာစွာ ဈေးကွက်အတွင်းသို့ လျင်မြန်စွာ ရောက်ရှိစေရန် ရည်ရွယ်၍ လွယ်အွန့်ကျေးရွာအုပ်စု ရန်ကင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလွင်မြင့်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ရန်ကင်းကျေးရွာတွင် အရှည်လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသားနှစ်ပေ၊ သဲဖြူနုံးကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ၄င်းလမ်းပေါ်တွင် ကုန်ထုတ်တံတားငါးစင်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီရေး၊ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းနှင့် တံတားများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်မူလခွင့်ပြုရန်ပုံငွေကျပ် ၂၅ ဒသမ ၃၃၄ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများနှင့်ကျေးရွာသူ၊ ကျေးရွာသားများပူးပေါင်း၍ ယခုနှစ် ဩဂုတ်လတတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက အဆိုပါ ကျေးရွာရှိ အိမ်ခြေ ၁၄၆ အိမ်၊ လူ ၇၀၆ ဦးတို့၏ လယ်ယာဧကများမှ ထွက်ရှိသည့် စပါး၊ပြောင်းနှင့်အခြားသောစိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်ထံမှ သိရသည်။

**ရှိုသန်းညွန့်**

## လမ်းပြသူ

- လှမ်းခဲ့ပါ
  လမ်းမဲ့လာ ခရီးသွား၊
  အမှောင်ဖယ် အလင်းတစ်ကွက်က
  "မင်း"တွက် အင်အား။

- လွဲမှားမှု ကံကြမ္မာ
  မှန်ကန်စွာ တည့်မတ်ရေး၊
  ကရုဏာ စိတ်အလှနဲ့
  လမ်းပြတယ်လေး။

- စွမ်းအားပြည့် ဉာဏ်မီးအိမ်
  တထိန်ထိန် တဝင်းဝင်း၊
  ရှေ့ဆက်ရာ အနာဂတ်
  ပေးအပ်အလင်း။

- လွှမ်းမိုးခြင်း အရိပ်မှောင်
  လွတ်မြောက်အောင် ဖေးကူမ၊
  စေတနာ မေတ္တာတရားက
  လူသားဆန်လှ။

- အလင်းက သိပညာ
  ခွဲဖြာမှာ ကောင်းအဆိုး၊
  မြင့်မြတ်ဂုဏ် မွေ့ပျော်မှုနဲ့
  ပြုများအကျိုး။

- ရိုးသားတဲ့ ဆရာမွန်
  လမ်းကောင်းညွှန် စဉ်အမြဲ
  တပည့်ပေါ် ကရုဏာဖက်လို့
  မြင့်ဘက်သို့ဆွဲ။

- ရဲရင့်လို့တည်ကြည်
  ပိုင်ထားသည် မြတ်ဂုဏ်ပုဒ်၊
  အယူအမျှော်မမြင်
  သူတော်စင် ကျင့်ဝတ်နဲ့
  (တပည့်တွေကို. . .)
  ကွပ်ကဲထိန်းချုပ်။ ။

**ချမ်းမြေ့(ဇလွန်မြေ)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်း၏အယူခံလျှောက်ထားမှု ပါကစ္စတန်တရားလွှတ်တော်ချုပ် လက်ခံ

**အစ္စလာမ်မာဘတ် နိုဝင်ဘာ ၂၂**

ဖမ်းဆီးထိန်းသိမ်း ခံထားရသည့် ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်း၏ အာမခံလျှောက်ထားမှုကို ပါကစ္စတန် တရားလွှတ်တော်ချုပ်က ယနေ့တွင် လက်ခံခဲ့ကြောင်း သိရသည်။

အစိုးရလျှို့ဝှက်ချက် ပေါက်ကြားမှုဖြင့် အီမရန်ခန်းအား တရားစွဲဆိုမှုမှာ တရားမဝင်ကြောင်း အခြားတရားရုံးတစ်ရုံးက ကြေညာခဲ့ပြီးနောက် အီမရန်ခန်း၏ အာမခံလျှောက်ထားမှုကို ပါကစ္စတန်တရားလွှတ်တော်ချုပ်က လက်ခံခဲ့ခြင်းဖြစ်သည်။

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းသည် လာမည့်နှစ် အထွေထွေရွေးကောက်ပွဲမတိုင်မီ အကျဉ်းထောင်မှ ပြန်လွတ်ရေးနှင့် ရွေးကောက်ပွဲမဲဆွယ်လှုပ်ရှားမှုများ၌ ပါကစ္စတန် တစ်ရက်ခ်အီးအင်းဆက်ဖ်ပါတီကို ဦးဆောင်ခွင့်ရရန် ရင်းရင်ဆိုင်နေရသည့် စွဲချက်အမျိုးမျိုးကိုဖြေရှင်းရန် ကြိုးပမ်းလျက်ရှိသည်။

အသက် ၇၁ နှစ်ရှိ ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းသည် ဝန်ကြီးချုပ်တာဝန် ရယူထားစဉ်အတွင်း နိုင်ငံပိုင် လက်ဆောင်ပစ္စည်းများအား တရားမဝင်ရောင်းချမှုဖြင့် ယခုနှစ်ဩဂုတ်လတွင် ထောင်ဒဏ်သုံးနှစ် ချမှတ်ခံထားရကြောင်း သိရသည်။

လက်ရှိအချိန်တွင်အီမရန်ခန်း၏ အာမခံလျှောက်ထားမှုကိုပါကစ္စတန် တရားလွှတ်တော်ချုပ်က လက်ခံထားပြီး တရားခံ၊ တရားလို နှစ်ဖက်လျှောက်လဲချက်များကိုကြားနာပြီးနောက်ဆုံးပြစ်ဒဏ်ချမှတ်မည်ဖြစ်ကြောင်း အီမရန်ခန်း၏ အကျိုးဆောင်ရှေ့နေများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် အီမရန်ခန်း၏ အာမခံလျှောက်ထားမှုကို ကြားနာရေးအတွက် ပါကစ္စတန်တရားလွှတ်တော်ချုပ်က နေ့ရက်သတ်မှတ်ထားခြင်းမရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ယားစ်အမျိုးအစားတိုက်ချင်းပစ် ဒုံးကျည်သစ်တစ်စင်းကို မော်စကိုမြို့အနောက်တောင်ပိုင်း၌ ရုရှားဖြန့်ကြက်



**မော်စကို နိုဝင်ဘာ ၂၂**

ရုရှားနိုင်ငံသည် ယားစ်အမျိုးအစားတိုက်ချင်းပစ်ဒုံးကျည်သစ်တစ်စင်းကို မော်စကိုမြို့အနောက်တောင်ပိုင်း ကာလူဂါဒေသ ကိုဇဲလ်စစ်စခန်း၌ ဖြန့်ကြက်ထားကြောင်း ရုရှားပြည်တွင်းမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

၂၀၀၀ ပြည့်နှစ် ကာလများအတွင်းစတင်တည်ဆောက်ခဲ့သည့် ယားစ်တိုက်ချင်းပစ် ဒုံးကျည်များသည် သာမိုနျူကလီးယားထိပ်ဖူးအများအပြားသယ်ဆောင်နိုင်သည့် တိုက်ချင်းပစ်ဒုံးကျည်အမျိုးအစားဖြစ်သည်။

ထို့ပြင် ယားစ်တိုက်ချင်းပစ် ဒုံးကျည်များသည် အမေရိကန်နိုင်ငံနှင့် မဟာမိတ်များ အသုံးပြုနေသောဒုံးကျည်ကာကွယ်ရေးတံတိုင်းကို ထိုးဖောက်နိုင်ကြောင်း ရုရှားစစ်ဘက်က ပြောကြားထားသည်။

ကိုဇဲလ်ဒေသအခြေစိုက် ဒုံးကျည်တပ်ဖွဲ့သည် မြေအောက်ဒုံးပစ်ကျင်းအခြေစိုက် ယားစ်တိုက်ချင်းပစ်ဒုံးကျည်များကို စတင်ရယူနိုင်ခဲ့သည့် ပထမဆုံးသော ရုရှားမဟာဗျူဟာဒုံးကျည်တပ်ဖွဲ့ဖြစ်သည်။

ရုရှားစစ်ဘက်သည် အခြားစစ်ဒေသများ၌ ယားစ်ဒုံးကျည်များကို ဖြန့်ကြက်ရာတွင် နေရာရွှေ့ပြောင်းနိုင်သော ယာဉ်တင်ဒုံးကျည်စနစ်များအဖြစ် ဖြန့်ကြက်ခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံအနေဖြင့် ရေတပ် မဟာဗျူဟာ နျူကလီးယားတပ်များ တည်ဆောက်ရေးအတွက် အာရုံစိုက်နေကြောင်း ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူးက ပြောကြားခဲ့ပြီး တစ်ရက်အကြာတွင် ရုရှားစစ်ဘက်က ကိုဇဲလ်စစ်ဒေသ၌ မြေအောက်ဒုံးပစ်ကျင်းအခြေစိုက်တွင် ယားစ်တိုက်ချင်းပစ်ဒုံးကျည်ကို ဖြန့်ကြက်ထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေး သက်ဆိုင်ရာအစုအဖွဲ့အားလုံးနှင့်သက်ဆိုင်ကြောင်း တရုတ်ပြောကြား

**ပေကျင်း နိုဝင်ဘာ ၂၂**

ကိုရီးယားကျွန်းဆွယ်ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးသည် သက်ဆိုင်ရာအစုအဖွဲ့အားလုံးနှင့် အကျိုးသက်ဆိုင်မှုရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ပထမဆုံးစစ်သုံးသူလျှိုဂြိုဟ်တုကို အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံက ကြေညာခဲ့ပြီးနောက် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဆိုပါတုံ့ပြန်ချက်ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား၏ ဂြိုဟ်တုလွှတ်တင်မှု ကြေညာချက်နှင့် သက်ဆိုင်ရာအစုအဖွဲ့များ၏တုံ့ပြန်ချက်များကို တရုတ်နိုင်ငံအနေဖြင့် စောင့်ကြည့်နေခဲ့ကြောင်း၊ကိုရီးယားကျွန်းဆွယ်ဒေသ၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့ကို ထိန်းသိမ်းထားနိုင်ရေးသည် ဒေသတွင်းနိုင်ငံအားလုံးနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက သတင်းစာရှင်းလင်းပွဲ၌ ထုတ်ဖော်ပြောကြားခဲ့သည်။

စစ်ဘက်သုံး သူလျှိုဂြိုဟ်တုတစ်စင်းကို နိုဝင်ဘာ ၂၁ရက်တွင် ကမ္ဘာပတ်လမ်းကြောင်း ပေါ်သို့ ပထမဆုံးအကြိမ်အဖြစ် အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံက ကြေညာထားသည်။

မြောက်ကိုရီးယား နိုင်ငံသည် ယခင်က သူလျှိုဂြိုဟ်တုများလွှတ်တင်ရေးအတွက် နှစ်ကြိမ်တိုင်တိုင်ကြိုးစားခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ကြောင်း သိရသည်။

မယ်လီယောင်း-၁ အမည်ရှိ သူလျှိုဂြိုဟ်တုကို မြောက်ကိုရီးယားနိုင်ငံက လွှတ်တင်ခဲ့ပြီးနောက် တောင်ကိုရီးယားနိုင်ငံသည် ၂၀၁၈ ခုနှစ်က မြောက်ကိုရီးယားနှင့် ရယူထားသည့် စစ်ဘက်ဆိုင်ရာသဘောတူညီချက်တစ်ရပ်ကို ရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



## ဥတ္တရာခန်းဥမင်အတွင်း ပိတ်မိနေသူများထံသို့ ထမင်း၊ ဟင်းများပေးပို့ခဲ့ဟု အိန္ဒိယအစိုးရပြောကြား

**ဒေလီ နိုဝင်ဘာ ၂၂**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာခန်းပြည်နယ်အဝေးပြေးလမ်း ဥမင်စီမံကိန်းမြေပြိုမှုတွင် ရက်သတ္တပတ်ကျော်ကြာပိတ်မိနေခဲ့သည့် အလုပ်သမား ၄၁ ဦးတို့ထံ နိုဝင်ဘာ ၂၁ ရက်တွင် ထမင်း၊ ဟင်း ပူပူနွေးနွေးများ ပေးပို့နိုင်ခဲ့ကြောင်း သိရသည်။

အိန္ဒိယကယ်ဆယ်ရေးသမားများသည် ပိတ်မိအလုပ်သမားများထံသို့ အသစ်တပ်ဆင်ထားသည့် သံမဏိပိုက်လုံးမှတစ်ဆင့် ထမင်း၊ဟင်းပူပူနွေးနွေးများ ပေးပို့နိုင်ခဲ့ခြင်းဖြစ်သည်။

မိမိတို့အနေဖြင့် ပိတ်မိနေသည့် အလုပ်သမားများထံသို့ထမင်း၊ဟင်း ပူပူနွေးနွေးများကို အဝအချင်း ခြောက်လက်မရှိ သံမဏိပိုက်လုံးမှတစ်ဆင့် နိုဝင်ဘာ ၂၀ ရက်ညပိုင်းတွင် ပေးပို့နိုင်ခဲ့ကြောင်း အိန္ဒိယအစိုးရပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ဥမင်လမ်းအတွင်းပိတ်မိနေသည့် အလုပ်သမားများသည် ပြီးခဲ့သည့် ကိုးရက်တာကာလအတွင်း အစားအစာအခြောက်အခြမ်းများနှင့်သာ တင်းတိမ်ခဲ့ကြရသည်။

လက်ရှိအချိန်တွင် အိန္ဒိယကယ်ဆယ်ရေး သမားများသည် ဥမင်လမ်းတည်ရှိရာ တောင်ကုန်းပေါ်မှတစ်ဆင့် ဒေါင်လိုက်အနေအထားတူးဖောက်၍ ပိတ်မိနေသူများအားကယ်တင်ရန် ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။

ထို့ပြင် ဥမင်လမ်းအတွင်းရှိ မြေစာပုံအား ရေပြင်ညီမျဉ်းအတိုင်း တူးဖောက်မှုများလည်း ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်းအိန္ဒိယတာဝန်ရှိသူများက ပြောကြားထားသည်။

**Ref : RT**
**Trs : KKO**

## ပရီတိုးရီးယားမြို့ရှိ အစ္စရေးသံရုံးကိုပိတ်သိမ်းရန် တောင်အာဖရိကလွှတ်တော်အမတ်များ မဲခွဲဆုံးဖြတ်

**ကိပ်တောင်း နိုဝင်ဘာ ၂၂**



လက်ရှိဖြစ်ပွားဆဲ ဂါဇာစစ်ပွဲအတွက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ် ရယူနိုင်ချိန်ထိတိုင် ပရီတိုးရီးယားမြို့ရှိ အစ္စရေးသံရုံးကို ပိတ်ထားရန်နှင့် အစ္စရေးနှင့်သံတမန်အဆက်အဆံအားလုံးရပ်ဆိုင်းထားရန် တောင်အာဖရိကလွှတ်တော်အမတ်များက နိုဝင်ဘာ ၂၁ ရက်တွင် မဲခွဲဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

တောင်အာဖရိက လွှတ်တော်အမတ်များသည် အစ္စရေးသံရုံးပိတ်ထားရေးနှင့် အစ္စရေးနှင့်အဆက်အဆံရပ်ထားရေးဆုံးဖြတ်ချက်ကို ထောက်ခံမဲ ၂၄၈ မဲ ကန့်ကွက်မဲ ၉၁ မဲဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။

လွှတ်တော်၏ အဆိုပါဆုံးဖြတ်ချက်နှင့်ပတ်သက်၍ သမ္မတရာမာဖိုဆာနှင့် အစိုးရအဖွဲ့ဝင်များက စဉ်းစားသုံးသပ်နေကြောင်း တောင်အာဖရိကသမ္မတရုံးက သတင်းထုတ်ပြန်ထားသည်။

လွှတ်တော်၏ အဆုံးအဖြတ်အား လက်တွေ့အကောင်အထည်ဖော်ရေး၊ မဖော်ရေးမှာ လက်ရှိတောင်အာဖရိကအစိုးရ၏တာဝန်ဖြစ်သည်။

တောင်အာဖရိကသမ္မတ ရာမာဖိုဆာနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနထိပ်တန်းတာဝန်ရှိသူများသည် ဂါဇာကမ်းမြောင်ဒေသ စစ်ဆင်ရေးများနှင့်ပတ်သက်၍ အစ္စရေးနိုင်ငံကို အကြီးအကျယ် ဝေဖန်ထားကြသည်။

အစ္စရေးအစိုးရသည် တောင်အာဖရိကလွှတ်တော်မဲခွဲပွဲမတိုင်မီကပင် ပရီတိုးရီးယားမြို့ရှိ အစ္စရေးသံအမတ်ကြီးကို တဲလ်အဗစ်မြို့သို့ ပြန်လည်ခေါ်ယူထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## နာဆာက ဆိုက်ခီအာကာသယာဉ် ပစ်လွှတ်လိုက်သည့် လေဆာအချက်ပြသင်္ကေတများကို အောင်မြင်စွာဖမ်းယူနိုင်ခဲ့



**ဝါရှင်တန် နိုဝင်ဘာ ၂၂**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် ဆိုက်ခီအာကာသယာဉ်က ပစ်လွှတ်လိုက်သည့် လေဆာအချက်ပြသင်္ကေတများကို အောင်မြင်စွာ ဖမ်းယူနိုင်ခဲ့ကြောင်း နိုဝင်ဘာ ၂၁ ရက် သတင်းများအရ သိရသည်။

ဆိုက်ခီအာကာသယာဉ်သည် လေဆာအချက်ပြသင်္ကေတများကို ကမ္ဘာမြေနှင့် မိုင်ပေါင်း ၁၀ သန်း အကွာမှတစ်ဆင့် ပို့လွှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နာဆာ၏ DSOC ခေါ် အာကာသ ဆက်သွယ်ရေးစနစ်သစ် စမ်းသပ်မှုအရ ဆိုက်ခီအာကာသယာဉ်က လေဆာအချက်ပြသင်္ကေတများကို ပို့လွှတ်ခဲ့ခြင်းဖြစ်သည်။

DSOC ဆက်သွယ်ရေးစနစ်သစ်အရ အာကာသယာဉ်များအနေဖြင့် အာကာသဟင်းလင်းပြင်မှတစ်ဆင့် သတင်းအချက်အလက်များပေးပို့ရာတွင် ရေဒီယိုလှိုင်းများအစား လေဆာရောင်ခြည်ကို အသုံးပြုနိုင်မည်ဖြစ်သည်။

ဆိုက်ခီအာကာသယာဉ်က ပို့လွှတ်လိုက်သည့် လေဆာဖိုတွန်အလင်းမှုန်များကို DSOC ၏ မြေပြင်စခန်းက အောင်မြင်စွာလက်ခံရယူနိုင်ခဲ့ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

ဆိုက်ခီအာကာသယာဉ်၏ ၁၆ ဆိုက်ခီဂြိုဟ်သိမ်ခရီးစဉ်တစ်လျှောက်တွင် နာဆာအဖွဲ့သည် DSOC လေဆာဆက်သွယ်ရေးစနစ်ကို ဆက်လက်စမ်းသပ်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## ဝမ်းဗိုက်ပိုင်းအဆီစုစည်းမှုမြင့်တက်လာသူများ အယ်ဇိုင်းမားရောဂါဖြစ်ပွားနိုင်ခြေ မြင့်မားနိုင်

**နယူးယောက် နိုဝင်ဘာ ၂၂**

ဝမ်းဗိုက်ပိုင်း အဆီစုစည်းမှုမြင့်တက်လာသူများသည် အဝလွန်သူများထက်ပင် အယ်ဇိုင်းမားရောဂါဖြစ်ပွားနိုင်ခြေ ပို၍မြင့်မားနိုင်ကြောင်း နိုဝင်ဘာ ၂၁ ရက် သတင်းများအရ သိရသည်။

ဝမ်းဗိုက်ပိုင်း အဆီစုစည်းမှုလွန်ကဲနေသူများ၏ ဦးနှောက်အတွင်း အယ်ဇိုင်းမားရောဂါနှင့် ဆက်စပ်နေသော ပရိုတင်းစုစည်းမှုအတိုင်းအဆသည် အဝလွန်သူများထက်ပင် ပို၍မြင့်မားနေတတ်ကြောင်း အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အပြင်ပိုင်းမှကြည့်လျှင် မြင်နိုင်စွမ်းမရှိမှုကြောင့် ဝမ်းဗိုက်အတွင်းပိုင်းအဆီ (Visceral Body Fat) များကို ပုန်းအောင်းနေသည့်အဆီများဟူ၍ ဆေးပညာရှင်များက သတ်မှတ်ထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ဝမ်းဗိုက်ပိုင်းအဆီစုစည်းမှုများပြားသော သက်လတ်ပိုင်းအရွယ် လူပေါင်း ၅၆ ဦးကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

ဝမ်းဗိုက်အတွင်းပိုင်းအဆီများသည် ရောင်ရမ်းမှုကို ဖြစ်စေတတ်သည့် ဓာတုပစ္စည်းများနှင့် ဟော်မုန်းများကို ထုတ်လွှတ်ပေးတတ်ကြောင်း အမေရိကန်သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

ဦးနှောက်အတွင်း ရောင်ရမ်းမှုပြဿနာပေါ်လာပါက အယ်ဇိုင်းမားရောဂါအပါအဝင် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ကျဆင်းမှုရောဂါများလည်း ပေါ်လာနိုင်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**


## အိုင်စပေ့စ်ပုဂ္ဂလိကအာကာသကုမ္ပဏီက လာမည့်နှစ်တွင် လွှတ်တင်မည့် အငယ်စားလမျက်နှာပြင်လေ့လာရေးယာဉ်ကို ထုတ်ဖော်ပြသ

**တိုကျို နိုဝင်ဘာ ၂၂**

ဂျပန်နိုင်ငံအခြေစိုက် အိုင်စပေ့စ်ပုဂ္ဂလိကအာကာသကုမ္ပဏီသည် လာမည့်နှစ်တွင် လွှတ်တင်မည့် အငယ်စားလမျက်နှာပြင်လေ့လာရေးယာဉ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း နိုဝင်ဘာ ၂၁ ရက် သတင်းများအရ သိရသည်။

အိုင်စပေ့စ်ကုမ္ပဏီ၏ အထက်ပါအငယ်စားလမျက်နှာပြင်လေ့လာရေးယာဉ်သည် အမြင့် ၁၀ ဒသမ ၂၄ လက်မ၊ အနံ ၁၂ ဒသမ ၄ လက်မနှင့် အလျား ၂၁ ဒသမ ၂၆ လက်မရှိပြီး အလေးချိန် ငါးကီလိုဂရမ်ရှိကြောင်း သိရသည်။

အဆိုပါလမျက်နှာပြင်လေ့လာရေးယာဉ်ငယ်ကို မစ်ရှင်-၂ လဆင်းယာဉ်ဖြင့် ၂၀၂၄ ခုနှစ် ဆောင်းရာသီတွင်လွှတ်တင်ရန် အိုင်စပေ့စ်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။




အိုင်စပေ့စ်ကုမ္ပဏီသည် ဟာကူတို-အာရ်အမည်ရှိ လဆင်းယာဉ်တစ်စင်းကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက ပထမဆုံးအကြိမ်လွှတ်တင်ခဲ့ကြောင်း သိရသည်။

ဟာကူတို-အာရ်လဆင်းယာဉ်သည် ယခုနှစ် ဧပြီလအတွင်း လမျက်နှာပြင်ပေါ် ဆင်းသက်ရန် ကြိုးစားခဲ့သော်လည်း ကွန်ပျူတာ၏ အမြင့်ပေတွက်ချက်မှုအမှားကြောင့် ပျက်ကျခဲ့ရသည်။

အိုင်စပေ့စ်ကုမ္ပဏီသည် ၂၀၂၆ ခုနှစ်တွင်လည်း မစ်ရှင်-၃ လဆင်းယာဉ်ကို လွှတ်တင်ရန်လည်း စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## သက်လတ်ပိုင်းအရွယ်တွင် ဓာတ်စာအပြောင်းအလဲပြုလုပ်ပါက ဘဝသက်တမ်းပိုရှည်လာနိုင်

**လန်ဒန် နိုဝင်ဘာ ၂၂**

သက်လတ်ပိုင်းအရွယ်တွင် ဓာတ်စာအပြောင်းအလဲပြုလုပ်ပါက ဘဝသက်တမ်း ရှစ်နှစ်ကျော်ပိုရှည်လာနိုင်ကြောင်း နိုဝင်ဘာ ၂၁ ရက် သတင်းများအရ သိရသည်။

ဗြိတိန်သုတေသနပညာရှင်များ၏အဆိုအရ သက်လတ်ပိုင်းအရွယ်တွင် ဝက်အူချောင်းနှင့် ဝက်ပေါင်ခြောက်ကဲ့သို့ ပြုပြင်စီရင်ထားသော အသားများ၊ သကြားဓာတ်ကဲအချိုရည်များအစား အစေ့အဆန်အမျိုးမျိုးနှင့် လုံးတီးကောက်နှံများ ပိုမိုစားသုံးပါက ဘဝသက်တမ်းကို ဆန့်ထုတ်နိုင်ကြောင်း သိရသည်။


အသက် ၄၀ ပိုင်းအမျိုးသမီးများအနေဖြင့် အထက်ပါအတိုင်း ဓာတ်စာစားသုံးမှုပုံစံကို ပြောင်းလဲကျင့်သုံးပါက ဘဝသက်တမ်း ပျမ်းမျှ ရှစ်နှစ်နှင့် ခုနစ်လထိ ပိုရှည်လာနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

အသက် ၄၀ ပိုင်းအမျိုးသားများတွင်မူ အထက်ပါဓာတ်စာပုံစံအပြောင်းအလဲကြောင့် ပျမ်းမျှ ဘဝသက်တမ်း ကိုးနှစ်ခန့် ပိုရှည်လာနိုင်ကြောင်း သိရသည်။

အလားတူ သက်ကြီးပိုင်းများသည်ပင် အထက်ပါဓာတ်စာအပြောင်းအလဲကြောင့် ပျမ်းမျှဘဝသက်တမ်း ပိုရှည်လာမှုကို အတိုင်းအတာတစ်ရပ်ထိ ခံစားနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့သည်။

ဗြိတိန်သုတေသနပညာရှင်များသည် လူပေါင်း ၄၆၀၀၀၀ တို့၏ ဓာတ်စာ စားသုံးမှုပုံစံများကို အချိန်ယူလေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



## ဘိုးရင်းကုမ္ပဏီ၏ စီအက်စ်တီ- ၁၀၀ စတားလိုင်နာအာကာသလူသယ်ယာဉ်ကို ၂၀၂၄ ခုနှစ် ဧပြီလလယ်ပိုင်းတွင် လွှတ်တင်ရန်စီစဉ်

**ဝါရှင်တန် နိုဝင်ဘာ ၂၂**

ဘိုးရင်းကုမ္ပဏီ၏ စီအက်စ်တီ-၁၀၀ စတားလိုင်နာအာကာသလူသယ်ယာဉ်ကို ၂၀၂၄ ခုနှစ် ဧပြီလလယ်ပိုင်းတွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) တာဝန်ရှိသူများက နိုဝင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။

လက်ရှိအချိန်တွင် ဘိုးရင်းကုမ္ပဏီသည် စီအက်စ်တီ-၁၀၀ စတားလိုင်နာ အာကာသလူသယ်ယာဉ်၌ နောက်ဆုံးတွေ့ရှိထားသည့် နည်းပညာပိုင်းဆိုင်ရာပြဿနာများကို အပြီးသတ်ဖြေရှင်းထားပြီးဖြစ်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဧပြီ ၁၄ ရက်တွင် စီအက်စ်တီ-၁၀၀ စတားလိုင်နာအာကာသ လူသယ်ယာဉ်ကို လွှတ်တင်ရေးအတွက် ပြင်ဆင်မှုများပြုလုပ်ရန် စီစဉ်ထားသည်။

ဒုတိယအကြိမ် စမ်းသပ်လွှတ်တင်မှုအတွင်း စီအက်စ်တီ-၁၀၀ စတားလိုင်နာ အာကာသလူသယ်ယာဉ်၌ တွေ့ရှိထားသည့်ပြဿနာများကို ဘိုးရင်းကုမ္ပဏီက အပြီးသတ် ဖြေရှင်းထားပြီးဖြစ်ကြောင်း နာဆာတာဝန်ရှိသူများ၏အဆိုအရ သိရသည်။

နာဆာနှင့် ဘိုးရင်းကုမ္ပဏီတို့သည် စီအက်စ်တီ-၁၀၀ စတားလိုင်နာအာကာသလူသယ်ယာဉ်ကို ၂၀၂၂ ခုနှစ် မေလအတွင်း ဒုတိယအကြိမ်စမ်းသပ်လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဧပြီ ၁၄ ရက်တွင် လွှတ်တင်နိုင်ဖွယ်ရှိသည့် စီအက်စ်တီ-၁၀၀ စတားလိုင်နာ အာကာသလူသယ်ယာဉ်၌ နာဆာအာကာသယာဉ်မှူးနှစ်ဦး လိုက်ပါသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# ဘရာဇီးအသင်းနှင့် အာဂျင်တီးနားအသင်းတို့ပွဲစဉ်တွင် ရဲတပ်ဖွဲ့နှင့် ပရိသတ်များကြားပဋိပက္ခဖြစ်ပွား



**ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၂၂**

ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်အဖြစ် ဘရာဇီးအသင်းနှင့်အာဂျင်တီးနားအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် အာဂျင်တီးနားအသင်းက တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း ပွဲကစားချိန်အတွင်း ကွင်းလုံခြုံရေးရဲတပ်ဖွဲ့နှင့် ပရိသတ်များကြားပဋိပက္ခဖြစ်ပွားမှုကြောင့် ပြိုင်ပွဲကို မိနစ် ၃၀ ခန့် ရပ်နားခဲ့ရကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် အာဂျင်တီးနားအသင်းက ဘရာဇီးအသင်းကို တစ်ဂိုးဂိုးမရှိဖြင့် ဦးဆောင်နေချိန်တွင် ပွဲကြည့်စင်မှ ဘရာဇီးပရိသတ်များနှင့် အာဂျင်တီးနားပရိသတ်များ ခိုက်ရန်ဖြစ်ပွားခဲ့ရာ လုံခြုံရေးရဲတပ်ဖွဲ့များက လက်ကိုင်တုတ်များဖြင့်ဟန့်တား၍ ဝင်ရောက်ဖျန်ဖြေချိန်၌ အာဂျင်တီးနားပရိသတ်တစ်ဦးက ရဲအရာရှိများကို ထိုင်ခုံဖြင့်ပစ်ပေါက်ခဲ့သောကြောင့် ရဲတပ်ဖွဲ့နှင့်ပရိသတ်များပဋိပက္ခဖြစ်ပွားခဲ့သဖြင့် ပရိသတ်တစ်ဦး ဒဏ်ရာရရှိခဲ့သည်။

တိုက်စစ်မှူး မက်ဆီက "ကွင်းအတွင်းမှာ ရဲတပ်ဖွဲ့တွေနဲ့ပရိသတ်တွေပဋိပက္ခဖြစ်ပွားနေတဲ့ မြင်ကွင်းကိုကြည့်ပြီး ကျွန်တော်တို့အနေနဲ့ ပွဲကိုဆက်ကစားလို့ မရတော့တာကြောင့်အဝတ်လဲခန်းထဲဝင်ရောက်သွားခဲ့တာပါ။ ၂၂ မိနစ်လောက်အကြာမှာအခြေအနေတွေတည်ငြိမ်သွားတာကြောင့် ပြိုင်ပွဲကိုဆက်ကစားဖို့ဆုံးဖြတ်ခဲ့တာပါ"ဟု ပြောကြားခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် တိုက်စစ်မှူး မက်ဆီဦးဆောင်သည့် အာဂျင်တီးနားအသင်းကစားသမားများက အဝတ်လဲခန်းအတွင်းဝင်ရောက်သွားခဲ့ရာ ပြိုင်ပွဲကိုမိနစ် ၃၀ ခန့်ရပ်တန့်ခဲ့ရပြီးမှသာ ဆက်လက်ယှဉ်ပြိုင်ခဲ့ရသော်လည်း အာဂျင်တီးနားအသင်းက အော့တာမန်ဒီက ဦးဆောင်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဘရာဇီးအသင်းအနေဖြင့် ကမ္ဘာ့ဖလားခြေစစ်ပွဲ အိမ်ကွင်းပွဲစဉ် ၆၄ ပွဲထိရှုံးပွဲမရှိခဲ့သော်လည်း ယခုပွဲစဉ်၌ အာဂျင်တီးနားအသင်းကို ရှုံးနိမ့်ခဲ့သဖြင့် အိမ်ကွင်းရှုံးပွဲ ကြုံတွေ့ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : ML

# နိုင်ငံတကာ အားကစားသတင်းများ

## WBA၊ WBC၊ IBF၊ WBO၊ IBO စိန်ခေါ်ပွဲအတွက်အသင့်ဖြစ်နေဟု ကေတီတေလာဆို

**ဒပ်ဘ်လင် နိုဝင်ဘာ ၂၂**

WBA၊ WBC၊ IBF၊ WBO၊ IBO အမျိုးသမီးလိုက်ဝယ်သာဝိတ်တန်းပြိုင်ဘက်ကင်း ချန်ပီယံ စိန်ခေါ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အင်္ဂလန်လက်ဝှေ့မယ် ချန်တယ်လာနှင့် စိန်ခေါ်သူ အိုင်ယာလန်လက်ဝှေ့မယ် ကေတီတေလာတို့ မကျေပွဲစဉ်အဖြစ် အိုင်ယာလန်နိုင်ငံ ဒပ်ဘ်လင်မြို့တွင် နိုဝင်ဘာ ၂၅ ရက်၌ ထိုးသတ်သွားမည်ဖြစ်ပြီး အဆိုပါပွဲစဉ်အတွက် အဆင်သင့်ဖြစ်နေကြောင်း လက်ရှိ WBA၊WBC၊ IBF၊ WBO အမျိုးသမီးလိုက်ဝိတ်တန်းကမ္ဘာ့ချန်ပီယံ ကေတီတေလာက ပြောကြားခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ကေတီတေလာသည် မတူညီသော ဝိတ်တန်းနှစ်ခု၏ ပြိုင်ဘက်ကင်း ချန်ပီယံဖြစ်လိုသည့်အတွက်ကြောင့် ယခုနှစ်မေလတွင် ချန်တယ်လာနှင့် အိုင်ယာလန်နိုင်ငံ ဒပ်ဘ်လင်မြို့တွင် ထိုးသတ်ခဲ့ရာ ချန်တယ်လာက ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ လက်ရှိချန်ပီယံကိုကာကွယ်နိုင်ခဲ့ပြီး ဒိုင်အမှတ်ဖြင့် အနိုင်ရခဲ့သော်လည်း ချန်တယ်လာအနေဖြင့် ဒိုင်သုံးဦးရှိသည့်အနက် နှစ်ဦးကသာချန်တယ်လာကို အနိုင်ပေးခဲ့ခြင်းဖြစ်ကာ ကျန်တစ်ဦးက ကေတီတေလာကို အနိုင်ပေးခဲ့သည်။

ကေတီတေလာက "ချန်တယ်လာနဲ့ထိုးသတ်ခဲ့တဲ့ပွဲစဉ်ကိုပြန်လည်ကြည့်ရှုခဲ့ပြီး လိုအပ်တဲ့ပြင်ဆင်မှုတွေပြုလုပ်ထားပါတယ်။ကျွန်မအနေနဲ့ ထိုးသတ်ခဲ့တဲ့ပွဲစဉ်ကိုပြန်ကြည့်ခဲ့တဲ့အကြောင်းအရင်းကလဲ ချန်တယ်လာရဲ့ထိုးသတ်ဟန်ကိုကြည့်ဖို့မဟုတ်ပါဘူး။ကျွန်မဘာတွေမှားခဲ့တာလဲ၊ ဘာတွေအားနည်းခဲ့တာလဲဆိုတာကိုသုံးသပ်သွားဖို့အတွက်ဖြစ်ပါတယ်။ ပထမစိန်ခေါ်ပွဲမှာတုန်းက ချန်တယ်လာက ပိုကောင်းတဲ့အတွက် အနိုင်ရခဲ့တာပါ။ မကျေပွဲစဉ်မှာတော့ ကျွန်မရဲ့အားနည်းချက်တွေကိုပြင်ဆင်ပြီး အကောင်းဆုံးပုံစံတွေကို မြင်တွေ့ရပါလိမ့်မယ်"ဟု ပြောကြားခဲ့သည်။

ကေတီတေလာက မကျေပွဲစဉ်တွင် အနိုင်ရရှိမည်ကိုယုံကြည်နေသလို ပြင်ဆင်လေ့ကျင့်မှုများအားအချိန်ပေးပြုလုပ်ထားကာ မကျေပွဲစဉ်အတွက် အဆင်သင့်ဖြစ်နေသည့်အတွက် စည်းမျဉ်းစည်းကမ်းအရ ခြောက်လပြည့်မြောက်ပြီးနောက် မကျေပွဲစဉ်ကိုချက်ချင်းစီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik
Trs : AZL




# ဂါဗီ၏နေရာတွင်အစားထိုးရန် ကွင်းလယ်ကစားသမား ငါးဦးထိ ပစ်မှတ်ထားနေကြောင်း နည်းပြဇာဗီပြောကြား

**မက်ဒရစ် နိုဝင်ဘာ ၂၂**

ဘာစီလိုနာအသင်း လူငယ်ကစားသမား ဂါဗီသည် နိုင်ငံတကာပြိုင်ပွဲကာလအတွင်း စပိန်အသင်းတွင် ပါဝင်ကစားခဲ့ရာ ဒူးအရွတ်ထိခိုက်မှုဒဏ်ရာကြောင့် ယခုနှစ်ဘောလုံးရာသီကုန်ထိ အနားယူရမည်ဖြစ်သဖြင့် ၎င်း၏နေရာတွင် အစားထိုးရန် ကွင်းလယ်ကစားသမား ငါးဦးထိ ပစ်မှတ်ထားနေကြောင်း နည်းပြဇာဗီက ပြောကြားခဲ့သည်။

အသက် ၁၉ နှစ်ရှိ ဂါဗီသည် ယခုနှစ်ဘောလုံးရာသီ နည်းပြဇာဗီ၏လက်အောက်၌ အမှတ်ပေးပြိုင်ပွဲ ၁၂ ပွဲ၌ သွင်းဂိုးတစ်ဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ်၊ချန်ပီယံလိဂ်ပြိုင်ပွဲ သုံးပွဲ၌ သွင်းဂိုးတစ်ဂိုးနှင့် ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်၍ ပုံစံကောင်းပြသနိုင်ခဲ့ကာ ကွင်းလယ်ပိုင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့်ကစားသမားဖြစ်နေသောကြောင့် ၎င်းကို လက်လွှတ်ရမည်ဖြစ်သည့် ဘာစီလိုနာအသင်းအတွက် အခက်အခဲတွေ့နေသည်။

နည်းပြဇာဗီက ဂါဗီ၏နေရာတွင် အစားထိုးရန်အတွက် အတ္တလန်တာအသင်းမှ ကွင်းလယ်ကစားသမား အီဒါဆန်၊စပါးအသင်း ကွင်းလယ်ကစားသမား လိုဆယ်ဆို၊ ဂျီရိုနာ ကွင်းလယ်ကစားသမား ဟာရဲရား၊ ဘက်တစ်ကွင်းလယ်ကစားသမား ရှိဒရီဂွက်ဇ်နှင့်လီဗာပူးအသင်း ကွင်းလယ်ကစားသမား အယ်ကန်တာရာတို့ကို ခေါ်ယူရန် ပစ်မှတ်ထားနေပြီး ၎င်းတို့ထဲမှ တစ်ဦးကို ဇန်နဝါရီအပြောင်းအရွှေ့ကာလ၌ခေါ်ယူသွားမည်ဖြစ်သည်။

လက်ရှိတွင် ဘာစီလိုနာအသင်း နည်းပြဇာဗီသည် ကွင်းလယ်ပိုင်းတွင် ဖရန်ကီဒီဂျောင်း၊ လိုပက်ဇ်၊ ပက်ထရီတို့၏နေရာတွင် ဖြည့်ဆည်းကစားနိုင်မည့် အသက် ၂၉နှစ်ရှိ ဘက်တစ်အသင်း ကွင်းလယ်ကစားသမား ရှိဒရီဂွက်ဇ်ကိုသာဦးစားပေးခေါ်ယူရန် စီစဉ်ထားကြောင်း သိရသည်။

Ref : RT
Trs : ML

# အယ်နာဆာအသင်းနှင့် ခြေစမ်းပွဲကစားမည့်အစီအစဉ်ကို သဘောတူညီမှုမရသေးကြောင်း အင်တာမီယာမီအသင်းပြောကြား

**ရီယာ့ဒ် နိုဝင်ဘာ ၂၂**

ဆော်ဒီအာရေဗျ ကလပ်အယ်နာဆာအသင်းသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် ချစ်ကြည်ရေးဖလားပြိုင်ပွဲကျင်းပရန် စီစဉ်ခဲ့ပြီး မေဂျာလိဂ်ကလပ် အင်တာမီယာမီအသင်းကို ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခဲ့ရာ အင်တာမီယာမီအသင်းက သဘောတူညီမှုမရသေးကြောင်း ပြောကြားခဲ့သည်။

ဆော်ဒီနိုင်ငံမှ ပွဲစီစဉ်သူများက ကမ္ဘာ့ဘောလုံးသမိုင်း၌ ပြိုင်ဘက်ကောင်းများဖြစ်သည့် အယ်နာဆာအသင်းတိုက်စစ်မှူး စီရော်နယ်ဒိုနှင့် အင်တာမီယာမီအသင်းတိုက်စစ်မှူး မက်ဆီတို့၏ ပြိုင်ပွဲကိုတွေ့မြင်နိုင်ရန်အတွက် လာမည့်နှစ်တွင် ချစ်ကြည်ရေးဖလားပြိုင်ပွဲကျင်းပရန် ဆုံးဖြတ်ခဲ့ပြီး ရီယာ့ဒ်မြို့အားကစားကွင်းတွင် နောက်ဆုံးကခုန်ခြင်းဆိုသည့်ခေါင်းစဉ်ဖြင့် လူမှုကွန်ယက်တွင် ဖော်ပြခဲ့သော်လည်း အင်တာမီယာမီအသင်းက ချစ်ကြည်ရေးဖလားပွဲစဉ်အတွက်သဘောတူညီမှုမရရှိသေးကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့သည်။

အင်တာမီယာမီအသင်းတာဝန်ရှိသူများက "ကျွန်တော်တို့အသင်းအနေနဲ့ လာမဲ့နှစ်ချစ်ကြည်ရေးခရီးစဉ်အတွက် ဆွေးနွေးမှုပြုလုပ်နေဆဲဖြစ်ပါတယ်။ အသင်းရဲ့နိုင်ငံတကာခြေစမ်းပွဲစဉ်တွေကိုလာမည့်ရက်သတ္တပတ်အတွင်းမှာ ထုတ်ပြန်ကြေညာမှာပါ။ လက်ရှိမှာတော့ ဆော်ဒီအာရေဗျမှာကစားမဲ့ အယ်နာဆာအသင်းနဲ့ ခြေစမ်းပွဲကတော့ သဘောတူညီမှု မရသေးပါဘူး"ဟု ထုတ်ပြန်ကြေညာခဲ့သည်။

တိုက်စစ်မှူး စီရော်နယ်ဒိုနှင့် တိုက်စစ်မှူး မက်ဆီတို့သည်နောက်ဆုံးတွေ့ဆုံမှုအဖြစ် ယခုနှစ်ဇန်နဝါရီ ၁၉ ရက်က အယ်နာဆာအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ကစားခဲ့သည့် ချစ်ကြည်ရေးဖလား ပွဲစဉ်တွင် နောက်ဆုံး တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး စီရော်နယ်ဒိုဦးဆောင်သည့် အယ်နာဆာအသင်းက မက်ဆီဦးဆောင်သည့် ပီအက်စ်ဂျီအသင်းကို ငါးဂိုး လေးဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

Ref : Sputnik
Trs : ML





## အားကစားသတင်း အတိုအထွာများ

- နယူးကာဆယ်အသင်းက ကွင်းလယ်ကစားသမား တိုနယ်လီ၏နေရာတွင် အစားထိုးရန် အတ္တလန်တာအသင်းကွင်းလယ်ကစားသမား ကူမီနာကိုခေါ်ယူရန် ချိတ်ဆက်မှုပြုလုပ်နေကြောင်း သိရသည်။
- အီတလီအသင်းအနေဖြင့် ယူရို ၂၀၂၄ ခြေစစ်ပွဲအောင်မြင်ခဲ့သော်လည်း ဆီဒင်သတ်မှတ်ချက်အရ မဲအိုးနံပါတ်(၄)တွင် ဆားဘီးယား၊ ဆွစ်ဇာလန်နှင့် Play-off ပွဲစဉ်မှ အနိုင်ရမည့်သုံးသင်းနှင့်တစ်အုပ်စုတည်းကျရောက်နေကြောင်း သိရသည်။
- နိုင်ငံတကာပြိုင်ပွဲကာလအတွင်း နောက်ကျောဒဏ်ရာရရှိခဲ့သည့် ဂိုးသမား တာစတီဂန်သည် ယနေ့ပြုလုပ်မည့် လေ့ကျင့်ရေးအစီအစဉ်ကိုလွဲချော်ခဲ့သောကြောင့် လာမည့်စနေနေ့တွင် ဗယ်လ်ကာနိုအသင်းနှင့် ကစားရမည့်ပွဲစဉ်ကို လွဲချော်နိုင်ကြောင်း သိရသည်။ ML

# MFF Rhino Futsal Championship 2023ပြိုင်ပွဲ ရှုံးထွက်အဆင့်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား




**ရန်ကုန် နိုဝင်ဘာ ၂၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် MFF Rhino Futsal Championship 2023 ပြိုင်ပွဲ ရှုံးထွက်အဆင့်ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှစတင်ပြီး ရန်ကုန်မြို့ရှိ MFF Futsal Stadium တွင် ဆက်လက် ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ ရှုံးထွက်အဆင့်ပွဲစဉ်များအဖြစ် ယနေ့နံနက်ပိုင်းတွင် VUC FC အသင်းနှင့် YRG FC အသင်းတို့ကစားခဲ့ရာ VUC FC အသင်းက ခြောက်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး Winner Soccer FCအသင်းနှင့် DreamTeam Legends အသင်းတို့ကစားခဲ့ရာ ပွဲချိန်အတွင်း နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်နေသည့်အတွက် အချိန်ပိုဆက်လက်ကစားခဲ့ရာတွင် DreamTeam Legends အသင်းက ငါးဂိုး သုံးဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

အလားတူ မွန်းလွဲပိုင်းမှစတင်ပြီး Futsal 19 FC အသင်းနှင့် Pyae Sone FC အသင်းတို့ ကစားခဲ့ရာ Pyae Sone FC အသင်းက ငါးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး Dream Team FC အသင်းနှင့် M-Million FC အသင်းတို့ကစားခဲ့ရာ ပွဲချိန်အတွင်း သုံးဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့သည့်အတွက် အချိန်ပို ဆက်လက်ကစားခဲ့ရာ M-Million FC အသင်းက ခုနစ်ဂိုး ငါးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက်တစ်ဆင့်သို့တက်ရောက်ခဲ့ကြသည်။

MFF Rhino Futsal Championship 2023 ပြိုင်ပွဲ ရှုံးထွက်အဆင့်ပွဲစဉ်များအဖြစ် နိုဝင်ဘာ ၂၃ ရက် နံနက် ၉ နာရီမှစတင်ပြီး MFF Futsal Stadium တွင် TG United အသင်းနှင့် M2K FC အသင်း၊MIU FCအသင်းနှင့်Mali Kyal Sin FCအသင်း၊ Generations FC အသင်းနှင့် SGF FC အသင်း၊ Lin Latt FC အသင်းနှင့် UPK FC အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# ကမ္ဘာ့ဖလားခြေစစ်ပွဲသမိုင်းတစ်လျှောက် ဘာရာဇီးအသင်းအိမ်ကွင်းတွင် အာဂျင်တီးနားအသင်း ပထမဆုံးအကြိမ်နိုင်ပွဲရရှိ

**ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၂၂**

ယနေ့နံနက်ပိုင်းက ကစားခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ (တောင်အမေရိကဇုန်) အုပ်စုပွဲစဉ်တွင် အာဂျင်တီးနားအသင်းက ဘာရာဇီးအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ကမ္ဘာ့ဖလားခြေစစ်ပွဲသမိုင်းတစ်လျှောက်တွင် ဘာရာဇီးအသင်းအိမ်ကွင်း၌ အာဂျင်တီးနားအသင်းက ပထမဆုံးနိုင်ပွဲစတင်ရယူနိုင်ခဲ့ကြောင်း သိရသည်။

အာဂျင်တီးနား အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအဆင့်သမိုင်းတစ်လျှောက်တွင် ဘာရာဇီးအသင်းအိမ်ကွင်း သွားရောက်ကစားခဲ့ရာတွင် ရလဒ်ကောင်းများရယူနိုင်ခြင်းမရှိခဲ့ဘဲ အမြင့်ဆုံးအဖြစ်သရေရလဒ်သာစွမ်းဆောင်နိုင်ခဲ့ကာ ယခုအခါမှသာ ဘာရာဇီးအသင်းအိမ်ကွင်းတွင် နိုင်ပွဲစတင်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အာဂျင်တီးနား အသင်းသည် အခြားပြိုင်ပွဲများတွင်သာ ဘာရာဇီးအသင်း အိမ်ကွင်း၌အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ဖူးသော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲအဆင့်ပွဲစဉ်များတွင် တစ်ကြိမ်မျှနိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့ဘဲ ယခုအခါမှသာ ပထမဆုံးအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် အာဂျင်တီးနားအသင်းက အနိုင်ရရှိခဲ့မှုကြောင့် ခြောက်ပွဲကစားပြီးချိန်တွင် ငါးပွဲနိုင် တစ်ပွဲရှုံး ရမှတ် ၁၅မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိနေပြီး ဘာရာဇီးအသင်းက နှစ်ပွဲဆက် ရှုံးနိမ့်ခဲ့ကာ နှစ်ပွဲနိုင် တစ်ပွဲသရေ သုံးပွဲရှုံး ရမှတ် ခုနစ်မှတ်ဖြင့် အဆင့်(၆)နေရာတွင်သာ ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

**Ref : Sputnik**
**Trs : STA**

# တရုတ်မာစတာကြက်တောင်ပြိုင်ပွဲ၌ ဂျာမနီကြက်တောင်မယ်ကို ရှုံးနိမ့်ခဲ့သည့် မြန်မာကြက်တောင်မယ်သက်ထားသူဇာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရ




**ရန်ကုန် နိုဝင်ဘာ ၂၂**

ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ကြီးမှူးပြီး တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိနေသည့် တရုတ်မာစတာကြက်တောင်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ (၃၂)ဦး ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက မြန်မာကြက်တောင်မယ် သက်ထားသူဇာနှင့်ဂျာမနီကြက်တောင်မယ် ဗိုနီလီတို့ယှဉ်ပြိုင်ကစားခဲ့ရာ သက်ထားသူဇာအနေဖြင့် နှစ်ပွဲပြတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

ဂျာမနီကြက်တောင်မယ် ဗိုနီလီသည် လက်ရှိကမ္ဘာ့အဆင့်သတ်မှတ်ချက်အရ အဆင့်(၂၆)နေရာတွင် ရပ်တည်နေသူဖြစ်ပြီး မြန်မာကြက်တောင်မယ် သက်ထားသူဇာသည် ကမ္ဘာ့အဆင့်(၄၂)နေရာတွင် ရပ်တည်နေသူဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဗိုနီလီက သက်ထားသူဇာကို လက်ရည်အသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ပထမပွဲငယ်တွင် ၂၁ မှတ် ၁၃ မှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယပွဲငယ်တွင် သက်ထားသူဇာက ပြန်လည်ဖိအားပေးကစားခဲ့သော်လည်း ဗိုနီလီက အမှားအယွင်းမရှိကစားနိုင်ခဲ့ပြီး ရမှတ် ၂၁ မှတ် ၁၇ မှတ်ဖြင့် ထပ်မံ အနိုင်ရရှိခဲ့သည့်အတွက် နှစ်ပွဲပြတ်ဖြင့်အနိုင်ရရှိခဲ့သည်။

လာမည့် ၂၀၂၄ ခုနှစ်တွင် ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲကို ဝင်ရောက်ကစားခွင့်ရရှိရန် ပစ်မှတ်ထားနေသည့် သက်ထားသူဇာသည် ယခုနှစ်အတွင်း ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်အသိအမှတ်ပြု နိုင်ငံတကာပွဲစဉ်အများစု၌ ပါဝင်ကစားခဲ့ပြီး ကမ္ဘာ့အဆင့် သတ်မှတ်ချက်များလည်း ဆက်တိုက်မြင့်တက်လျက်ရှိနေပြီး အိုလံပစ်ပြိုင်ပွဲဝင်ခွင့်အတွက်လည်း အခြေအနေကောင်းမွန်နေကာ တရုတ်မာစတာ၂၀၂၃ ပြိုင်ပွဲသည် ယခုနှစ်အတွင်း နောက်ဆုံးပြိုင်ပွဲအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**STA**

# Greg Norman Medalဆုကို မင်ဂျီလီ တတိယအကြိမ်မြောက် ဆွတ်ခူး

**ကင်ဘာရာ နိုဝင်ဘာ ၂၂**

ဩစတြေးလျနိုင်ငံ PGA of Australiaက နှစ်စဉ် အမျိုးသား သို့မဟုတ် အမျိုးသမီးတစ်နှစ်တာ အကောင်းဆုံးဂေါက်သီးရိုက်ကစားသမားဆုရှင်အဖြစ် Greg Norman Medalဆုကိုရွေးချယ်ချီးမြှင့်ပေးအပ်လျက်ရှိရာ ၂၀၂၃ ခုနှစ်အတွက် Greg Norman Medal ဆုရှင်အဖြစ် အမျိုးသမီးဂေါက်သီးရိုက်မယ် မင်ဂျီလီကို ချီးမြှင့်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

မင်ဂျီလီသည် ကစားသမားဘဝသက်တမ်းတစ်လျှောက် Greg Norman Medal ဆုကို ၂၀၁၈ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၂၀ ခုနှစ်တွင် တစ်ကြိမ်ဆွတ်ခူးထားပြီး ယခုအခါ တတိယအကြိမ်မြောက်ဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး Greg Norman Medal ဆုကို အများဆုံးဆွတ်ခူးထားသည့် ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည်။

မင်ဂျီလီသည် အဆိုပါဆုကို အမျိုးသား ဂေါက်သီးရိုက်ကစားသမားကင် မရွှန်းစမစ်ကိုကျော်လွန်၍ ဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး ကင်မရွှန်းစမစ်သည် ၂၀၂၀ ပြည့်နှစ်တွင် တစ်ကြိမ်၊ ၂၀၂၂ ခုနှစ်တွင်တစ်ကြိမ် စုစုပေါင်းနှစ်ကြိမ် ဆွတ်ခူးထားသည်။

ကင်မရွှန်းစမစ်အနေဖြင့် ယခုနှစ် ဂေါက်သီးရိုက်ရာသီတွင် LIV Golfဂေါက်သီးရိုက်အဖွဲ့ချုပ်၏ပြိုင်ပွဲများ၌ အောင်မြင်မှုများဆွတ်ခူးထားပြီး ဩစတြေးလျဂေါက်သီးရိုက်ကစားသမားများအနက် ဆုကြေးငွေအများဆုံးရရှိထားသည့်ကစားသမားဖြစ်သော်လည်း Greg Norman Medalဆုအတွက် မဲပေးရွေးချယ်ခဲ့ရာတွင် မင်ဂျီလီက ကင်မရွှန်းစမစ်ကို မဲအသာဖြင့်အနိုင်ရရှိခဲ့သည်။

PGA of Australia ၏ အမှုဆောင်ချုပ်ဖြစ်သူ ဂါဗင်ကစ်မန်းက "မင်ဂျီလီက ဒီနှစ်အတွင်း ဩစတြေးလျဂေါက်သီးရိုက်လောကကို ကမ္ဘာ့ဂေါက်သီးရိုက်လောကအလယ်မှာ ဂုဏ်ဆောင်ပေးနိုင်ခဲ့သူပါ။မင်ဂျီလီက သူ့ရဲ့ကစားသမားဘဝသက်တမ်းတစ်လျှောက် PGA Tourဆုဖလားကို ၁၀ လုံးထိဆွတ်ခူးခဲ့ပြီး အဓိကဆုဖလား နှစ်လုံးရရှိခဲ့တဲ့ ဂေါက်သီးရိုက်မယ်တစ်ဦးပါ။ ဒီနှစ်ထဲမှာ အကောင်းဆုံးစွမ်းဆောင်ရည်တွေ ပြသနိုင်ခဲ့တဲ့ မင်ဂျီလီအနေနဲ့ Greg Norman Medalဆုကို ထိုက်ထိုက်တန်တန်ဆွတ်ခူးခဲ့တာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**




# တစ်နှစ်တာအတိုးတက်ဆုံးတင်းနစ်မယ်ဆုအတွက် ဆန်ခါတင်စာရင်းတွင် ကေတီဘော်တာပါဝင်လာ

**လန်ဒန် နိုဝင်ဘာ ၂၂**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ အခြေစိုက် အမျိုးသမီးတင်းနစ်အသင်း(WTA)က ထုတ်ပြန်ခဲ့သည့် ယခုနှစ်အတွက် တစ်နှစ်တာအတိုးတက်ဆုံးတင်းနစ်မယ် ဆုအတွက် ဆန်ခါတင်စာရင်းတွင် အင်္ဂလန်တင်းနစ် မယ်ကေတီဘော်တာပါဝင်လာခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကေတီဘော်တာနှင့် အတူ ဆန်ခါတင်စာရင်း၌ တရုတ်တင်းနစ်မယ်များဖြစ်ကြသည့် ဝမ်ရှင်းယူ၊ ဂူလင်း၊ ကျန်းချင်ဝမ်နှင့် အီတလီတင်းနစ်မယ် ပါအိုလီနီတို့လည်း ပါဝင်လာခဲ့သည်။

လက်ရှိ ကေတီဘော်တာသည် ဗြိတိန်အဆင့်(၁)တင်းနစ်မယ်အဖြစ် ရပ်တည်နေသူဖြစ်ပြီး ယခုနှစ်တင်းနစ်ရာသီ၌ အင်္ဂလန်နိုင်ငံနော်တင်ဟမ်မြို့၌ကျင်းပခဲ့သည့် Nottingham Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးထားသည့်ကစားသမားဖြစ်သည်။

ကေတီဘော်တာသည် ယခုနှစ်အတွင်း စွမ်းဆောင်ရည်ကောင်းများပြသထားနိုင်သလို ဗြိတိန်အမျိုးသမီးတင်းနစ်လောက၏ အကောင်းဆုံးတင်းနစ်မယ်အဖြစ်လည်း ရပ်တည်နိုင်ခဲ့ခြင်းကြောင့် တစ်နှစ်တာအတိုးတက်ဆုံး တင်းနစ်မယ်ဆုအတွက် ဆန်ခါတင်စာရင်းတွင် ပါဝင်လာခဲ့ခြင်းဖြစ်ပြီး ကေတီဘော်တာနှင့်အတူ ဆန်ခါတင်စာရင်းတွင် ပါဝင်နေသည့် တရုတ်တင်းနစ်မယ် ကျန်းချင်ဝမ်သည် ယခုနှစ်အတွက် တစ်နှစ်တာ အကောင်းဆုံးမျက်နှာသစ် တင်းနစ်မယ်ဆုကို ဆွတ်ခူးထားသူဖြစ်ပြီး တစ်နှစ်တာအတိုးတက်ဆုံးဆုကို ဆွတ်ခူးနိုင်ရန် ရေပန်းစားနေသူလည်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# တဘက်ပဝါဆင်ယင်ကာဖြင့်

## ကိုဇော်ငွေး(ယဉ်ကျေးမှု)

တဘက်ပဝါဟူသည် အမျိုးသမီးများ၏ ဣန္ဒြေသိက္ခာကို ထောက်ကူပံ့ပိုးရာပစ္စည်းတစ်ခုဖြစ်သည်ဟု နားလည်မိသည်။ အမျိုးသမီးများ ပခုံးထက်တင်သည့် အဆင်တန်ဆာတစ်ခုပင်ဖြစ်သည်။ တဘက်ကို စာရေးသူ၏မိခင်က မက်မက်မောမောသုံးစွဲခဲ့သည်ကိုလည်း မှတ်မိနေသည်။ စာရေးသူ၏အိမ်သူကလည်း တဘက်ကို နှစ်နှစ်ခြိုက်ခြိုက်သုံးတတ်သည်။ မိခင်သည် ရောင်စုံတဘက်လေးများ၊ အဆင်လှလှတဘက်လေးများဆို ဝယ်ယူသိမ်းဆည်းတတ်သည်။ ကထိန်ပဒေသာပင်များ၊ သိမ်ဆင်းလောင်းလှူခြင်းများ၌ တဘက်လှလှ၊ တဘက်ကြီးကြီးများကို ဝယ်ယူလောင်းလှူတတ်သည်။ ယနေ့ခေတ်တွင် မျက်နှာသုတ်ပဝါကိုလည်း တဘက်ဟုသုံးစွဲခေါ်ဝေါ်နေကြသည်။ ရှေးက တဘက်ကို ထဘက်ဟု ထဆင့်ထူးနှင့် စာလုံးပေါင်းကြသည်။

တဘက်ဟူသည့်ဝေါဟာရကို ရှေးဟောင်းစာပေများထဲတွင် တွေ့ရနည်းသည်။ နည်းသည်ဆိုငြားအင်းဝခေတ် အထက်တန်းလွှာအမျိုးသမီးများက စတင်သုံးစွဲနေပြီဆိုသည်ကို တွေ့ရသည်။ ခြုံပန်းခြုံနွယ်တို့ဖြင့် ရက်လုပ်ထားသည့် ရင်ကန့်ခေါ် ရင်လွှမ်းတန်ဆာများကို ဝတ်ဆင်ကြသည်။ ရှင်မဟာရဋ္ဌသာရ၏ တံတားဦးတည် မော်ကွန်း၌ "တရွှေရွှေ အုတ်ထွေများစွာ၊ မိုးသူလာသို့၊ မြူတာရွှက်ပြီး၊ ကြယ်သမီးတို့၊ ညီးညီးသွယ်သွယ်၊ လှဆင်းရွှယ်တိ၊ စံပယ်လိုက်ဘက်၊ ခြုံဆင့်ရက်သား၊ တဘက်ရင်ကန့်၊ ဝတ်စားသန့်နှင့်၊ ဆိတ်တွန့်ချည်တန်၊ ဆံထုံးရန်၍၊ သက်ပြန့်ရနံ့၊ ထွားညံ့နှုတ်ခမ်း၊ ကွမ်းလည်းတတ်မောင်း၊ အဲသံညောင်းဖြင့်"ဟု စပ်ဆိုခဲ့သည်ကို တွေ့ရသည်။ ဆန်းပြားသည့်ရင်လွှမ်းတန်ဆာနှင့် နံ့သာဆီပက်ထားသည့်တဘက်များကိုခြုံပြီး တေးသံကျူးကြကြောင်း သိရသည်။ ခြုံတဘက်တွင်လည်း ဖန်၊ မှန်၊ ပုလဲ၊ ရွှေခြူ ညောင်ရွက်များဆွဲထားပြီး ဖဲ၊ ကတ္တီပါ ဆန်းကျယ်လှစွာသောရွှေထဘီကို တခမ်းတနားဝတ်ကြသည်။ ထိုသို့ ဝတ်ဆင်ကြောင်းကို စန္ဒကိန္နရီပျို့၌ "ကျော့လယ်ကျော့ဆုံး၊ လျော့လျော့ထုံးလျက်၊ ရစ်ကုံးယကင်၊ ထုံးလက်သင်နှင့်၊ မြိတ်ရှင်မြခက်၊ အလှယှက်သား၊ တဘက်ရတနာ၊ ယဉ်ရာရာကို၊ ပြင်လျာမယ်လျှ၊ နှစ်သွယ်ချလျက်၊ ဘယ်ကသိုင်းတုံ၊ ညာသိုင်းတုံနှင့်"ဟု ဖတ်မှတ်တွေ့ရှိရသည်။ တဘက်အစကို နှစ်ဖက်ချပြီး ခြုံကြသိုင်းကြသည်ဟု ပြောပြခဲ့သည်။

အလောင်းမင်းတရားကြီးလက်ထက် ရွှေတောင်ရာဇကျော်ဘွဲ့နှင့် စိန္တကျော်သူဘွဲ့ နှစ်ဘွဲ့ရပညာရှိကဝိ ဦးဩစပ်ဆိုသည့် "သုံးယူဇနာချီ" ရွှေစည်းခုံဘုရားတိုင်ရတု၌လည်း "ပြောက်စုံချယ်ရွက်၊ စိန့်ကစက်သား၊ ထဘက်ယဉ်ထူး၊ ကျောက်စီကြူးကို၊ ရှိဦးထိပ်ပြင်၊ ဆက်လှူတင်၍"ဟု တဘက်လှူထားသည်ကိုတွေ့ရသည်။ စိန္တကျော်သူ၏စကားအတိုင်းဆိုပါက အထူးထူးသောကျောက် သို့မဟုတ် ရွှေချည်ငွေချည်ဖြင့် လှပအောင်ခြယ်လှယ်ထားသည့်ပဝါကိုလည်း တဘက်ဟုခေါ်ဝေါ်နိုင်သည်ကို မှတ်သားလိုက်ရပြန်သည်။ သို့ဆိုပါက ပဝါသည်လည်း တဘက်ကဲ့သို့ပင် ပခုံးတင်သည့်အဆင်တန်ဆာတစ်ခုဟု ပြောနိုင်သည်။ "ရပ်ကြီးသူတို့ဟန်မူပိုမို၊ နေညိုညချမ်း၊ ဆင်ဆန်းဆာပါ၊ အိုလေကွမ်းတုံဝိန်းရယ်နှင့် နှုတ်စိမ်းပဝါဆင်ကာ၊ လှည်းယဉ်လေလေလုပ်တဲ့မေရဲ့၊ သုတ်သုတ်ကလေးနှင့်လို့လာ"ဟူသည့် သီချင်းစာသားအတိုင်းပြောရပါမူ ရှေးကာလက မြန်မာအမျိုးသမီးများ ဘုရားပွဲ၊ အလှူပွဲများသို့သွားကြပါက လှည်းယဉ်ကလေးစီး၊ ဝတ်စားဆင်ယင်ထွက်ကြပုံကို သရုပ်ဖော်ထားသည့် သီချင်းစာသားပါအတိုင်း ရှုမြင်နိုင်ကြသည်။ ဖော်ပြသည့်သီချင်းအဖွဲ့အနွဲ့ကလည်း ခေတ်ဆန်သည်ဟု ပြောနိုင်သည်။ ငွေကြေးပြေလည်သူအမျိုးသမီးများသည် ဖဲကွမ်းတုံလုံချည်နှင့် အဆင်ဆန်းလှသည့် ဆာပါလည်းပါသည်။ နှုတ်စိမ်းပဝါလည်းပါသည်။ စီးပွားရေးပြေလည်ကြသည့် ရပ်ကြီးသူများ၏ပုံရိပ်ပင်ဖြစ်သည်။ ပခုံးပေါ်၌တင်ကြသည့်အဝတ်စပင်ဖြစ်သည်။ ဝိတိုရိယဘုရင်မကြီးပုံပါသည့်ဒင်္ဂါးကို ဆာပါခြူဒင်္ဂါးဟု ခေါ်ခဲ့ကြသည်။

ပဝါဟူသည် "ပါဝါရ"ဆိုသည့်ပါဠိပျက်ဖြစ်သည်။ ပါဝါရကို ပခုံးထက်တင်သည့်အထည်ဟု အနက်ဖွင့်ကြသည်။ အချို့သောသူတို့က "ပိုးဝါ"မှ ရွေ့လျားလာသည်ဟု ဆိုကြပြန်သည်။ တချို့ကလည်း "ပိုးလွှာ"မှ ပြောင်းခြင်းဟုပြောကြသည်။ တချို့ကတော့ "ပလွား ဝါ"ကလာသည်ဟုဆိုကြသည်။ ပိုးကောင်ကရပြီး ဝါသည့်အရောင်ရှိ၍ ပိုးဝါဟုခေါ်ကြခြင်းဖြစ်မည်။

❖ တဘက်ပဝါတို့သည် မြန်မာမိန်းကလေးများအတွက် အဆင်တန်ဆာသက်သက်မျှ မဟုတ်ခဲ့ပါချေ။ ကိုယ်တွင်းသားများကို လုံလုံခြုံခြုံရှိအောင် ထပ်ဆင့်ဖုံးကာထားသည့်အကာအကွယ်ဟုလည်း ထပ်ဆင့်အမွှမ်းတင်နိုင်သည်။ ရှက်ခြင်း၊ ကြောက်ခြင်း ဟီရိဩတ္တပ္ပနှင့် မိန်းမတို့ဣန္ဒြေကို တစ်ဖက်လူမသိစေရန် သို့ဝှက်ရာအရာလည်းဖြစ်သည်။ ပဝါတွင် စုလျားရစ်ပတ်သည့်သဘောထားများလည်းပါနိုင်သည်ဟု သေချာစေ့ငုကြည့်က တွေ့နိုင်သည်။ ၎င်းကို ရာမာယဏဇာတ်တော်ထဲ၌ ဇာတ်ဝင်ခန်းအနေဖြင့် လှလှပပကပြကြသည်။ ❖

ထိုမှ ပုဝါ၊ ပိုးလွှာဟူ၍ဖြစ်တည်လာကာ ယခုအခါ ပဝါဟူ၍ ဖြစ်လာနိုင်ခြေရှိသည်။ လွှာဟူသည် အထပ်အလွှာများပါဝင်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် အထပ်အလွှာများပါ၍ ပါးလွှာသောပခုံးပေါ်တင်သည့် အဝတ်စဟုဖွင့်ဆိုပါက နီးစပ်မည်ဖြစ်သည်။ ပဝါကို ရင်မှာရစ်ပြီး သူရဲကောင်းများ ပလွှားကြသည်ကိုအစွဲပြုပြီး ပလွှားဝါ၊ ၎င်းမှ ပဝါဟုလည်း ဖြစ်လာနိုင်ခြေရှိသည်။ ရှေးက ပဝါကို ပုသိမ်ထည်ဟုလည်း ခေါ်ကြပြန်သေးသည်။ မမြလေးဆိုသည့် "နေမှိန်မှိန်၊ ဆင်တောင်းတော်၊ ရွှေပုသိမ်နဲ့လာချိန်တန်ပေါ့"ဟူသည့် စာသားအရ "ပုသိမ်"ဟူသည် ပဝါလည်းဖြစ်နိုင်လေသည်။ ဘကြီးတော်လက်ထက် ဗုံကြီးသံများ၌လည်း "ပုသိမ်ထည်ပဝါနှင့်၊ ကျေးဥရွှေရုပ်ခေါင်းပေါ်တွင်၊ ခမောက်ရွှေလက်ဝါးရယ်၊ နွားစအုငင်"ဟုလည်းကောင်း၊ ရွှေဘိုကောက်စိုက်သံ၌ "ကွယ်လေးရဲ့မင်ကြောင်၊ ဘယ်မှောင်မှာထိုး၊ ဘေးနဂါးလိမ်ပုသိမ်ခင်းလို့၊ မှောင်တွင်းမှာထိုး"ဟုလည်းကောင်း တွေ့ရသည်။ ပုသိမ်မြို့သည် သင်္ဘောဆိပ်မြို့ဖြစ်ခဲ့သည်။ ပြည်ပမှ ပိုးထည်ဖဲထည်များကို ပုသိမ်မြို့သင်္ဘောဆိပ်ကဖြန့်ရင်း ပုသိမ်ထည်ဟုခေါ်လာနိုင်ခြေရှိသည်။ ပုသိမ်ထည်နာမည်ကြီးပုံမှာလည်း ဦးပုညက "လက်ဟောင်းငယ်မှန်၊ အဝါခံပုသိမ်စစ်ကိုမှ၊ သည်ခေတ်တွင် သူမခြုံလို့၊ မူတပုံဆန်း"ဆိုပြီး ပဒုမပေါင်တိုဇာတ်တွင် ရေးထားခဲ့သည်ထိ သက်ရောက်ခဲ့သည်။

တဘက်ပဝါတို့သည် မြန်မာမိန်းကလေးများအတွက် အဆင်တန်ဆာသက်သက်မျှ မဟုတ်ခဲ့ပါချေ။ ကိုယ်တွင်းသားများကို လုံလုံခြုံခြုံရှိအောင် ထပ်ဆင့်ဖုံးကာထားသည့်အကာအကွယ်ဟုလည်း ထပ်ဆင့်အမွှမ်းတင်နိုင်သည်။ ရှက်ခြင်း၊ ကြောက်ခြင်း ဟီရိဩတ္တပ္ပနှင့် မိန်းမတို့ဣန္ဒြေကို တစ်ဖက်လူမသိစေရန် သို့ဝှက်ရာအရာလည်းဖြစ်သည်။ ပဝါတွင် စုလျားရစ်ပတ်သည့် သဘောထားများလည်းပါနိုင်သည်ဟု သေချာစေ့ငုကြည့်က တွေ့နိုင်သည်။ ၎င်းကို ရာမာယဏဇာတ်တော်ထဲ၌ ဇာတ်ဝင်ခန်းအနေဖြင့် လှလှပပ ကပြကြသည်။ ရာမာယဏဇာတ်တော်အတွင်းမှ "ဒသဂီရိက သီတာမင်းသမီးကိုဆောင်ယူခန်းနှင့် ဒသဂီရိသစ္စာပန်းစိုက်ခန်း"တို့ကို ကြည့်ဖူးကြသူတိုင်း သိနိုင်ကြသည်။။

သီတာက ရွှေသမင်ကို အရှင်လိုချင်ပါသည်ဟု ပူဆာသဖြင့် ရာမမင်းသားလည်း သီတာအလိုကျ သမင်လိုက်ထွက်သွားသည်။ နာနာဘာဝတို့၏ လှည့်စားမှုကြောင့် ရာမမင်းသား ဒုက္ခရောက်နေပြီ အထင်နှင့် သီတာက လက္ခဏသီတော်ကို နောင်တော်ရာမမင်းထံ ထပ်မံစေလိုက်ပြန်သည်။ သီတာမင်းသမီးစေလွှတ်၍ ညီတော်လက္ခဏမင်းသားကလည်း အပါးကထွက်သွားရတော့သည်။ မော်ရုံဟေဝန်ပန်းမြိုင်လယ်အတွင်းဝယ် သီတာမင်းသမီးတစ်ယောက်တည်း ကျန်ခဲ့တော့သည်။ တစ်ခုသောကျောက်ထရံကြားမှ ပုန်းကွယ်ကြည့်ရှုနေသည့် ဒသဂီရိလည်း ညီတော်လက္ခဏမင်းသားထွက်သွားသည်နှင့် ၎င်းအကြံကို အကောင်အထည်ဖော်လေသည်။ ရသေ့အသွင်ဖြင့် ဆွမ်းအလှူခံလာသည့်ဒသဂီရိကို သီတာမင်းသမီးက ဆွမ်းထွက်လောင်းသည်။ ဒသဂီရိလည်း သီတာမင်းသမီး၏လက်ကိုဆွဲပြီး "သစ်သီးကို ငါဘာလုပ်ရမှာလဲ၊ သစ်သီးကိုအလိုမရှိ၊ သင့်ကိုသာအလိုရှိလို့ငါ ဤသို့ပြုခြင်းဖြစ်တယ်"ဟု သီတာကို ပြောလိုက်သည်။ ကဇာတ်အသွင်ကြည့်ကြရသဖြင့် သီတာမင်းသမီး၏လက်ကိုမဆွဲဘဲ ပဝါကိုသာလှမ်းဆွဲယူခြင်းဖြင့် သရုပ်ဖော်ကြသည်။ သီတာသည် ပဝါနှင့်အတူ ရုန်းထွက်သွားလိုက်သည်။ ဒသဂီရိက ပဝါကို မရမကလိုက်ဆွဲလေသည်။ သရုပ်ဖော်နေကြခြင်းဖြစ်သဖြင့် ရုန်းလိုက်ဆွဲလိုက်နှင့် သက်ဝင်စီးမျောမှုကနှစ်သက်ဖွယ်ကောင်းလှသည်။ နောက်ဆုံးတွင် ဒသဂီရိက ပဝါနဲ့အတူ သီတာမင်းသမီးကို ရစ်ပတ်နှောင်ပြီး ဆောင်ယူသွားနိုင်ခဲ့သည်။ ရှည်လျားလှပသည့်ပဝါနှင့် ချောမောလှပသည့် သီတာမင်းသမီးတို့ကို ရှုမြင်ရသည်မှာ မြန်မာမိန်းကလေးများနှင့် ပဝါ၏ အခန်းကဏ္ဍကို လှစ်ဟပြောပြနေသည့်နှယ်ရှိတော့သည်။ သီတာကိုဆောင်ယူလာသည့် ဒသဂီရိသည် သီတာကို သော်ကပန်းဥယျာဉ်အတွင်းမှာ စံစားနေစေသည်။ များစွာသောဘီလူးမတို့ကိုလည်း စောင့်ကြပ်ထားစေသည်။ ဒသဂီရိသည် အသသကဏ်တောင်ခြေ၌ သီတာ၏ရုပ်ပုံလွှာကို ကောက်ရကတည်းက ချစ်ခင်နှစ်သက်ခဲ့သည်။ ယခုအချိန်ဝယ် သီတာသည် သော်ကပန်းဥယျာဉ်အတွင်း ကျီးတို့အလယ်က ဟင်္သာမင်းနှယ် စံစားခံစားနေရတော့သည်။ ဒသဂီရိက ရွှေငွေကျောက်မျက်ရတနာများပေးပြီး ဖြားယောင်းသည်။ သူပိုင်သည့်နန်းတော်ကြီးထဲ၌ မဟေသီအဖြစ် တင်မြှောက်မည်ဟုလည်းဆိုသည်။ မွှေးရနံ့သင်းထုံသည့်ပန်းကလေးများခူးပြီး မိန်းမလှလေးသီတာ ပန်ဆင်နိုင်ရန် ခူးဆွတ်ပေးလာပြန်သည်။ သီတာကမူ စိတ်ရင်းအတိုင်း "မောင်တော်ရာမမှ မောင်တော်ရာမပဲ"ဟုလက်ကိုင်ပြုကာ တွင်တွင်ငြင်းလေသည်။ ကဇာတ်ဖြစ်သဖြင့် ရှည်လျားသည့်ပဝါစကို လက်တစ်ဆန့်ပင့်မြှောက်ပြီး မျက်နှာကိုတစ်ဖက်လွှဲကာ ပဝါကိုင်ထားသည့်လက်ကလေးကခါခါပြနေခြင်းကပင် နှစ်လိုဖွယ်ရသကို ပေးစွမ်းနေတော့သည်။ ရသအစစ်က သီတာသည် ဒသဂီရိ၏ချစ်ခြင်းဖော်ပြလာမှု၊ သွေးဆောင်မှုတို့ကို ပဝါဖြင့် တားဆီးကာကွယ်သွားကာ ဟီရိဩတ္တပ္ပကို ထိန်းသိမ်းသွားနိုင်ခြင်းပင်ဖြစ်တော့သည်။ ပိုမိုတင်စားနိုင်သည်က မိန်းမတို့၏ ဣန္ဒြေတန်ဖိုးကို ပဝါတစ်စအားပြုကာ တွန်းလှန်လိုက်နိုင်ခြင်းပင်ဖြစ်တော့သည်။ အနုပညာဖြစ်သဖြင့် သီတာ၏မျက်နှာဝယ် စိတ်ခံစားမှုများရှိနိုင်သည်။ သီတာ၏မျက်နှာဝယ် ညစ်ညူးနေသည့်စိတ်ခံစားမှုများ လွှမ်းမိုးနိုင်သည်။ ပဝါကကွယ်ကာထားသဖြင့် ပရိသတ်သည် သီတာ၏ မျက်နှာခံစားမှုကို ရိုးတိုးရိပ်တိပ်ပင်တွေ့ရသည်။ ခန္ဓာကား တွန်းလှန်မှုအပြည့်သာရှိနေသည်။

"ထွေးတော်အိမ်ပါး၊ လက်ပန်ပင်ရှေ့၊ ကျဉ်းမြောင်းကွေ့၊ တွေ့သောခါ၊ ပဝါလက်သစ်၊ မယ်ပေးတဲ့ခေါင်းပေါင်းပြာ လည်မှာရစ်လို့"ဟူသည့် အိုင်ချင်းအတိုင်းပင် ဒသဂီရိသည် သီတာ၏ပဝါစကို အချစ်အမှတ်အဖြစ် ရယူနေခြင်းပင်ဖြစ်သည်။ သီတာမင်းသမီး၏ပဝါကိုရလိုက်ပြီဆိုပါက သီတာ၏အချစ်ကိုရပြီ၊ စုလျားရစ်ပတ်နိုင်ပြီဟုလည်း ပြောလိုရင်းဖြစ်သည်။ တစ်ဆင့်တက်ပြီး ပဝါကိုရပြီ၊ အချစ်ကိုရပြီဆိုပါမူ နယ်ကျူးချင်သည့်နိမိတ်ပုံတို့ကိုလည်း လှပစွာဖော်ပြသည်။ အကယ်၍ သီတာမင်းသမီးကို ပေါင်းဖက်ခွင့်ရသွားခဲ့ပါကလည်း အတူနေကြသည့် တစ်ချိန်ဝယ် "နှမမယ်သီတာ ဒါမင်းပဝါလေးလေ"ဟု လည်မှာရစ်ပတ်ပြီး ချစ်သက်သေထူပြချင်လည်း ထူပြပေလိမ့်မည်။ "အဲဒီအချိန်တုန်းကလေ"ဟု မရိုးသောဇာတ်ဟောင်းလေးကို ပြန်ပြောင်းပြောချင်လည်း ပြောကြပေလိမ့်မည်။ သို့တည်းမဟုတ် လည်မှာပဝါကို ရစ်ပြပြီး "တစ်ချိန်က အချစ်ဇာတ်လမ်းလေး"ဟု ပြောချင်လည်းပြောနိုင်သည်။ အိုင်ချင်းအရ ပဝါကို ယောက်ျားလေးများက ခေါင်းပေါင်းလေ့ရှိကြသကဲ့သို့ လည်မှာ အချစ်သက်သေပြုသည့်အနေဖြင့် ရစ်ပတ်ထားခြင်းမျိုးလည်းရှိသည်။ ထိုသဘောကို ဒသဂီရိ၏ စရိုက်အတွင်း၌ ထည့်သွင်းပြောပြလိုချင်ဟန်ရှိသည်။

တဘက်ပဝါတို့သည် ရိုးရာဓလေ့တစ်ခုနှယ် မြန်မာမိန်းကလေးများနှင့်အတူ ယဉ်ပါးနေကြသည်။ ၎င်းသည် ငြင်းချက်မထုတ်နိုင်သည့် ယဉ်ကျေးမှုပင်ဖြစ်သည်။ ရိုးရာသည် သမိုင်းဖြစ်သဖြင့် မြန်မာမိန်းကလေးများ တဘက်ပဝါတို့ကို ကိုင်တွယ်သုံးစွဲခဲ့သည်ဆိုသည့်သမိုင်းသည် မြန်မာ့ရိုးရာဟုပင်ပြောနိုင်သည်။ တဘက်ပဝါဟူသည် အမည်သာမညမဟုတ်ဘဲ မြန်မာမိန်းမသားများအတွက် သစ္စာပန်းပြရာသက်သေပင်ဖြစ်သည်။ တဘက်ပဝါဆင်ယင်ကာဖြင့် မြန်မာမိန်းကလေးများ လှပကြပါစေကြောင်း ဆုတောင်းလိုက်ရပါတော့သည်။

**ကိုးကား**

– **မြန်မာအမျိုးသမီးဆင်ယင်ထုံးဖွဲ့မှု(ဓောမုံညင်း)**

– **ဆင်ယင်ထုံးဖွဲ့မှု(ရွှေကိုင်းသား)**

# ခရေ ဇာတ်ကားကို SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်မည်



**ရန်ကုန် နိုဝင်ဘာ ၂၂**

နဂါးမင်းရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ခရေ ဇာတ်ကားကို နိုဝင်ဘာ ၂၃ ရက်၊ ၂၅ ရက်တွင် SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သရုပ်ဆောင် ဆန်းထွဋ်က ပြောပြ၍ သိရသည်။

ခရေ ဇာတ်ကားသည် ၂၀၁၀ ပြည့်နှစ်က ရုံတင်ပြသထားသည့် ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး မြားစစ်သည်၏ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာဝိုင်းက ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ဝိုင်းကပင် ရိုက်ကူးထားခြင်းဖြစ်သည်။

"ဒီဇာတ်ကားကတော့ တစ်ပိုင်းတည်းအပြီး ပြသမဲ့ရုပ်ရှင်ဇာတ်ကားဖြစ်ပါတယ်။ ဒီဇာတ်ကားကို ၂၀၁၀ ပြည့်နှစ်တုန်းက ရုပ်ရှင်ဇာတ်ကားအနေနဲ့ ရုံတင်ပြသထားပြီးဖြစ်ပါတယ်။ SKYPREMIER HD မှာလဲ ၂၀၂၀ ပြည့်နှစ်က ပြသထားခဲ့ပြီးဖြစ်ပါတယ်။ ချစ်ရသူနဲ့ခံစားချက်တွေကိုမြှုသိပ်ပြီး ငွေကြေးပြည့်စုံတဲ့ သူကိုရွေးချယ်လိုက်တဲ့ ကောင်မလေး၊ မျှော်လင့်ချက်အကျိုးအကြေတွေနဲ့ ကျန်ရစ်ခဲ့တဲ့ ကောင်လေး၊ ချစ်သူနှစ်ယောက်ရဲ့ ကြေကွဲစရာဇာတ်ကားလေးကို ခရေမှာ မြင်တွေ့ခံစားရမှာပါ"ဟု သရုပ်ဆောင် ဆန်းထွဋ်က ပြောပြသည်။

ခရေဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ ဆန်းထွဋ်၊ ဝတ်မှုံရွှေရည်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# ကလောမြို့၏ ရိုးရာမီးကြာလှည့်လည်ပူဇော်ပွဲနှင့် မီးရှော်တိုင်ပွဲတော် ကျင်းပမည်ဖြစ်

**ကလော နိုဝင်ဘာ ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့၏အစဉ်အလာ ရှမ်းတိုင်းရင်းသား ရိုးရာပွဲတော်တစ်ခုဖြစ်သည့် ရိုးရာမီးကြာလှည့်လည်ပူဇော်ပွဲနှင့် မီးရှော်တိုင်ပွဲတော်ကို နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၁ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ကလောမြို့ ရိုးရာမီးကြာလှည့်လည်ပူဇော်ပွဲနှင့် မီးရှော်တိုင်ပွဲတော် ကျင်းပရေးကော်မတီဝင် ဦးဇော်ဇော်ဝင်းက ပြောပြ၍ သိရသည်။

ကလောမြို့၏ ရိုးရာမီးကြာလှည့်လည်ပူဇော်ပွဲနှင့် မီးရှော်တိုင်ပွဲတော်သည် (၁၈) ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့် ကိုဗစ်ကာလအတွင်းက ကျင်းပနိုင်ခြင်းမရှိဘဲ ယခုနှစ်မှသာ ပြန်လည်ကျင်းပနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"ကလောမြို့ ရိုးရာမီးကြာလှည့်ပူဇော်ပွဲနဲ့ မီးရှော်တိုင်ပွဲတော်ကို နိုဝင်ဘာ ၂၈ ရက်ကနေ ဒီဇင်ဘာ ၁ ရက်ထိ ကျင်းပမှာဖြစ်ပါတယ်။ ပုံမှန်အားဖြင့်ဆို ပွဲတော်ကာလကို တစ်ပတ်လောက် ကျင်းပပေမဲ့ ဒီနှစ်မှာတော့ လေးရက်ပဲ ကျင်းပမှာဖြစ်ပါတယ်။ ကလောမြို့ပေါ်မှာ ရပ်ကွက် ၁၁ ရပ်ကွက်ရှိပြီး ရပ်ကွက်တစ်ခုစီကနေ မီးရှော်တိုင်တစ်ခုစီ ထွန်းညှိပူဇော်ကြပါတယ်။ မီးကြာကတော့ မိမိတို့ပုံဖော်လိုတဲ့ ဒီဇိုင်းအလိုက်ပုံဖော်ပြီးတော့ ရိုးရာဝတ်စုံတွေဝတ်ဆင်ပြီး မြို့ပေါ်ကို စီတန်းလှည့်လည် ပူဇော်ကြတာဖြစ်ပါတယ်။ ဒီမှာကတော့ တန်ဆောင်တိုင်ပွဲတော်လို့မခေါ်ဘဲ ရိုးရာမီးရှော်တိုင် ပွဲတော်လို့သာခေါ်ဝေါ်သုံးစွဲကြပါတယ်။ တောင်ကြီးတန်ဆောင်တိုင် ပွဲတော်ပြီးမှသာ ကလောတန်ဆောင်တိုင်ပွဲတော်ကို ပြုလုပ်လေ့ရှိပါတယ်"ဟု ကလောမြို့ ရိုးရာမီးကြာလှည့်လည်ပူဇော်ပွဲနှင့် မီးရှော်တိုင်ပွဲတော်ကျင်းပရေးကော်မတီဝင် ဦးဇော်ဇော်ဝင်းက ပြောပြသည်။



မီးရှော်တိုင်ပွဲတော်ကို ကလောမြို့ နာရီစင်ဘေးရှိ ကလောမောမြေဦးပန်းခြံကွင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း ဈေးရောင်းပွဲတော်ကိုလည်း ထည့်သွင်းသွားမည်ဖြစ်ကြောင်း၊ မီးရှော်တိုင်ကို ထင်းရှူးဆီ ထင်းရှူးသားများဖြင့် မျောတိုင်အမြင့် ၂၅ ပေကျော်ကို ဝါးနှီးဖြင့် ရစ်ပတ်ထားသည့်တိုင်ကို ခေါ်ခြင်းဖြစ်ပြီး မီးရှော်တိုင်နှင့်တွဲဖက်ကာ ယမ်းခွေကိုလည်း ပြုလုပ်ထားကြောင်း၊ မီးရှော်တိုင်တစ်တိုင်ကို လူဦးရေ ၂၀ ခန့်က ထမ်းယူသယ်ဆောင်ကာ ပွဲတော်ကျင်းပသည့်ကွင်းတွင် မီးရှို့မီးပူဇော်ခြင်းဖြစ်ကြောင်း သိရသည်။

ASH

# ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်တွင် ၂၀၂၃ ခုနှစ် စက်မှုထုတ်ကုန်ပစ္စည်းများ တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ကုန်ထုတ်လုပ်မှုစက်ယန္တရားနည်းပညာပြပွဲ ပြုလုပ်မည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်တွင် ၂၀၂၃ ခုနှစ် စက်မှုထုတ်ကုန်ပစ္စည်းများ တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ကုန်ထုတ်လုပ်မှုစက်ယန္တရားနည်းပညာပြပွဲ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ အတွင်းရေးမှူး ဦးညီညီမင်းက ပြောပြ၍ သိရသည်။

အဆိုပါပြပွဲကို ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်၌ နိုဝင်ဘာ ၂၅ ရက်မှ နိုဝင်ဘာ ၂၇ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး တန်ဆောင်တိုင်ဈေးရောင်းပွဲတော်တွင် ဈေးဆိုင်ခန်းပေါင်း ၄၅၉ ခန်း၊ စားသောက်ဆိုင်ခန်းပေါင်း ၅၉ ခန်း ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကာ ပွဲတော်လာပြည်သူများကို ဖျော်ဖြေရေးစင်မြင့်မှလည်း ဖျော်ဖြေပေးမည်ဖြစ်ကြောင်း သိရသည်။

"တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နဲ့ ကုန်ထုတ်လုပ်မှုစက်ယန္တရားနည်းပညာပြပွဲကိုတော့ ပြည်သူ့ရင်ပြင်မှာ နိုဝင်ဘာ ၂၅ ရက်ကနေ ၂၇ ရက်ထိ ကျင်းပသွားမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ စက်မှုဇုန် ၂၉ ဇုန်နဲ့ အသေးစား၊ အလတ်စားနဲ့အငယ်စား စက်မှုလုပ်ငန်းရှင်တွေကနေ ထုတ်ကုန်မျိုးစုံကို ဆိုင်ခန်းပေါင်း ၄၅၉ ခန်း ဖွင့်လှစ်ရောင်းချပေးမှာဖြစ်ပါတယ်။ ပွဲတော်လာပြည်သူတွေ စားသောက်နားနေနိုင်ဖို့ စားသောက်ဆိုင် ၅၉ ဆိုင်ကိုလဲ ဖွင့်လှစ်ပေးထားမှာဖြစ်သလို တန်ဆောင်တိုင်မီးထွန်းပွဲတော်ကိုလဲ ထည့်သွင်းကျင်းပပေးမှာဖြစ်ပါတယ်။ မီးရှူးမီးပန်းတွေ ပစ်ဖောက်တာ၊ မီးပုံးပျံအသေးတွေ လွှတ်တင်တာ ရင်ပြင်အတွင်း မီးအလှတွေထွန်းညှိတာတွေလဲ ဆောင်ရွက်မှာဖြစ်ပါတယ်"ဟု ဦးညီညီမင်းက ပြောပြသည်။

၂၀၂၃ ခုနှစ် စက်မှုထုတ်ကုန်ပစ္စည်းများ တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ကုန်ထုတ်လုပ်မှုစက်ယန္တရားနည်းပညာပြပွဲ ပွဲတော်ကာလအတွင်း ပွဲတော်လာပြည်သူတွေကို စတုဒိသာကျွေးမွေးဧည့်ခံခြင်းများ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်ဟာသပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ မျက်လှည့်ဆပ်ကပ်အကအလှများကို ရှုစားရမည့်အပြင် လူငယ်များအတွက် E-sport Game ပြိုင်ပွဲများကိုလည်း ထည့်သွင်းထားကြောင်း သိရသည်။ ASH

# Tron: Ares ဇာတ်ကားကို နိုဝင်ဘာလအတွင်း ရိုက်ကူးရန်စီစဉ်ထား

**နယူးယောက် နိုဝင်ဘာ ၂၂**

Tron: Ares အမည်ရှိ သိပ္ပံဇာတ်ကားကို ယခုနှစ် နိုဝင်ဘာလအတွင်း စတင်ရိုက်ကူးရန် ဒစ္စနီးရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း နိုဝင်ဘာ ၂၁ ရက်သတင်းများအရ သိရသည်။

Tron: Ares ဇာတ်ကားသည် Tron:Legacy (2010)၏ နောက်ဆက်တွဲဇာတ်ကားဖြစ်သည်။

Tron: Ares ဇာတ်ကားကို ဒါရိုက်တာ ယိုအာချင်းရွှန်နင်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး မင်းသား ဂျာရက်လီတိုက အဓိက ဇာတ်ကောင်နေရာတွင် ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

Tron ဇာတ်ကားများသည် ဒစ်ဂျစ်တယ်ကမ္ဘာအတွင်း ရောက်ရှိသွားသည့် ကွန်ပျူတာပရိုဂရမ်မာများ၏စွန့်စားခန်းများကို ရိုက်ကူးထားခြင်းဖြစ်သည်။

Tron: Ares ဇာတ်ကားတွင် ယခင် Tron ဇာတ်ကားများမှ မင်းသား ဂျက်ဘရစ်ခ်ျနှင့် ဂါရတ်ဟက်လန်းတို့ ပြန်လည်ပါဝင်လာရန် ရှိ၊ မရှိ မသိရသေးကြောင်း သိရသည်။

ကနေဒါနိုင်ငံ ဗင်ကူးဗားမြို့၌ ရိုက်ကူးမည့် Tron: Ares ဇာတ်ကား ရုံတင်မည့်ရက်ကို ဒစ္စနီးရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref: Russia Today**

**Trs: KKO**




# Superman: Legacy ဇာတ်ကားတွင် မင်းသား နီကိုလပ်ဟော့ ပါဝင်မည်

**နယူးယောက် နိုဝင်ဘာ ၂၂**

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏ Superman: Legacy ဇာတ်ကားတွင် မင်းသား နီကိုလပ်ဟော့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၁ ရက် သတင်းများအရ သိရသည်။

Superman: Legacy ဇာတ်ကားတွင် နီကိုလပ်ဟော့သည် အဓိက ဗီလိန် ဇာတ်ကောင်ဖြစ်သော လက်အာသာ ဇာတ်ကောင်နေရာတွင် ပါဝင်ရေးအတွက် ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း သိရသည်။


မင်းသား နီကိုလပ်ဟော့သည် အဆိုပါဇာတ်ကားတွင် မင်းသား ဒေးဗစ်ကိုရန်စဝပ်၊ မင်းသမီး ရာချယ်ဘရော့စနာဟန်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Superman: Legacy ဇာတ်ကားကို ဒါရိုက်တာ ဂျိမ်းဂန်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး အဓိကဇာတ်ကောင် လပ်ကန့် (Superman) နေရာတွင် မင်းသား ဒေးဗစ်ကိုရန်စဝပ်က သရုပ်ဆောင်မည်ဖြစ်သည်။

Superman: Legacy ဇာတ်ကား၏ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ဂျိမ်းဂန်းက ဇာတ်ညွှန်းရေးဆရာ ဂျာရီဆီးဂဲနှင့် ပူးတွဲရေးသားထားကြောင်း သိရသည်။

**Ref: Xinhua News**

**Trs: KKO**



# Delegation led by Thai Air Chief Marshal and wife arrives, receives welcome with guard of honour, attends meeting and dinner, conducts study tour




Air Chief Marshal Punpakdee Pattanakul and wife make cash donation.

**Nay Pyi Taw November 22**

At the invitation of Commander-in-Chief (Air) General Tun Aung, a delegation led by Commander-in-Chief of Royal Thai Air Force Air Chief Marshal Punpakdee Pattanakul and wife arrived here this morning on an official goodwill visit to the Republic of Union of Myanmar. They were welcomed at Nay Pyi Taw Airport by senior officers from Tatmadaw (Air), the Thai Military Attaché to Myanmar and officials.

The Thai delegation visited the Memorial to Fallen Heroes (Nay Pyi Taw), laid a wreath in front of the commemorative stone pillar and saluted the heroes who sacrificed life for the State and Tatmadaw. The Thai Air Chief Marshal signed the visitor's book.

In the afternoon, Commander-in-Chief (Air) General Tun Aung welcomed Air Chief Marshal Punpakdee Pattanakul with the Guard of Honour at Bayintnaung Villa in Nay Pyi Taw.

First, General Tun Aung and Air Chief Marshal Punpakdee Pattanakul took the salute of the Guard of Honour and inspected it.

After the bilateral introduction of officials of both countries, Air Chief Marshal Punpakdee Pattanakul signed the visitor's book of the villa.

General Tun Aung held talks with the goodwill delegation led by Air Chief Marshal Punpakdee Pattanakul at the parlour of the villa.

Cordial discussions were centred on exchange of Myanmar-Thai goodwill visits, training programs, further improvement of relations between the two air forces, natural disaster relief and rescue programs, technological exchange programs, and Humanitarian Assistance and Disaster Relief-HADR.

After the meeting, General Tun Aung and Air Chief Marshal Punpakdee Pattanakul exchanged commemorative badges and posed for documentary photo together with attendees.

Also present together with General Tun Aung were senior military officers from Tatmadaw (Air). Air Chief Marshal Punpakdee Pattanakul was accompanied by senior military officers from Royal Thai Air Force.

In the evening, General Tun Aung hosted dinner in honour of Air Chief Marshal Punpakdee Pattanakul and wife at Kissapanadi Hall, Bagan building, Jasmine Hotel. They cordially enjoyed the dinner together with members of the delegation and senior officers from Tatmadaw (Air). Entertainment programs were staged before and during the dinner.

The delegation led by Air Chief Marshal Punpakdee Pattanakul and wife paid homage to Uppatasanti Pagoda in Pobbathiri Towship, Nay Pyi Taw, and watched the white elephants in the evening. They also paid homage and offered flowers, water, lights to Maravijaya Buddha Image, the tallest stone Buddha Statue in seated posture in the world, in the compound of Buddha Park, Dekkhinathiri Township. They were conducted round the stone tablet pagodas and religious buildings.

100



General Tun Aung and Air Chief Marshal Punpakdee Pattanakul inspect the Guard of Honour.

# Myanmar exports more fishery products from sea trade routes

**Nay Pyi Taw November 22**

More fishery products are exported through the maritime trade routes than through the border trade routes, according to reports from the Ministry of Commerce.

When Myanmar exports and sells its products to foreign customer market countries, it exports and sells agricultural products, animal products, fishery products, mineral products, forestry products, industrial finished products, and other export products.

Among them, the fishery export is the fourth largest volume of trade.

Myanmar's foreign export sector was able to carry out trade worth US$8,608.452 million from April to the end of October in 2023-2024 FY, while the fishery export sector was able to carry out the fourth highest trade volume with US$369.439 million.

In doing so, Myanmar exported US$204.689 million worth of fishery products from the maritime trade routes and US$164.750 million from the border trade routes, which was US$39.939 million more than the export amount of border trade routes.

Since the 2020-2021 FY, it is reported that more fishery exports have been made through the sea trade route.

336



Factory workers processing fish.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Tragacanth gum herb market becomes active as extraction starts


Tragacanth gum herbs being extracted.

**Bago November 22**

According to reports from the Department of Consumer Affairs, the tragacanth gum herb market is becoming more active as it is being extracted.

Tragacanth gum herb is mainly cultivated in the arid regions of central Myanmar. Most of the cultivation is in Sagaing Region, Mandalay Region, Bago Region, Magway Region, and Shan State. There are more than 30,000 acres of tragacanth gum herb cultivated in Myanmar as a whole, and more than 1,000 tons of tragacanth gum herb are produced per year. It is mainly exported to China, Thailand, Japan, and India.

In the tragacanth gum herb market, the prices were very good until the outbreak of the Covid-19.

After the outbreak of Covid-19, foreign buyers were almost gone, so the tragacanth gum herb was dependent on the domestic market. As a result, the prices dropped significantly by K7,000 to K8,000 per viss. Now, the tragacanth gum herb businesses in Bago Region have started extracting.

As a result, the tragacanth gum herb market has become active in Bago Region. There are 730 acres of tragacanth gum herb cultivated in Shwetaung Township, Payi District in Bago Region. There are two types of tragacanth gum herb extracted in these areas.

336

# Those who passed middle school exam can apply for welding course

**Yangon November 22**

The Ministry of Science and Technology recently issued a press release, saying that those who have passed the middle school examination and can understand basic English language can apply for the welding course.

The Technical, Vocational Education and Training Department under the Ministry of Science and Technology will conduct welding course No 17 in cooperation with Yadana Project under of PTTEP International Ltd (Yangon Branch).

The course will be conducted at the Yadana Welding Technological Training School in Aung San of Lower Mingaladon Road in Sinngu Ward of Insein Township. It will last for 12 weeks starting from 18 December.

The candidates must be healthy and good moral. They must be between aged 18 and 35. They have to join a personal interview. Training fee is free, and Yadana Project will provide K30,000 each to trainees during the training period.


A welding course being conducted.

Yadana Project will provide K100,000 for cost of a safety suit of trainee and the rest must be cost by trainee.

Applications are available at the training school of Yadana Project and these applications must be submitted by 11 December. For further information, dial 01645759 and 09777387369.

336

# Yangon Region plans to grow over 43,000 acres of mung bean, produce over 22,000 tons in winter

**Yangon November 22**

Yangon Region is planning to cultivate more than 43,000 acres of mung bean and produce more than 22,000 tons in winter this fiscal year, according to reports from the Myanmar Trade Promotion Organization on November 21.

In agricultural activities, besides rice, oil crops and various kinds of beans and pulses are cultivated seasonally. According to these activities, in the winter of 2022-2023 FY, 40,917 acres of mung beans were planted in the leguminous cultivation sector in Yangon Region. At the time of harvesting, the opening price of a basket of 72 pounds of mung bean is from K65,000 Kyats to K95,000 at the end of the mung bean season. Therefore, in Yangon Region, there are plans to expand the cultivation of mung bean to 43,686 acres in the winter of 2023-2024.

It is expected to produce 22,914 tons of mung bean with an average rate of 16.64 baskets per acre. In addition, when the mung bean comes out, the traders and farmers of the area expect to earn up to K91,000 per basket.

In Yangon Region, mung bean is mostly grown in the townships of Taikkyi, Hmawby and Htantabin, and they have been growing it since October. Therefore, currently, the price of mung bean in Yangon Region is good at a rate of K130,000 per basket.

336

# DPRK's reconnaissance satellite to start mission from December: KCNA

**Seoul November 22**

The aerospace agency of the Democratic People's Republic of Korea (DPRK) said Wednesday that the reconnaissance satellite "Malligyong-1" will formally start its mission from Dec. 1 after a seven-to-10-day fine-tuning process, the official Korean Central News Agency (KCNA) reported.

The National Aerospace Technology Administration made the announcement during a visit by Kim Jong Un, general secretary of the Workers' Party of Korea and president of the State Affairs of the DPRK, to Pyongyang General Control Center of the aerospace agency, according to the KCNA report.

Noting that the country has finally developed and possessed aerospace reconnaissance capability by its own efforts and technologies, the DPRK top leader lauded the satellite launch as "a great event" in developing the DPRK armed forces and coping with the evolving military situation in the region, said the report.

Kim stressed the need to send into orbit more reconnaissance satellites of various kinds and operate them in a combined and practical manner, in order to "provide the DPRK armed forces with abundant valuable real-time information about the enemy and further promote their responsive posture," it added.

The DPRK successfully launched a space rocket and sent the "Malligyong-1" into orbit late Tuesday, the KCNA reported earlier Wednesday.

Xinhua

# Xi urges ceasefire in Gaza, stresses two-state solution

**Beijing November 22**

Chinese President Xi Jinping on Tuesday attended the BRICS extraordinary virtual summit on the Palestinian-Israeli issue, saying that the parties to the conflict must end hostilities and achieve a ceasefire immediately.

Xi called on the parties to stop all violence and attacks against civilians, release civilians held captive, and act to prevent loss of more lives and spare people from more miseries.

Xi said humanitarian corridors must be kept secure and unimpeded, and more humanitarian assistance should be provided to the population in Gaza.

He said the international community must act with practical measures to prevent the conflict from spilling over and endangering stability in the Middle East as a whole.

He emphasized that the only viable way to break the cycle of Palestinian-Israeli conflict lies in the two-state solution, in the restoration of the legitimate national rights of Palestine, and in the establishment of an independent State of Palestine.

China calls for early convening of an international peace conference that is more authoritative to build international consensus for peace and work toward an early solution to the question of Palestine that is comprehensive, just and sustainable, Xi said.

Xinhua



# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အီရန်နိုင်ငံက နောက်ဆုံးထုတ် ဟိုက်ပါဆောနစ်ဒုံးကျည်ကို ထုတ်ဖော်ပြသ




အီရန်နိုင်ငံသည် ၎င်း၏ နောက်ဆုံးထုတ်အဆင့်မြင့်နည်းပညာသုံး ဟိုက်ပါဆောနစ်ဒုံးကျည်ကို ထုတ်ဖော်ပြသခဲ့ကြောင်း နိုဝင်ဘာ ၁၉ ရက်က အီရန်နိုင်ငံ၌ပြုလုပ်သော အခမ်းအနားတစ်ခုအတွင်း အီရန်နိုင်ငံ တော်လှန်ရေးအစောင့်တပ် (IRGC) ထိပ်တန်းခေါင်းဆောင် Ayatollah Ali Khamenei က ပြောကြားသည်။

အဆိုပါဒုံးကျည်သည် ဟိုက်ပါဆောနစ်နည်းပညာကို အခြေခံထုတ်လုပ်ထားကြောင်း၊ ၎င်းကို Ashura Aerospace Science and Technology University တွင် အီရန်နိုင်ငံ၏ အာကာသနည်းပညာဆိုင်ရာတိုးတက်ဖွံ့ဖြိုးမှုများကို ထုတ်ဖော်ပြသည့်ပြပွဲအတွင်း တင်ဆက်ပြသခဲ့ခြင်းဖြစ်ကြောင်း နောက်ပိုင်းသတင်းများအရ သိရသည်။

Fattah-2 ပဲ့ထိန်းဒုံးကျည်တွင် ဟိုက်ပါဆောနစ် လေဟုန်စီးထိပ်ဖူးတပ်ဆင်ထားပြီး ၎င်းကို HGV ဟိုက်ပါဆောနစ်လက်နက်အမျိုးအစားတွင် ထည့်သွင်းအသုံးပြုနိုင်ကြောင်း IRNA သတင်းဌာန၏ အဆိုအရ သိရသည်။

ထို့ကြောင့် အီရန်နိုင်ငံသည် ဟိုက်ပါဆောနစ်နည်းပညာကို အသုံးပြုတပ်ဖြန့်နိုင်သည့် ကမ္ဘာပေါ်တွင် စတုတ္ထမြောက်နိုင်ငံဖြစ်လာကြောင်း နိုင်ငံပိုင်မီဒီယာများက ရေးသားဖော်ပြခဲ့ကြသည်။

လျှောပျံယာဉ် တစ်နည်းအားဖြင့် လေဟုန်စီးယာဉ် (HGV) သည် ဟိုက်ပါဆောနစ်အလျင်နှုန်းဖြင့် ပျံသန်းနိုင်ပြီး လေဟုန်စီးကာ လှုပ်ရှားစစ်ကစားနိုင်စွမ်းရှိသော ဒုံးထိပ်ဖူးအမျိုးအစားဖြစ်သည်။ ၎င်းကို များသောအားဖြင့် ပဲ့ထိန်းဒုံးကျည်များပေါ်တွင် တပ်ဆင်အသုံးပြုလေ့ရှိပြီး ပစ်လွှတ်ပြီးနောက် ၎င်း၏ပျံသန်းမှုလမ်းကြောင်းကို သိသိသာသာပြောင်းလဲပစ်နိုင်စွမ်းရှိသည်။ ထိုသို့ လှုပ်ရှားစစ်ကစားပျံသန်းနိုင်စွမ်းသည် တစ်ဖက်ရန်သူ၏ ဒုံးပျံကာကွယ်ရေးစနစ်များမှ ပိုမိုခန့်မှန်းတွက်ချက်နိုင်သောလမ်းကြောင်းအတိုင်း ပျံသန်းလေ့ရှိသည့် သာမန်ထိပ်ဖူးများထက် ထောက်လှမ်းရန် ပိုမိုခက်ခဲသောပစ်မှတ်ဖြစ်လာစေခဲ့သည်။

ယနေ့အချိန်ထိ ကမ္ဘာပေါ်တွင် နိုင်ငံအနည်းငယ်သာ စစ်ဆင်ရေးသုံး ဟိုက်ပါဆောနစ်လေဟုန်စီး HGV ဒုံးကျည်များ ပိုင်ဆိုင်ထားနိုင်သေးသည်။ ၎င်းတို့ထဲမှ ရုရှားနိုင်ငံသည် Sarma ကဲ့သို့ Silo-based တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်များပေါ်တွင် တပ်ဆင်ထားသော လေဟုန်စီးယာဉ် (Avangard Gliders) များကို ပိုင်ဆိုင်ထားသည်။ ရုရှားနိုင်ငံထုတ် Avangard HGV သည် အသံ၏အမြန်နှုန်းထက် အဆ ၂၀ မှ ၂၇ ဆကြား သို့မဟုတ် တစ်နာရီ ကီလိုမီတာ ၂၄၀၀၀ နှင့် ၃၃၀၀၀ ကြားပျံသန်းနိုင်ပြီး ပေါက်ကွဲမှုနှုန်းပြင်းအားမှာ ၂ မဂ္ဂါတန်ထိရှိကာ အမေရိကန်နိုင်ငံ၏ ဟီရိုရှီးမားမြို့ပေါ် ကြဲချခဲ့သော နျူကလီးယားဗုံး ပေါက်ကွဲထွက်နှုန်းပြင်းအားထက် အဆ ၁၀၀ ပိုမိုမြင့်မားကြောင်း သိရသည်။

အီရန်နိုင်ငံပိုင်မီဒီယာများက ဒုံးကျည်၏ နည်းပညာပိုင်းဆိုင်ရာအသေးစိတ်အချက်အလက်များကို အနည်းငယ်သာ ဖော်ပြထားသောကြောင့် အီရန်နိုင်ငံ၏ Fattah-2 ပဲ့ထိန်းဒုံးကျည်အကြောင်းမှာ လူသိနည်းလျက်ရှိသေးသည်။ ဇွန် ၆ ရက်က တရားဝင်ထုတ်ဖော်ပြသခဲ့သော ယခင်ဗားရှင်း Fattah ပဲ့ထိန်းဒုံးကျည်သည် အကွာအဝေးကီလိုမီတာ ၁၄၀၀၊ အသံ၏အမြန်နှုန်းထက် ၁၃ ဆမှ ၁၅ ဆထိ ပိုမိုလျင်မြန်ဆန်စွာ ပျံသန်းတိုက်ပွဲဝင်နိုင်ကြောင်း သိရှိထားသည်။

ဒုံးကျည်၏ တိုက်ပွဲဝင်အကွာအဝေးကို ကီလိုမီတာ ၂၀၀၀ ထိ တိုးမြှင့်နိုင်သည်ဟု ဇွန်လနှောင်းပိုင်းတွင် အီရန်နိုင်ငံ IRGC အာကာသတပ်ဖွဲ့အရာရှိချုပ် ဗိုလ်ချုပ်ကြီး Amir Ali Hajizadeh က ပြောကြားခဲ့ဖူးသည်။ ထိုသို့သောစစ်ဆင်ရေးအကွာအဝေးသည် အီရန်ကို ၎င်း၏ အဓိကရန်သူဟုယူဆထားသည့် အစ္စရေးပိုင်နက်အတွင်းသို့ တိုက်ပွဲဝင်နိုင်စွမ်းကို ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်ကြောင်း သိရသည်။

Fattah-2 ပဲ့ထိန်းဒုံးကျည်သည် ရန်သူ၏လေကြောင်းရန်ကာကွယ်ရေးစနစ်များကိုကျော်လွှား၍ ထိုးဖောက်ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိကြောင်း အီရန်နိုင်ငံမီဒီယာများ၏အဆိုအရ သိရသည်။

**Iran unveils its newest hypersonic missile ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်ထုတ် Sidewinder, SM-6 ဒုံးကျည်များကို တောင်ကိုရီးယားဝယ်ယူ

တောင်ကိုရီးယားနိုင်ငံသည် အမေရိကန်ဒေါ်လာသန်း ၇၀၀ တန်ဖိုးရှိ အမေရိကန်ထုတ် Sidewinder, SM-6 ဒုံးကျည်များကို ဝယ်ယူခဲ့ကြောင်း Defense Post သတင်းဌာနက နိုဝင်ဘာ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ နိုဝင်ဘာ ၁၄ ရက်က သဘောတူညီမှုတွင် တောင်ကိုရီးယားက Raytheon ကုမ္ပဏီထုတ် Standard Missile 6 (SM-6) Block I ဒုံးကျည် ၃၈ စင်းထိ ဝယ်ယူရန်ပါဝင်သည်။ SM-6 ဒုံးကျည်သည် လေကြောင်းရန်ကာကွယ်ရေး၊ ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးနှင့် ရေကြောင်းစစ်ဆင်ရေး ရည်မှန်းချက်တာဝန်များ ထမ်းဆောင်နိုင်မည်ဖြစ်ပြီး စံချိန်တင်အမြင့်မားဆုံး စစ်ဆင်ရေးအကွာအဝေး ကီလိုမီတာ ၃၇၀ (မိုင် ၂၃၀)ထိ တိုက်ခိုက်နိုင်ရန် ဒီဇိုင်းထုတ်ထားကြောင်း သိရသည်။

လက်ရှိနှင့် အနာဂတ်ခြိမ်းခြောက်မှုများကိုရင်ဆိုင်နိုင်ရန် တောင်ကိုရီးယားစစ်ဘက်အတွက် ပိုမိုကောင်းမွန်သောစွမ်းဆောင်ရည်များ ပိုင်ဆိုင်နိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။ တောင်ကိုရီးယားနိုင်ငံသည် Mk21 Vertical Launch System ဒုံးပြွန်များ၊ ဆက်စပ်ပစ္စည်းကိရိယာများ၊ အပိုပစ္စည်းများ၊ လေ့ကျင့်ရေးနှင့် နည်းပညာပံ့ပိုးမှုများကိုလည်း ဝယ်ယူသွားရန် ဆန္ဒရှိနေသည်။

SM-6 ဒုံးကျည်ရောင်းချမှုကို အတည်ပြုပြီး တစ်ရက်အကြာတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက တောင်ကိုရီးယားနိုင်ငံက တောင်းဆိုထားသော အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၁ သန်းတန်ဖိုးရှိ AIM- 9X Block II နှင့် Block II+ Sidewinder ဒုံးကျည်များနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူရေးအတွက် ခွင့်ပြုပေးခဲ့သည်။ အဆိုပါလက်နက်ကို Raytheon ကုမ္ပဏီက ဒီဇိုင်းထုတ်ထားပြီး ဝေဟင်မှဝေဟင်ပစ်၊ ရေကြောင်းတိုက်ခိုက်မှုနှင့် မြေပြင်တိုက်ခိုက်ရေး မစ်ရှင်များအတွက် ဘက်စုံအသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ ၎င်းသည် ၁၀ မိုင် (၁၆ ကီလိုမီတာ) ကျော်အကွာအဝေးအတွင်း မြင်နိုင်စွမ်းအကွာအဝေးထက် ကျော်လွန်လုနီးပါးပစ်မှတ်များကို တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ၎င်း၏အဆင့်မြင့်ဆုံးဗားရှင်းဖြစ်သည့် Block II ဒုံးကျည်သည် ပစ်မှတ်များကို တိကျစွာတိုက်ခိုက်နိုင်စေရန်အတွက် လှုပ်ရှားစစ်ကစားနိုင်စွမ်းနှင့် အဆင့်မြင့် အနီအောက်ရောင်ခြည်ပုံရိပ်ဖော်အာရုံခံကိရိယာကို တပ်ဆင်အသုံးပြုထားသည်။



အဆိုပါစစ်ဘက်ရောင်းချမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် Sidewinder နည်းဗျူဟာမြောက်ဒုံးကျည်စုစုပေါင်း ၉၂ စင်းကို တောင်ကိုရီးယားနိုင်ငံထံ ပေးပို့သွားမည်ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံအစိုးရသည် AIM-9X Sidewinder Captive Air Training Missiles (CATM) လေ့ကျင့်ရေးဒုံးကျည် ၁၀ စင်း၊ AIM-9X Block II+ Sidewinder Tactical လမ်းညွှန်ထိန်းကျောင်းရေးယူနစ်ငါးခု၊ AIM-9X Sidewinder CATM လမ်းညွှန်ထိန်းကျောင်းရေးယူနစ်သုံးခုကိုလည်း ဝယ်ယူခွင့်ပြုရန် တောင်းဆိုထားသေးသည်။

၎င်းအဆိုပြုရောင်းချမှုသည် အင်ဒို-ပစိဖိတ်ဒေသတွင်း နိုင်ငံရေးတည်ငြိမ်မှုနှင့် စီးပွားရေးတိုးတက်မှုအတွက် တွန်းအားဖြစ်စေသော၊ အဓိကအရေးပါသော မဟာမိတ်နိုင်ငံ၏လုံခြုံရေးကို မြှင့်တင်ခြင်းဖြင့် အမေရိကန်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒပန်းတိုင်များနှင့် အမျိုးသားလုံခြုံရေးရည်မှန်းချက်များကို အထောက်အကူပြုလိမ့်မည်ဟု ကြေညာချက်တွင် ဖော်ပြထားကြောင်း သိရသည်။

**S. Korea Cleared to Buy US-Made Sidewinder, SM-6 Missiles for $700M ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသများ၏ ယခုပင်လယ်ရေလုပ်ငန်းရာသီဦးတွင် ငါးတံခွန်ခြောက်များ အရောင်းအဝယ်ကောင်း



**ဘိုကလေး နိုဝင်ဘာ ၂၂**

မြစ်ဝကျွန်းပေါ်ပင်လယ်ကမ်းခြေဒေသများ၏ ယခုပင်လယ်ရေလုပ်ငန်းရာသီဦးတွင် ငါးတံခွန်ခြောက်များ အရောင်းအဝယ်ကောင်းနေကြောင်း ဘိုကလေးမြို့နယ် ပင်လယ်ကမ်းခြေဒေသရှိ ကဒုံကနီကျေးရွာမှ စန္ဒာငါးဖမ်းလုပ်ငန်းပိုင်ရှင် ဦးကျော်ဝင်းက ပြောပြ၍ သိရသည်။

မြစ်ဝကျွန်းပေါ်ပင်လယ်ကမ်းခြေဒေသရှိ အမာမြို့နယ် အရှေ့ဖျား၊ ဂယက်ကြီး၊ ထောင်ကြီးတန်းကျေးရွာများ၊ ဖျာပုံမြို့နယ် ကုလားထပ်၊ နောက်မီး၊ အလံတိုင်၊ ဖိုးဦးသောင်ကျေးရွာများနှင့် ဘိုကလေးမြို့နယ် ကဒုံကနီ၊ တောင်သာ၊ ပဒဲကော၊ အေးရာ စသည့်ကျေးရွာများရှိ ပင်လယ်ရေလုပ်ငန်းများသည် အောက်တိုဘာလဆန်းမှစတင်ကာ ယခု ပင်လယ်ရေလုပ်ငန်းရာသီကို စတင်လုပ်ကိုင် ဆောင်ရွက်ခဲ့ကြကြောင်း၊ ထို့ကြောင့် အောက်တိုဘာလတွင် ဖျာပုံမြို့နယ်မှ ငါးတံခွန်ခြောက်ပိဿာချိန် ၅၀၀၀ ခန့်ဖြင့် အများဆုံးတင်ပို့ရောင်းချခဲ့ပြီး ဘိုကလေးမြို့နယ်နှင့် အမာမြို့နယ်မှ ငါးတံခွန်ခြောက်ပိဿာချိန် ၃၀၀၀ ခန့်စီ တင်ပို့ရောင်းချပေးခဲ့ကြောင်း ဒေသတွင်းငါးခြောက်အဝယ်ဒိုင်ပိုင်ရှင်၏ ပြောပြချက်အရ သိရသည်။

ယခုနှစ် ပင်လယ်ရေလုပ်ငန်းရာသီတွင် အဆိုပါဒေသများမှထွက်ရှိလာသည့် ရေထွက်ကုန်ပစ္စည်းများတွင် ငါးတံခွန်ခြောက်များ အရောင်းအဝယ်ကောင်းနေကြောင်း၊ အဆိုပါငါးတံခွန်များကို ယခင်က ငါးပိအဖြစ်သာ ပြုလုပ်ရောင်းချနေကြသော်လည်း ယခုအခါ ငါးခြောက်အဖြစ် ပြုလုပ်ရောင်းချလာခြင်းဖြစ်ကြောင်း၊ ငါးတံခွန်ခြောက်များသည် အခြားငါးခြောက်များထက် ဈေးနှုန်းသက်သာမှုရှိပြီး အရသာရှိနေသဖြင့် အခြေခံလူတန်းစား၊ လူလတ်တန်းစားများ၏ ဝယ်ယူစားသုံးမှုမြင့်တက်နေသဖြင့် ဈေးကွက်ကျယ်ပြန့်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အရွယ်အစားကြီးသည့် ငါးတံခွန်များကို ကျောမှခွဲ၍ နေလှန်းကာ ခွဲခြောက်ပြုလုပ်ပြီး အရွယ်အစားငယ်သည့် ငါးတံခွန်များကို အကောင်လိုက်နေလှန်း၍ လုံးခြောက်အဖြစ်လည်း ထုတ်လုပ်ကြကြောင်း၊ ငါးတံခွန်ခွဲခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ မှ ၂၅၀၀၀၊ ငါးတံခွန်လုံးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ မှ ၁၄၀၀၀ ဈေးနှုန်းရှိနေကြောင်း သိရသည်။

**ချမ်းချမ်း**

# ကော့မှူးမြို့နယ် ဘုရားနီကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ကော့မှူး နိုဝင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားနီကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်၊ မြို့နယ်စီမံကိန်းတာဝန်ခံ ဦးကျော်ညီညီနှင့် တာဝန်ရှိသူများက ဘုရားနီကျေးရွာတွင် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို မှာကြားခဲ့သည်။

ကော့မှူးမြို့နယ် ဘုရားနီကျေးရွာတွင် လမ်းအရှည် ၈၆၅ ပေ၊ အကျယ် ရှစ်ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၅ သိန်း စုစုပေါင်းငွေကျပ် ၁၆ ဒသမ ၅ သိန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် နိုဝင်ဘာလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာနေပြည်သူများ ရာသီမရွေးသွားလာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။



**ကျော်စောဦး(မောရှမ်းမြေ)**

# သာယာဝတီမြို့နယ် ဂုံမင်းမြောင်အရှေ့စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာယာဝတီ နိုဝင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီးသာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂုံမင်းမြောင်အရှေ့စုကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စုသဲမွန်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးညွန့်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သည့်ကျေးရွာများတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်း၊ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်မည့်အပြင် မိသားစုဝင်ငွေတိုးပွားစေရေးအတွက်လည်း အကျိုးပြုစေမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၆ ဒသမ ၃ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၁၉ ဒသမ ၈ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၉ ဦးကို ငွေကျပ် ၁၆ ဒသမ ၃၅ သိန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၁၅ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၇၆ ဦးကို ငွေကျပ် ၃၆ ဒသမ ၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၂-၁၁-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဒီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၁၇၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၆၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၆၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၀၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

## ဒုတိယဝန်ကြီး ပြောင်းရွှေ့တာဝန်ပေးအပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၁၀၄ / ၂၀၂၃**
၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်
(၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်)
ဒုတိယဝန်ကြီး ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးအား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ဒုတိယဝန်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၄၉/ ၂၀၂၃)**
၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက်
(၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်)
**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **မြို့တိုင်းရင်းသားပါတီ**ကို မှတ်ပုံတင်အမှတ်(၁၁)၊ ၄-၅-၂၀၂၃ ရက်စွဲပါ ကြေညာချက်အမှတ်(၁၆/ ၂၀၂၃)ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **မြို့တိုင်းရင်းသားပါတီ**က ၂၇-၁၀-၂၀၂၃ ရက်စွဲပါစာအမှတ်၊ ၅၅ / မတပ/ ၂၀၂၃ ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ဖျက်သိမ်းပေးပါရန် ပါတီဗဟိုအလုပ်အမှုဆောင်အစည်းအဝေး ဆုံးဖြတ်ချက်နှင့်အတူ တင်ပြခြင်းနှင့်စပ်လျဉ်း၍ ၂၂-၁၁-၂၀၂၃ ရက်နေ့တွင်ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ်(၃၃/ ၂၀၂၃)၏ ဆုံးဖြတ်ချက်အရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ (က)နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီကို ဖျက်သိမ်းရန် အတည်ပြုခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **မြို့တိုင်းရင်းသားပါတီ**ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းလိုက်သည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများကို ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်



**နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများကို ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်စဉ်။**

**နေပြည်တော် နိုဝင်ဘာ ၂၂**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများက လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တရုတ်နိုင်ငံသား အမျိုးသား ၁၀၉၁ ဦး၊ အမျိုးသမီး ၁၉၇ ဦး၊ စုစုပေါင်း ၁၂၈၈ ဦး ကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ ယနေ့ထိ တရုတ်နိုင်ငံသား အမျိုးသား ၄၈၂၄ ဦး၊ အမျိုးသမီး ၃၈၂ ဦး၊စုစုပေါင်း ၅၂၀၆ ဦး တို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျပြန်လည်လွှဲပြောင်း ပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့်ပြည်ပနိုင်ငံသားများကို စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင်များတွင် စက်သုံးဆီများ ပုံမှန်ရောင်းချပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီးသီလဝါဆိပ်ကမ်းဒေသကြီးရှိ Terminal များမှ စက်သုံးဆီများကို စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ၏ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင်များသို့ စက်သုံးဆီသယ်ယာဉ်(Bowser)များဖြင့် နေ့ညမရွေး အဆက်မပြတ်ဖြည့်တင်း သယ်ယူပို့ဆောင်ဖြန့်ဖြူးလျက်ရှိသည်။



REGENCY (နေပြည်တော်)



**သီလဝါ Terminal များမှ မန္တလေးတိုင်းဒေသကြီးသို့ စက်သုံးဆီသယ်ယူပို့ဆောင်နေမှုကို တွေ့ရစဉ်။**

ထိုသို့ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိရာ နိုဝင်ဘာ ၂၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အပါအဝင် နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီအရောင်းဆိုင် ၁၈၈၇ ဆိုင်သို့ ဆီသယ်ယာဉ်(Bowser) ၁၃၀၈ စီးဖြင့် 92 Ron ဂါလန် ၁ သန်း ၁ သိန်း ၆ သောင်းကျော်၊95 Ron ဂါလန် ၂ သိန်း ၃ သောင်းကျော်၊ ဒီဇယ်ဆီ ဂါလန် ၈ သိန်း ၅ သောင်းကျော်၊ ပရီမီယံ ဒီဇယ်ဆီ ၁ သန်း ၄ သိန်း ၄ သောင်းကျော် ကိုပို့ဆောင်ဖြန့်ဖြူးပေးခဲ့ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင်များတွင် စက်သုံးဆီများကို ပုံမှန်ဖြန့်ဖြူး ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ၂၀၂၃ ခုနှစ် အကြိမ်(၆၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနားတိုက်ရိုက်ထုတ်လွှင့်ပြသမည်

၂၀၂၃ ခုနှစ် အကြိမ်(၆၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၄ရက် ညနေ ၃ နာရီ မိနစ် ၂၀ မှစ၍ နေပြည်တော် ဇေယျာသီရိအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပမှုများကို MRTV HD Channel၊ MRTV Sports Channel၊ MRTV Farmers' Channel၊ MRTV Parliament Channel၊ MWD HD Channel၊ MWD Variety HD Channel နှင့် MWD Education, Knowledge & Sports Channel၊ မြန်မာ့အသံရေဒီယိုနှင့် MRTV App: အပါအဝင် Online တို့မှလည်း တိုက်ရိုက်**(Live)** ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများကို လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။

## မြန်မာနိုင်ငံအစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် တရားမဝင်နေထိုင်သူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးမှုများနှင့် နယ်စပ်ဒေသတွင် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများ၊ ပြည်ပျက်မီဒီယာများမှ ဖြန့်ဝေလျက်ရှိသည့် ကောလာဟလဝါဒဖြန့်သတင်းတု၊ သတင်းအမှားများ ထုတ်လွှင့်နေမှုများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ကျွန်တော်တို့ မြန်မာနိုင်ငံအစိုးရအနေနဲ့ နယ်စပ်ဒေသတွေမှာ တရားမဝင် ဝင်ရောက်လာတဲ့ နိုင်ငံခြားသားများကို စစ်ဆေးပြီး နေရပ်ပြန်လွှတ်တာတွေ လုပ်ဆောင်ပေးလျက်ရှိပါတယ်။ ဒီလိုလုပ်ဆောင်ရာမှာ ဒီနေ့ နိုဝင်ဘာ ၂၂ရက် မှာတော့နယ်စပ်ဒေသအသီးသီးမှာ ဝင်ရောက်နေတဲ့ တရုတ်အမျိုးသား ၁၀၉၁ ဦး၊ အမျိုးသမီး ၁၉၇ ဦး စုစုပေါင်း ၁၂၈၈ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရကို ပြန်လည်လွှဲပြောင်းပေးခဲ့ပါတယ်။ နိုဝင်ဘာ ၂၂ ရက် ဒီနေ့ထိ စုစုပေါင်း ၅၂၀၆ ဦး ရှိပြီးဖြစ်ပါတယ်။ ဒါ့ပြင် တခြားနိုင်ငံခြားသားတွေကိုလည်း သက်ဆိုင်ရာနိုင်ငံတွေနဲ့ ဆက်သွယ်ပြီး ပြန်လည်အပ်နှံတာတွေ၊ တရုတ်နိုင်ငံဘက်က တစ်ဆင့်ပြန်လည်အပ်နှံတာတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ နယ်စပ်ဒေသ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်ရေးနဲ့ နယ်စပ်ဒေသမှာ တရားမဝင်လုပ်ငန်းများ ပပျောက်စေရေးအတွက် တရုတ်နိုင်ငံအစိုးရနဲ့ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်လျက်ရှိတဲ့ နေရာမှာတော့ မနေ့က ကျွန်တော်ပြောသလိုပဲ အနောက်နိုင်ငံအားပေး ပြည်ဖျက်မီဒီယာတချို့အနေနဲ့ကတော့ ဒီလုပ်ငန်းတွေအပေါ်မှာ နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်အောင်အကြောင်းအမျိုးမျိုး ဖန်တီးပြီး ရေးနေတာတွေတွေ့ရပါလိမ့်မယ်။ ကျွန်တော်တို့မြန်မာနိုင်ငံအစိုးရအနေနဲ့ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာနိုင်ငံများနဲ့ လက်တွဲပြီးတက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ကောလာဟလ သတင်းတွေပေါ့။ ဘယ်လောက်ထိလုပ်သလဲဆိုရင် ရန်ကုန်မှာဆိုရင် ပေါ်တာဆွဲနေပြီဆိုတဲ့ သတင်းမျိုးကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်နေတာမျိုးတွေ့ရှိရပါတယ်။ ပြည်ဖျက်မီဒီယာများအနေနဲ့ ဒီသတင်းကိုပဲ မနေ့ကစပြီး ဒီနေ့မှာ ပိုဆိုးတာပေါ့။ မနေ့ကစပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြန့်နေတာ တွေ့ရှိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ရန်ကုန်မှာရှိတဲ့ ဒေသခံတွေ မေးကြည့်လဲသိပါတယ်။ အားလုံးသိပြီးသားဖြစ်ပါတယ်။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ ဘယ်နေရာမှ တပ်မတော်အနေနဲ့ ဒီအလုပ်မျိုးလုပ်စရာအကြောင်းမရှိပါဘူး။ တပ်မတော်အနေနဲ့ စစ်မှုထမ်းဟောင်းများ၊ ရဲမှုထမ်းဟောင်းများကိုပင် ဆင့်ခေါ်ခြင်း မရှိဘူးဆိုတာကို ကျွန်တော်တို့ပြောလိုပါတယ်။ ပြည်သူလူထုအနေနဲ့ စိတ်အေးချမ်းသာစွာနေထိုင်နိုင်ကြောင်း အသိပေးပြောကြားလိုပါတယ်။ ဒါတွေဘာလို့ဖြစ်လာတယ်ဆိုတော့ အဓိကတော့ မငြိမ်မသက်ဖြစ်နေတဲ့ နယ်မြေ၊ သောင်းကျန်းမှုဖြစ်နေတဲ့ နယ်မြေမှာ သူတို့ကိုယ်တိုင်လုပ်ဆောင်နေတဲ့ အလုပ်တွေကို ဖုံးကွယ်ချင်လို့ဖြစ်ပါတယ်။ MNDAA အနေနဲ့ မူဆယ် မုံးကိုးဒေသ မုံးကိုးမှာရှိတဲ့ ဟေမိုးလုံသာသနာပြုကျောင်းက သံဃာ ၂၆ ပါးကို ဖမ်းသွားပါတယ်။အဲဒီအထဲက လေးပါးကို စစ်သားအဖြစ် အဓမ္မစစ်သားစုဆောင်းခဲ့တာရှိပါတယ်။ သူတို့အနေနဲ့ ကိုးကန့်ဒေသမှာ ဘယ်သူမဆို စစ်မှုထမ်းရမယ်၊ တစ်အိမ်တစ်ယောက်စစ်မှုထမ်းရမယ်ဆိုပြီး တရားဝင်ပြောကြားထားချက်တွေရှိပါတယ်။ ဒါတွေကို ဖုံးကွယ်ချင်လို့ လုပ်နေတာဖြစ်ပါတယ်။


ဗိုလ်ချုပ်ဇော်မင်းထွန်း (သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်)
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

နောက်တစ်ခုကတော့ AA အနေနဲ့ ပေါက်တောမှာ AA က ထိန်းသိမ်းထားပြီဆိုပြီး ကြေညာခဲ့တယ်။ တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ပြန်လည်ဝင်ရောက်တဲ့အခါမှာ AA အနေနဲ့ထွက်ပြေးသွားတယ်။ ခုပေါက်တောမှာ ကျွန်တော်တို့မနေ့ကစပြီး လုံခြုံရေးအဖွဲ့တွေကို ပစ်ခတ်တိုက်ခိုက်တာမျိုးရှိတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ နေတဲ့နေရာသည် လူနေရပ်ကွက်တွေနဲ့ ဘာမှမဆိုင်ပါဘူး။ လုံခြုံရေးနေရာတွင် နေထိုင်ခြင်းဖြစ်ပါတယ်။ ပေါက်တောမှာ ယခင်ကတည်းကတိုင် ဒေသခံတွေက သူ့အိမ်နဲ့သူနေကြတဲ့ လူတွေပဲဖြစ်ပါတယ်။ ဒါတွေကို AA အနေနဲ့ ဒီနေရာတွေကို ဝင်ရောက်နေရာယူနိုင်ဖို့အတွက် ဒေသခံတွေကို နှင်ထုတ်ခဲ့တာဖြစ်ပါတယ်။ ဒီနှင်ထုတ်ခဲ့တာကိုပဲ ပြောင်းပြန်လှန်ပြီး ဓားစာခံအနေနဲ့ သုံးနေတဲ့သူတွေကို ကယ်ထုတ်ဆိုပြီး လုပ်ကြံသတင်းဝါဒဖြန့်မှုပဲဖြစ်ပါတယ်။ဒါ့မူဆယ် ၁၀၅ မိုင်စခန်းကို MNDAA အနေနဲ့ အဝေးကနေ ပစ်ခတ်ခဲ့တာရှိပါတယ်။ ဘုန်းကြီးကျောင်း တစ်ကျောင်းမှာ MNDAA က ပစ်ခတ်လိုက်တဲ့ လက်နက်ကြီးကျည်ကျပြီးတော့ သံဃာအချို့ ဒဏ်ရာရရှိခဲ့ကြောင်းတွေ့ရှိရပါတယ်။ လောက်ကိုင်မြို့ကိုလည်း အကြောင်းမဲ့ ရှော့တိုက်ဒုံး ၁၃ လုံးနဲ့ပစ်ခတ်ခဲ့တာရှိပါတယ်။ ဒီပစ်ခတ်မှုကြောင့် တုံချိန်မှာရှိတဲ့ ကားတစ်စီးထိမှန်ခဲ့တာမျိုးလည်း ဖြစ်ခဲ့ပါတယ်။

ဒီနေ့မှာတော့ ရှမ်းပြည်နယ် အရှေ့မြောက်ဒေသမှာ နမ့်စလပ်၊ မုံးကျက်၊ တာမိုးညဲ ဒေသတွေမှာတော့ ထိတွေ့တိုက်ပွဲတွေ ဖြစ်ပွားနေတာရှိပါတယ်။ ကယားပြည်နယ်မှာတော့ အကျဉ်းထောင်နဲ့မီးသတ်ကို လာရောက်ပစ်ခတ်တာမျိုးတွေရှိကြောင်းတွေ့ရပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ မနေ့ကကျွန်တော်ပြောခဲ့သလို ထရွှန်အိုင်စခန်းတို့ နုန်းဘူးစခန်းတို့ကို လာရောက်ပြီး ပစ်ခတ်တာရှိပါတယ်။ တပ်မတော်ဘက်က ပြန်လည်ပစ်ခတ်ရာမှာ ပြန်လည်ဆုတ်ခွာသွားတာမျိုးရှိပါတယ်။ ကယားပြည်နယ် လွိုင်ကော်မြို့တစ်ဝိုက်မှာ စစ်ရေးနဲ့မဆိုင်တဲ့ လူနေရပ်ကွက်တွေထဲကို ဝင်ရောက်တာတွေ၊ ပစ်ခတ်တာတွေကို KNPP အနေနဲ့ ဆက်လက်လုပ်ဆောင်နေတာဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်နေတဲ့အတွက် ကယားပြည်နယ်နဲ့ဆက်စပ် ရှမ်းပြည်နယ်(တောင်ပိုင်း) PNLO ပအိုဝ်းအခြေပြုဒေသတွေမှာ ကယားပြည်နယ်က တိုက်ပွဲရှောင်တစ်သောင်းလောက်ရောက်ရှိနေတာတွေ့ရပါတယ်။ ခိုလှုံဖို့စခန်းတွေလည်း ၂၀ ကျော်လောက်ဆောင်ရွက်ထားရတာရှိပါတယ်။ဒီဒေသတွေမှာ ပအိုဝ်းဒေသခံများ၊ PNLO အဖွဲ့များနဲ့ အစိုးရတို့ပူးပေါင်းပြီး တိုက်ပွဲရှောင်များအတွက် လုပ်ဆောင်ပေးနေတာတွေရှိပါတယ်။ ဒေသခံပြည်သူလူထုအနေနဲ့ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးအနေနဲ့ သိရှိထားရမှာကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးစုပေါင်းစုံ ဖွဲ့စည်းနေထိုင်တဲ့ ပြည်ထောင်စုနိုင်ငံဖြစ်ပါတယ်။ တိုင်းဒေသကြီး တစ်ခုမှာပဲဖြစ်ဖြစ်၊ ပြည်နယ်တစ်ခုမှာပဲဖြစ်ဖြစ် ဒေသတစ်ခုမှာပဲဖြစ်ဖြစ် တိုင်းရင်းသားလူမျိုးသီးသန့် နေထိုင်တဲ့နေရာဆိုတာ တော်တော်ရှားပါးပါတယ်။ မရှိပါဘူး။ အားလုံးသည် စုပေါင်းပြီးနေထိုင်တာဖြစ်ပါတယ်။ စုပေါင်းပြီးနေထိုင်တဲ့နေရာမှာ အန္တရာယ်များတာသည် လက်နက်ကိုင်ထားတဲ့ အဖွဲ့အစည်းများက လူမျိုးတစ်စုအနေနဲ့ လွှမ်းမိုးဖို့လုပ်နေတာသည် အန္တရာယ်များတဲ့လုပ်ငန်းစဉ်တွေပဲဖြစ်ပါတယ်။ ဒီနေ့မှာဆိုရင် စစ်ကိုင်းတိုင်းဒေသကြီး အနောက်မြောက်ဘက်နေရာ နောင်ပိုအောင်မှာ SNA ရှမ်းနီအဖွဲ့နဲ့ KIA ၊ PDF ပူးပေါင်းအဖွဲ့တို့တိုက်ပွဲဖြစ်ပွားခဲ့တာရှိပါတယ်။ ဒါတွေသည် အစိုးရကို လုံခြုံရေးအဖွဲ့တွေကို တိုက်ခိုက်နေတာထက် တိုင်းရင်းသားလူမျိုးစုအချင်းချင်းပါ ပဋိပက္ခဖြစ်ပွားအောင် လုပ်ဆောင်နေတာဖြစ်ပါတယ်။ ၎င်းတို့ရဲ့လုပ်ဆောင်ချက်တွေဟာ အဓိက သူတို့ကြွေးကြော်နေတဲ့ အလုံးစုံပျက်သုဉ်းရေးကို ဦးတည်နေတာဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက သတိရှိရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံတော် ပြန်လည်အေးချမ်းဖို့ လုံခြုံမှုရှိစေဖို့အတွက် ဒီလိုအဖျက်သမားစိတ်ဓာတ်မျိုးရှိတဲ့ သောင်းကျန်းသူများကို ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်များနဲ့ ပူးပေါင်းပြီး အမြစ်ပြတ်ချေမှုန်းသွားရမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "ဝသုန်" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၃)ရပ်ကွက်နေ မြတ်ထွေးကို(ခ) ဝသုန်ကို ညနေ ၅ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ "Kyi Pyar Oo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၃)ရန်ပြေရပ်ကွက်နေ ကြည်ပြာဦးကို ည ၇ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "May Myat Noe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ လှည်းကူးမြို့ သာသနာ့ရိပ်သာရပ်ကွက်နေ မေမြတ်နိုး(ခ) ဝွက်ဝွက်(ခ) ခတ်ိကျာကို ည ၉ နာရီ ၄၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် (၂၈)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲ ကျင်းပစဉ်။

# တြိဂံဒေသတိုင်းစစ်ဌာနချုပ် (၂၈)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၂**

တြိဂံဒေသတိုင်းစစ်ဌာနချုပ် (၂၈) ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ပြည်ငြိမ်းအေးချမ်းခန်းမ၌ ပြုလုပ်ရာ ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျိုင်းယင်းကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြပြီး ကျိုင်းတုံမြို့ သာသနာ့ဝေပုလ္လကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိဇယထံမှ ရေစက်ချအနုမောဒနာ တရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# မောက်မယ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များက နယ်မြေခံတပ်ရင်းရိပ်သာ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ဆန်နှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

# မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်




မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ကျောင်းသားတစ်ဦးကို ကျောင်းဝတ်စုံ၊ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၂**

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၃ -၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေသည့် တိုင်းစစ်ဌာနချုပ်ရှိ ကျောင်းသား၊ ကျောင်းသူ ၃၇၇ ဦးအတွက် ကျောင်းဝတ်စုံ၊ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်သည်။

အလားတူ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီး၌လည်း ၂၀၂၃-၂၀၂၄ပညာသင်နှစ် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်ပွဲများကိုလည်း အသီးသီးကျင်းပပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

# ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၁၁) ရေငယ်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၁၁) ရေငယ်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်မြေခံဆေးကုသရေးအဖွဲ့က ဖျားနာရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၃၅၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်း၊ သွေးဖောက်၍ ဆီးချိုသွေးချိုစစ်ဆေးခြင်းနှင့် သွေးအုပ်စုများ စစ်ဆေးပေးခြင်းစသည့် ရောဂါရှာဖွေစစ်ဆေးပေးခြင်းများအပြင် သွေးလွန်တုပ်ကွေးရောဂါအကြောင်း ကျန်းမာရေးအသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သောလူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

၂၃-၁၁-၂၀၂၃ (ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် |
| ၂။ | ၁၂း၁၅ | Special Music Time |
| ၃။ | ၁၃း၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၄။ | ၁၆း၂၀ | K Pop |
| ၅။ | ၂၁း၄၀ | ချောက်ချောက်ချားချား ဖြစ်ရပ်များ |

# ကော့ကရိတ်မြို့အတွင်းသို့ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ နှစ်ဦး သေဆုံးကာ တစ်ဦးဒဏ်ရာရရှိ

ကော့ကရိတ်မြို့အတွင်းသို့ KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ပစ်ခတ်မှုကြောင့် လက်နက်ကြီးကျရောက်ပေါက်ကွဲခဲ့သည့်နေရာပြပုံ




**နေပြည်တော် နိုဝင်ဘာ ၂၂**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ အတွင်းသို့ အကြမ်းဖက်သမားများက နိုဝင်ဘာ ၂၀ ရက် ညပိုင်းတွင် လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သဖြင့် အပြစ်မဲ့အရပ်သားပြည်သူ နှစ်ဦး လက်နက်ကြီးကျည်ထိမှန်သေဆုံးခဲ့ပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ အကြမ်းဖက်သမားများက နိုဝင်ဘာ ၂၀ ရက် ည ၁၀ နာရီခွဲခန့်တွင် ကော့ကရိတ်မြို့အတွင်း လုံခြုံရေးဆောင်ရွက်ပေးနေသည့် တပ်ဖွဲ့ဝင်များကို ကော့ကရိတ်မြို့၏ အရှေ့ဘက်မီတာ ၁၄၀၀ ခန့်အကွာရှိ ဆင်ကုန်းကျေးရွာသချိုင်းကုန်းဘက်မှနေ၍ လက်နက်ကြီးများဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လက်နက်ကြီးကျည်များသည် ကော့ကရိတ်မြို့ အမှတ်(၂)ရပ်ကွက် ဘုရင့်နောင်လမ်းရှိ ဦးထွန်းရင်၏ နေအိမ်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့အရပ်သားပြည်သူ နှစ်ဦး သေဆုံးကာ တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများ နေထိုင်ရာ ကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများကို ချေမှုန်းနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# "ရန်ကုန်မြို့တွင် ပေါ်တာဆွဲသည့် သတင်းကြောင့် ညဘက်သွားလာသူနည်းလာ" ဟူသည့် ကောလာဟလ မဟုတ်မမှန်သတင်းများ ရေးသားထုတ်လွှင့်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ယခုရက်ပိုင်းအတွင်း လူမှုကွန်ရက်ပေါ်မှ လူပျောက်ကြော်ငြာများကြောင့် ရန်ကုန်မြို့တွင် ပေါ်တာဆွဲသည်ဟုဆိုပြီး မြို့နယ်အချို့တွင် ညပိုင်းလမ်းမများအပေါ် လူအသွားအလာ ယခင်ကထက် နည်းပါးလာကြောင်း၊ ညမှောင်သည်နှင့်ယခင်ကကဲ့သို့ လူသိပ်မရှိတော့ကြောင်း၊ ဈေးဆိုင်များလည်း စောစောသိမ်းလာကြောင်းနှင့် အလုပ်သမားများလည်း စောစောပြန်ကြသည်ဟု ကောလာဟလမမှန်သတင်းများ ရေးသားထုတ်လွှင့်၍ အများပြည်သူ ကြောက်ရွံ့ထိတ်လန့်စေရန် ဆောင်ရွက်လာသည်ကို တွေ့ရှိရသည်။




အဆိုပါဖော်ပြမှုများသည် မဟုတ်မမှန်ကြောင်းနှင့် ကောလာဟလသတင်းများသာဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်အရ သိရှိရပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများအပေါ် ဒေသခံပြည်သူများ အထင်အမြင်လွဲမှားစေရန်နှင့် ပြည်သူများအကြား ကြောက်ရွံ့ထိတ်လန့်စေရန် ရည်ရွယ်၍ ကောလာဟလသတင်းအမှားများရေးသားထုတ်လွှင့်ခြင်းနေခြင်းသာဖြစ်ကြောင်း သိရှိရသည်။

**ရှေ့မှအဆက်**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ယခုပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမား မောင်မယ်များသည် မိမိတို့ကိုယ်စားပြုယှဉ်ပြိုင်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသင်း အောင်မြင်မှုရရှိရေးအတွက် မိမိတို့၏ အစွမ်းအစ အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ယှဉ်ပြိုင်သွားကြစေလိုကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် မြန်မာ့လက်ရွေးစင်အသင်းကို အင်အား ဖြည့်တင်းနိုင်မည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ ဖြစ်လာအောင် ကြိုးစားသွားကြစေလိုကြောင်းဖြင့် တိုက်တွန်းမှာကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူတို့သည် ပြိုင်ပွဲဝင် အားကစားအသင်းများမှ အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး အမျိုးသားပိုက်ကျော်ခြင်း နှစ်ယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ နေပြည်တော်ကောင်စီနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့၏ ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊အမျိုးသမီးနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့၏ ယှဉ်ပြိုင်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးပိုက်ကျော်ခြင်းပြိုင်ပွဲကို ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ လာရောက်ယှဉ်ပြိုင်ကြသည့် ပိုက်ကျော်ခြင်းအားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာစေရေး၊တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရေး၊မြန်မာ့ပိုက်ကျော်ခြင်းအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့် နိုင်ငံကိုယ်စားပြု မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် ရည်ရွယ်ကျင်းပပေးခြင်းဖြစ်သည်။

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်ထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပသွားမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း ၁၂ သင်း၊အားကစားသမားစုစုပေါင်း ၂၆၂ ဦးပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းနှင့် စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။


**(သတင်းစဉ်)**

# လောက်ကိုင်မြို့တွင် စစ်ဘေးရှောင်ကားတစ်စီးကို ဒုံးကျည်ထိမှန်ကာ လူထိခိုက်သေဆုံးမှုရှိခဲ့ပြီး တပ်မတော်က ပစ်ခတ်သောလက်နက်ကြီးကျည်ဟု MNDAA ပြန်ကြားရေးတာဝန်ခံ ပြောကြားသည်ဟု လုပ်ကြံသတင်းတစ်ခုအား ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသများတွင် MNDAA၊TNLAနှင့်AAလက်နက်ကိုင်သောင်းကျန်းသူများသည် အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေမှုကြောင့် မြို့နယ်အချို့တွင် ဒေသခံပြည်သူများ ခေတ္တတိမ်းရှောင်နေကြလျက်ရှိရာ ယနေ့ နံနက် ၉ နာရီခွဲခန့်တွင် လောက်ကိုင်မြို့အနီး တုံချိန်အရပ်တွင် စစ်ဘေးရှောင်ပြည်သူများလိုက်ပါလာသည့် ကားတစ်စီးကို လက်နက်ကြီးကျည်ထိမှန်ပြီး ကားပေါ်တွင် ပါလာသည့်သူများ ထိခိုက်သေဆုံးမှုရှိကြောင်း စစ်ဘေးရှောင်ပြည်သူများထံမှ သိရသည်။ အဆိုပါပစ်ခတ်မှုသည် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်)မှ ပစ်ခတ်ခြင်းဖြစ်ကြောင်း MNDAA ပြန်ကြားရေးတာဝန်ခံ လီကျားဝင်းက ပြောကြားသည်ဆိုသည့်သတင်းကို လူမှုကွန်ရက်စာမျက်နှာတွင် လုပ်ကြံသတင်းရေးသားဖြန့်ဝေမှုအား တွေ့ရှိရသည်။

အဆိုပါပစ်ခတ်မှုဖြစ်စဉ်ကို လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များက ပစ်ခတ်ခြင်းမရှိကြောင်း၊ လက်နက်ကိုင်သောင်းကျန်းသူများက တပ်မတော်စခန်းတစ်ခုကို ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်ဆန်သည် စစ်ဘေးရှောင်ပြည်သူများလိုက်ပါလာသည့် ကားတစ်စီးအား ထိမှန်ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း ဒေသခံပြည်သူအချို့နှင့် အခြားသတင်းအရင်းအမြစ်များအရ သိရှိရပြီး အကြမ်းသမားများအနေဖြင့် ဒေသအတွင်း မတည်မငြိမ်ဖြစ်စေရန်၊ ဒေသခံတိုင်းရင်းသားများအား အကြောက်တရားဖြင့် ၎င်းတို့ကို ထောက်ခံအားပေးလာစေရန်နှင့် တပ်မတော်အပေါ် အထင်အမြင်လွဲမှားလာစေရန်ရည်ရွယ်၍ လုပ်ကြံသတင်းရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




➤ ➤ ➤

**❑ အသိပေးကြေညာခြင်းမှ**

ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို တည်ထောင်လုပ်ကိုင်လိုသည့်အခါနှင့် နိုင်ငံတကာဂြိုဟ်တုအော်ပရေတာများသည် အမှန်တကယ်သုံးစွဲသူ(End User)များသို့ ဂြိုဟ်တုဆက်သွယ်ရေးဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးလိုသည့်အခါ လုပ်ငန်းလိုင်စင်ရရှိရန် ဦးစီးဌာနသို့ လျှောက်ထားရမည်ဖြစ်ပါသည်။

၄။ ထို့ပြင် ဆက်သွယ်ရေးဥပဒေပုဒ်မ (၁၃)နှင့် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေ ၃၃ (က)တို့အရလည်း အောက်ဖော်ပြပါဆက်သွယ်ရေးပစ္စည်းများကို လက်ဝယ်ထားရှိရန်နှင့်အသုံးပြုရန်အတွက် ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင်ရယူရန် လိုအပ်ပါသည်-

(က) ဂြိုဟ်တုဆက်သွယ်ရေးပစ္စည်းများ (ဥပမာ-ဂြိုဟ်တုဖုန်း)
(ခ) ရေဒါဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ကိရိယာများ
(ဂ) ရေဒီယိုဆက်သွယ်ရေးပစ္စည်းများ (ဥပမာ-MF, HF, VHF, UHF လိုင်းနှုန်းသုံးဆက်သွယ်ရေးပစ္စည်းများ)

၅။ သို့ဖြစ်ပါ၍ အထက်အပိုဒ်(၄)ပါ ဂြိုဟ်တုဆက်သွယ်ရေးပစ္စည်းများနှင့်တရားမဝင်ဂြိုဟ်တုဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို လိုင်စင်ရယူထားခြင်းမရှိဘဲ ဝန်ဆောင်မှုပေးခြင်း၊တပ်ဆင်အသုံးပြုခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်းများမပြုလုပ်ကြရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကြောင်းစိစစ်တွေ့ရှိပါက ဆက်သွယ်ရေးဥပဒေပုဒ်မ(၆၇)နှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# မြောက်ကာရိုလိုင်းနားပြည်နယ်တွင် မိုးရွာသွန်းမှုကြောင့် တောမီးလောင်ကျွမ်းမှုအရှိန်လျော့ကျလာ



**ဝါရှင်တန် နိုဝင်ဘာ ၂၂**

အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ် ဆော်ရာတောင်းတောင်ပတ်ဝန်းကျင်တွင် တောမီးပြင်းထန်စွာလောင်ကျွမ်းခဲ့ပြီး နိုဝင်ဘာ ၂၁ ရက်က မိုးရွာသွန်းမှုကြောင့် တောမီးလောင်ကျွမ်းမှုအရှိန်လျော့ကျလာခဲ့ပြီဖြစ်ကြောင်း မြောက်ကာရိုလိုင်းနားပြည်နယ် မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုသည် ပြီးခဲ့သော ရက်သတ္တပတ်ကတည်းက စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး တောမီး လောင်ကျွမ်းမှုကြောင့် ဆော်ရာတောင်းတောင် အနီးတစ်ဝိုက်တွင်နေထိုင်သည့် ဒေသခံများ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း၊ မိုးရွာသွန်းမှုကြောင့်တောမီးလောင်ကျွမ်းမှု အရှိန်လျော့ကျသွားခဲ့ပြီဖြစ်သော်လည်း မိုးဆက်တိုက်ရွာသွန်းမှသာ တောမီးကို ရာနှုန်းပြည့်ထိန်းချုပ်နိုင်မည့်အခြေအနေဖြစ်ပြီး မိုးရွာသွန်းမှုရပ်ဆိုင်းသွားပါက တောမီးလောင်ကျွမ်းမှု အရှိန် ဆက်လက်မြင့်တက်လာဖွယ်ရှိကြောင်း သိရသည်။

"မိုးရွာသွန်းမှုကြောင့် တောမီးလောင်ကျွမ်းမှုအရှိန်ကျဆင်းလာပါတယ်။ ဒါပေမဲ့ တောမီးကို ရာနှုန်းပြည့်ထိန်းချုပ်နိုင်တဲ့ အခြေအနေမျိုးမဟုတ်ပါဘူး။ လောလောဆယ် မီးသတ်တပ်ဖွဲ့ဝင်တွေ တောမီးငြိမ်းသတ်မှုခဏရပ်နားနေပေမဲ့ တောမီးကို ရာနှုန်းပြည့်ထိန်းချုပ်နိုင်ဖို့အတွက် လာမဲ့ရက်ပိုင်းအတွင်း တောမီးငြိမ်းသတ်မှုကို ပြန်လည်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု မြောက်ကာရိုလိုင်းနားပြည်နယ် မီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ရှာဒူလ်ရာဗယ်က ပြောကြားသည်။

တောမီးလောင်ကျွမ်းမှုကြောင့် ဆော်ရာတောင်းတောင်အနီးတွင် သစ်တောမြေဧက ၇၅၀ ထိလောင်ကျွမ်းပျက်စီးနေပြီး မိုးရွာသွန်းမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းမိန့်ကို ဆိုင်းငံ့လိုက်သော်လည်း ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသောဒေသခံများကို နေရပ်သို့ ပြန်ခွင့်မပြုသေးကြောင်း မြောက်ကာရိုလိုင်းနားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

Ref : Xinhua News

Trs : Sai Sat

# ပါပူဝါနယူးဂီနီနိုင်ငံတွင် မီးတောင်ပေါက်ကွဲမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန်တိုက်တွန်း

**ပို့မော်ရက်စ်ဘီ နိုဝင်ဘာ ၂၂**

ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ပါပူဝါနယူးဂီနီနိုင်ငံတွင် နိုဝင်ဘာ ၂၀ ရက်က မီးတောင်ပေါက်ကွဲမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းကြရန် သက်ဆိုင်ရာတာဝန်ရှိသူများက တိုက်တွန်းခဲ့ကြောင်း နိုဝင်ဘာ ၂၁ ရက် သတင်းများအရ သိရသည်။

ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ လှုပ်ရှားတက်ကြွမှုအရှိဆုံးမီးတောင်တစ်ခုဖြစ်သော အူလာဝမ်မီးတောင်သည် နိုဝင်ဘာ ၂၀ ရက်က ပေါက်ကွဲမှုစတင်ဖြစ်ပွားခဲ့ပြီး မီးခိုးပြာများကို လေထုအတွင်းသို့ ၉ ဒသမ ၃ မိုင်ထိ မှုတ်ထုတ်ခဲ့ကြောင်း၊ မီးတောင်ပေါက်ကွဲမှုကြောင့် အနီးအနားတွင်နေထိုင်ကြသောဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းနေထိုင်ကြရန် တာဝန်ရှိသူများက တိုက်တွန်းခဲ့ပြီး ဟောစ်ကင်းမြို့ လေဆိပ်၏ လေကြောင်းခရီးစဉ်များကိုလည်း ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

မီးတောင်ပေါက်ကွဲမှုမှာ နိုဝင်ဘာ ၂၁ ရက်ထိ ဆက်လက်ဖြစ်ပွားနေပြီး နိုင်ငံ၏ဘူမိဗေဒဆိုင်ရာဌာနက မီးတောင်အန္တရာယ်သတိပေးချက်ကို အဆင့်(၄)မှ အဆင့်(၃)သို့ လျှော့ချခဲ့သော်လည်း မီးတောင်ပေါက်ကွဲမှုမှာ ရက်အကန့်အသတ်မရှိ ဆက်လက်ဖြစ်ပွားနိုင်သည်ဟု အဆိုပါဌာနက ထုတ်ပြန်ထားကြောင်း သိရသည်။

မီးတောင်ပေါက်ကွဲမှုစတင်ဖြစ်ပွားသည့် နိုဝင်ဘာ ၂၀ ရက်မှစ၍ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် သက်ဆိုင်ရာအဖွဲ့များကို စေလွှတ်ထားသည်ဟု နိုင်ငံ၏ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အကြီးတန်းအရာရှိ ကလီမန့်ဘိုင်လေက ပြောကြားခဲ့ကြောင်း၊ မီးတောင်သည် ဘိုင်အယ်လာမြို့နှင့် ၂၉ မိုင်အကွာတွင် တည်ရှိပြီး မီးတောင်ပေါက်ကွဲမှုကြောင့် ဆူနာမီလှိုင်း ဖြစ်ပေါ်မည့်အလားအလာမရှိကြောင်း သိရသည်။

အဆိုပါမီးတောင်သည် ၂၀၁၉ ခုနှစ်ကလည်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ဖူးပြီး လူဦးရေ ၅၀၀၀ ကျော်ကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ရသော်လည်း အဆောက်အအုံပျက်စီးမှုနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ပြတ်တောက်ခဲ့ပြီး လူထိခိုက်သေဆုံးမှုများ မရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : AZH


# အာဖဂန်နစ္စတန်၌ ငလျင်ဒဏ်ခံစားခဲ့ရသော ပြည်သူများအတွက် အင်ဒိုနီးရှားအစိုးရက ပံ့ပိုးရေးပစ္စည်းများ ပေးအပ်ခဲ့

**ဂျကာတာ နိုဝင်ဘာ ၂၂**

အာဖဂန်နစ္စတန်နိုင်ငံ၌ ငလျင်ဒဏ်ခံစားခဲ့ရသော ပြည်သူများအတွက် အင်ဒိုနီးရှားနိုင်ငံအမျိုးသားသဘာဝဘေးအန္တရာယ်လျော့ပါးရေးအေဂျင်စီ(BNPB)က ရူပီယာ ၂၂၁၀၄ ဘီလီယံတန်ဖိုးရှိ ပစ္စည်း ၁၇ မျိုးကို ပံ့ပိုးပေးအပ်ခဲ့သည်ဟု BNPB အကြီးအကဲဒုတိယဗိုလ်ချုပ်ကြီး ဆူဟာရန်တိုက ယနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ပံ့ပိုးရေးပစ္စည်း ၁၇ မျိုးတွင် မိသားစုလိုက် နေထိုင်နိုင်သော ယာယီတဲများ၊ မီးစက်များ၊ မွေ့ရာများ၊ သန့်ရှင်းရေးသုံးပစ္စည်းများ၊ စောင်များ၊ အနွေးအကျီများ၊ အသက်ကယ်ကိရိယာများ၊ အကျီများနှင့် အမျိုးသမီးတစ်ကိုယ်ရေသုံး သန့်ရှင်းရေးပစ္စည်းများစသည်တို့ ပါဝင်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ အာဖဂန်နစ္စတန်အစိုးရနဲ့ အမြဲတမ်းညှိနှိုင်းဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ရဲ့ အကူအညီတွေကို သူတို့ရဲ့လိုအပ်ချက်နဲ့ချိန်ညှိဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဒုတိယဗိုလ်ချုပ်ကြီး ဆူဟာရန်တိုက ပြောကြားခဲ့သည်။



အာဖဂန်နစ္စတန်နိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဖြန့်ဝေပေးခြင်းသည် ဗဟိုအာရှနိုင်ငံများအတွက် ပျော့ပျောင်းသော သံခင်းတမန်ခင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း၊ အာဖဂန်နစ္စတန်နိုင်ငံအပါအဝင် အာရှအလယ်ပိုင်း နိုင်ငံများသို့ သံတမန်ရေးရာကြိုးပမ်းမှုတစ်ရပ်အဖြစ် အင်ဒိုနီးရှားနိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကတိကဝတ်များကို နိုင်ငံတကာ၌ ပြသနိုင်မည်ဖြစ်ကြောင်း လူသားဖွံ့ဖြိုးတိုးတက်ရေးနှင့်ယဉ်ကျေးမှုဆိုင်ရာဝန်ကြီး မူဟက်ဂျာအက်ဖန်ဒီက ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ နိုဝင်ဘာ ၇ ရက်က ၆ ဒသမ ၂ မဂ္ဂနီကျူရှိ အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့မှုကြောင့် လူဦးရေ ၁၄၈၀ သေဆုံးပြီး လူဦးရေ ၁၉၅၀ ထိခိုက်ဒဏ်ရာများရရှိခဲ့ကာ လူဦးရေ ၁၁၄၀၀၀ ခန့် အရေးပေါ်အကူအညီများ လိုအပ်နေကြောင်း သိရသည်။

Ref : Russia Today

Trs : AZH

# ဖိလစ်ပိုင်နိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် အဆောက်အအုံနှင့် စိုက်ခင်းတချို့ပျက်စီး

**မနီလာ နိုဝင်ဘာ ၂၂**

ဖိလစ်ပိုင်နိုင်ငံ ဆမ်မာစီရင်စုမြောက်ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် အခြေခံအဆောက်အအုံနှင့် စိုက်ခင်းတချို့ပျက်စီးခဲ့ကြောင်း ဖိလစ်ပိုင်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေဘေးအန္တရာယ်နှင့်ပတ်သက်၍ ဆမ်မာသဘာဝဘေးအန္တရာယ်လျော့ချရေးစီမံခန့်ခွဲမှုအဖွဲ့အစည်းက ရေလွှမ်းနေသည့် လမ်းမကြီးတချို့ကို ယာယီပိတ်ထားရန် ညွှန်ကြားထားပြီး ဆမ်မာစီရင်စုမြောက်ဘက်ပိုင်းကိုလည်း သဘာဝဘေးအန္တရာယ် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ကြောင်း၊ ရေဘေးအန္တရာယ်ကြောင့် စိုက်ခင်းများပျက်စီးခဲ့သဖြင့် စိုက်ပျိုးရေးသမားများအတွက် အထိနာစေမည့်အခြေအနေ ဖြစ်ပေါ်နေပြီး ဒေသခံတချို့ကိုလည်း နိုဝင်ဘာ ၂၁ ရက်မှစတင်၍ ဘေးလွတ်ရာရွှေ့ပြောင်းပေးနေကြောင်း ထုတ်ပြန်ခဲ့သည်။

"ဆမ်မာစီရင်စု မြောက်ဘက်ပိုင်းမှာ မိုးရွာသွန်းနေဆဲဖြစ်လို့ ရေဘေးအန္တရာယ်ဆက်လက်မြင့်တက်လာဖွယ်ရှိပြီး ဘေးလွတ်ရာရွှေ့ပြောင်းရမဲ့ ဒေသခံဦးရေလဲ မြင့်တက်လာနိုင်ဖွယ်ရှိနေပါတယ်။ ကယ်ဆယ်ရေးစခန်းတွေကို တိုးချဲ့ပေးသွားဖို့လဲ ပြင်ဆင်နေပါတယ်" ဟု ဆမ်မာသဘာဝဘေးအန္တရာယ်လျော့ချရေးစီမံခန့်ခွဲမှုအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

ဆမ်မာစီရင်စု မြောက်ဘက်ပိုင်းတွင် ရေဘေးအန္တရာယ်ဖြင့်ရင်ဆိုင်နေရသည့် မြို့ ၂၄ မြို့ထိ ရှိနေပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံတချို့ကို အရေးပေါ်အခြေအနေဖြင့် ကယ်ထုတ်ပေးခဲ့ရကြောင်း၊ ဆမ်မာသဘာဝဘေးအန္တရာယ်လျော့ချရေးစီမံခန့်ခွဲမှုအဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ ရေဘေးအန္တရာယ်ကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ စုစုပေါင်း ၂၇၄၉၈ ဦးထိ မြင့်တက်နေကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# နိုင်ဂျီးရီးယားနိုင်ငံ၌ ရာသီဥတုဖောက်ပြန်မှုဒဏ်သင့် ကလေးငယ် သန်း ၁၁၀ ကျော်ထိရှိနေ

**ဝါရှင်တန် နိုဝင်ဘာ ၂၂**

အမေရိကန်နိုင်ငံ နယူးယောက်မြို့အခြေစိုက် ကုလသမဂ္ဂကလေးငယ်များရန်ပုံငွေအဖွဲ့က နိုင်ဂျီးရီးယားနိုင်ငံ၌ ရာသီဥတုဖောက်ပြန်မှုဒဏ်သင့်နေသည့် ကလေးငယ် သန်း ၁၁၀ ကျော်ထိရှိနေကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

နိုဝင်ဘာ ၂၀ ရက်က နိုင်ဂျီးရီးယားနိုင်ငံ ဂွမ်ဘီပြည်နယ်၌ ကမ္ဘာ့ကလေးငယ်များနေ့အဖြစ် ကျင်းပခဲ့ပြီး ၎င်းအခမ်းအနားတွင် နိုင်ဂျီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂကလေးငယ်များ ရန်ပုံငွေအဖွဲ့သံတမန် ခရစ္စတီယန်မန်ဒူအိတ်တက်ရောက်ခဲ့ကာ နိုင်ဂျီးရီးယားနိုင်ငံ၏ ကလေးငယ်များပံ့ပိုးရေးနှင့်ပတ်သက်သည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း၊ နိုင်ဂျီးရီးယားနိုင်ငံတွင် ၂၀၁၆ ခုနှစ်မှစတင်၍ ရာသီဥတု ဖောက်ပြန်မှုကြောင့် သဘာဝဘေးအန္တရာယ် အမျိုးမျိုးဖြင့် ရင်ဆိုင်ခဲ့ရပြီး အဆိုးရွားဆုံး ရင်ဆိုင်ခဲ့ရသည့် သဘာဝဘေးအန္တရာယ်မှာ ရေကြီးရေလျှံမှု၊ မိုးခေါင်မှုနှင့် တောမီးလောင်ကျွမ်းမှုများဖြစ်ပြီး သဘာဝဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသူများအနက် ကလေးငယ် သန်း ၁၁၀ ကျော်ထိပါဝင်နေခြင်းမှာ အနာဂတ်နိုင်ဂျီးရီးယားနိုင်ငံအတွက် စိုးရိမ်ဖွယ်ရာဖြစ်နေကြောင်း သိရသည်။

"နိုင်ဂျီးရီးယားနိုင်ငံမှာ ရာသီဥတုဖောက်ပြန်မှုကြောင့် ရေဘေးအန္တရာယ်၊ တောမီးအန္တရာယ်၊ မိုးခေါင်တဲ့ပြဿနာတွေနဲ့ဆက်တိုက်ရင်ဆိုင်ခဲ့ရတယ်။ ဒေသအလိုက်မတူညီတဲ့ သဘာဝဘေးအန္တရာယ်တွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ သဘာဝဘေးအန္တရာယ်တွေနဲ့ ရင်ဆိုင်ခဲ့ရတဲ့ နိုင်ဂျီးရီးယား ပြည်သူတွေထဲမှာ ကလေးငယ် သန်း ၁၁၀ ကျော်ထိ ပါဝင်နေပါတယ်။ ရာသီဥတုဖောက်ပြန်မှုနဲ့ဆက်စပ်တဲ့ သဘာဝဘေးအန္တရာယ်ကြောင့် ကလေးငယ်တွေရဲ့အနာဂတ်ဟာ စိုးရိမ်ဖွယ်ရာဖြစ်နေပါတယ်။ နိုင်ဂျီးရီးယားနိုင်ငံက ကလေးငယ်တွေရဲ့အနာဂတ်အတွက် နိုင်ငံတကာရဲ့ အကူအညီတွေ လိုအပ်နေပါတယ်။ သဘာဝဘေးအန္တရာယ်တွေနဲ့ အဆိုးရွားဆုံး ရင်ဆိုင်နေရတဲ့ နယ်မြေတွေကတော့ အဘူဂျာဒေသ၊ ကာနိုဒေသ၊ လာဂို့စ်ဒေသ၊ အီနူဂူဒေသ၊ ဆိုကိုတိုဒေသနဲ့ မိုင်ဒူဂူရီဒေသတို့ဖြစ်ပါတယ်"ဟု ခရစ္စတီယန်မန်ဒူအိတ်က ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၄၂၂ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**တမူး နိုဝင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၄၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ တမူးခရိုင်တွင် နှမ်း ၂၄၁၁ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ နှမ်း ၂၄၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ တမူးခရိုင်အတွင်း နှမ်း ၂၄၁၁ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ နှမ်း ၂၄၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်ပြီးလဲစိုက်ပျိုးနေပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် ယခုနှစ်ဆောင်းနှမ်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၁၆၈၂ ဧက၊ တမူးမြို့နယ်တွင် ၃၅၅ ဧက၊ ခါမ်းပါတ်မြို့တွင် ၃၈၅ ဧက စုစုပေါင်း ၂၄၂၂ ဧကတို့ဖြစ်ပြီး နှမ်းစိုက်ပျိုးရန် လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၁၆၈၁ ဧက၊ တမူးမြို့နယ်တွင် ဧက ၃၅၀၊ ခါမ်းပါတ်မြို့တွင် ဧက ၃၈၀ စုစုပေါင်း နှမ်း ၂၄၁၁ ဧကတို့ဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် ယခုနှစ် ဆောင်းနှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# သရက်မြို့နယ် စမ်းအိုင့်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သရက် နိုဝင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် စမ်းအိုင့်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၂၁ ရက် ညနေပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးချမ်းငြိမ်းအေးနှင့်အဖွဲ့ဝင်များ၊ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ စမ်းအိုင့်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးချမ်းငြိမ်းအေးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့နိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားကာ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

စမ်းအိုင့်ကျေးရွာ၌လမ်းအရှည် ၅၃၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုး၍ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းထံမှ သိရသည်။

နွဲ့ယဉ်

## စာအုပ်စာပေ လူ့မိတ်ဆွေ

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၁၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၁၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၂၆၀ | ၂၂၈၅ | ၂၂၆၅ | ၂၂၄၅ | ၂၃၄၅ | ၂၃၆၀ | ၂၂၅၀ | ၂၂၆၀ | ၂၂၉၅ | ၂၃၀၀ | ၂၃၀၀ | ၂၅၃၀ | ၂၈၆၀ |
| 95 Ron | ၂၃၅၀ | ၂၄၀၀ | ၂၄၀၀ | ၂၃၆၀ | ၂၄၀၀ | ၂၄၂၀ | ၂၄၀၅ | ၂၃၈၅ | ၂၄၈၀ | ၂၅၀၀ | ၂၃၉၀ | ၂၄၀၅ | ၂၄၃၅ | ၂၄၃၅ | ၂၄၄၀ | ၂၆၇၀ | ၂၉၆၀ |
| HSD (500 ppm) | ၂၁၂၅ | ၂၁၇၅ | ၂၁၇၀ | ၂၁၃၅ | ၂၁၇၀ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၅ | ၂၂၇၅ | ၂၂၇၀ | ၂၁၆၅ | ၂၁၇၅ | ၂၂၁၀ | ၂၂၁၀ | ၂၂၁၅ | ၂၄၄၀ | ၃၁၉၀ |
| HSD (50 ppm) | ၂၂၁၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၂၀ | ၂၂၆၀ | ၂၂၈၅ | ၂၂၈၀ | ၂၂၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၂၅၅ | ၂၂၆၅ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၀ | ၂၅၃၀ | ၃၂၅၀ |
| HSD (10 ppm) | ၂၂၁၅ | ၂၂၆၅ | ၂၂၆၅ | ၂၂၂၅ | ၂၂၆၅ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၃၇၀ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၀ | ၂၃၀၀ | ၂၃၀၅ | ၂၃၀၅ | ၂၅၃၅ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း ) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၀၂ | ၂၁၇၈ |
| 95 Ron | ၂၂၃၇ | ၂၃၁၅ |
| HSD (500 ppm) | ၂၀၁၈ | ၂၀၈၇ |
| HSD (50 ppm) | ၂၁၀၄ | ၂၁၇၆ |
| HSD (10 ppm) | ၂၁၀၈ | ၂၁၇၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-


၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဝင့်ကြွေး

မေခြူးသွယ်(တွံတေးမြေ)




(၁)

"ကိုဖိုးမောင် ညနေ အိမ်ကို စောစောပြန်ခဲ့နော်။ ရေဒီယိုမှာကြေညာနေတဲ့ မိုးလေဝသ သတင်းတွေ မကောင်းဘူး တော်ရယ်"

မသိန်းရင်တစ်ယောက် လယ်ထဲသွားမည့် ခင်ပွန်းဖြစ်သူကို မပြတ်နိုင်သော စကားလုံးများနှင့်အတူ မှာတမ်းခြွေနေမိသည်။ ဇနီးဖြစ်သူ၏စကားကြောင့် ကိုဖိုးမောင် ဆေးပေါ့လိပ်ကို ဖွာရှိုက်ရင်း-

"စိတ်မပူစမ်းပါနဲ့ ငါ့မိန်းမရယ်။ မိုးဦးကျလေဦးကျက ဒီလိုပဲ မိုးရွာနေကျမဟုတ်လား။ မိုးရွာတော့ ကန်သင်းရိုးတွေပေါ် ခုန်တက်လာတဲ့ငါးတွေ အဆင်သင့်လိုက်ကောက်ရုံပေါ့"

ကိုဖိုးမောင်တစ်ယောက် ဝါးဖက်ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းကာ စကားအဆုံးတွင် ပေါက်တူးနှင့် ခွဲတောင်းကိုယူကာ ရွာအရှေ့ဘက်ရှိ လယ်ကွင်းများဆီသို့ ထွက်ခဲ့လိုက်လေသည်။

မိုးလေဝသအခြေအနေမကောင်းသည့်သတင်းကို မနေ့ကတည်းက သူလည်းကြားသည်။ သို့သော် မိုးဦးကျလေဦးကျအချိန်တွင် ဖြစ်လေ့ဖြစ်ထရှိသော မိုးသည်းထန်စွာရွာသွန်းခြင်းကို သူမှာကြောက်နေရန် အချိန်မရှိပေ။ မိသားစု ငါးဦး၏ စားဝတ်နေရေးက အရေးကြီးနေသဖြင့် မိုးရွာချိန် လယ်အလုပ်ကလေး ပြေးလုပ်လိုက်မှ စပါးပေါ်ချိန်ရောက်လျှင် အစစအရာရာအဆင်ပြေမည်ဖြစ်သည်။ လယ်အလုပ်လုပ်သည့်အပြင် မိုးရွာချိန် ငါးဖမ်းပိုက်ချရန်လည်း ရှိနေသေးသဖြင့် လယ်တောဆီသို့ ထွက်ခဲ့ခြင်းဖြစ်သည်။

သား၊ သမီး သုံးဦးကို ဝမ်းဝအောင် ကျွေးနိုင်ရန်နှင့် ဇနီးမယားကို ဝမ်းဝအောင် ကျွေးနိုင်ရန်က ဖခင်တစ်ယောက် ခင်ပွန်းတစ်ဦး၏တာဝန်ဟု သူခံယူထားသဖြင့် သူတတ်နိုင်သည့်ဘက်က စီးပွားရှာရန်အသင့်ဖြစ်နေခဲ့သည်။

(၂)

မသိန်းရင်တစ်ယောက် သူ့ကို ကျောခိုင်းကာ လယ်ထဲထွက်သွားသော ခင်ပွန်းဖြစ်သူကြောင့် သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်မိသည်။ မိသားစု စားဝတ်နေရေးအတွက် သည်ခင်ပွန်းရုန်းကန်နေရသည်ကို သူသိနေသော်လည်း ရေဒီယိုမှာကြေညာနေသည့် မိုးလေဝသ သတင်းကြောင့် ဇနီးဖြစ်သူမှာ ခင်ပွန်းဖြစ်သူ၏ ကျောပြင်ကိုကြည့်ပြီး စိတ်ပူခြင်းများဖြင့် ရတက်မအေးဖြစ်နေရသည်။

"မေမေ သား ဗိုက်ဆာတယ်"

"အင်း သားလေး"

ဖိုးတူးလေး၏ ခေါ်သံကြောင့် သူ့အတွေးများ ရပ်တန့်သွားရသည်။ ဖိုးတူးသည် မသိန်းရင်နှင့် ကိုဖိုးမောင်တို့၏ သုံးယောက်မြောက်သားငယ်ဖြစ်သည်။ သမီးနှစ်ယောက်၊ သားတစ်ယောက် ထွန်းကားသော ကိုဖိုးမောင်နှင့် မသိန်းရင်တို့ လင်မယားသည် ဖိုးတူးလေးကို ငုံထားမတတ်ချစ်ရှာကြသည်။

မသိန်းရင်တစ်ယောက် အတွေးများကြားတွင် ဗျာများနေပြီးမှ သားငယ်ကို ထမင်းကျွေးရန် မီးဖိုချောင်သို့ ဝင်ခဲ့လိုက်သည်။ ပြီးမှ ကန်စွန်းရွက်ကြော်နှင့် ထမင်းအဖြူလေးကို ငါးပိရည်အနည်းငယ်ဆမ်းကာ ထမင်းနယ်ခဲ့လိုက်သည်။

"သားငယ် စားလိုက်နော်"

မသိန်းရင်တစ်ယောက် သားငယ်လေးကို လက်သေချာဆေးစေကာ ဇွန်းတပ်၍ ထမင်းပန်းကန်ပေးလိုက်သည်။ ဘယ်အချိန်ကတည်းက ဆာလောင်နေသည်မသိသော သားငယ်၏ ပလုတ်ပလောင်း ထမင်းစားနေပုံလေးက သူ့ရင်ကို အမှန်တကယ် ချမ်းမြေ့စေသည်။

ဖယောင်းတိုင်မီးအလင်းရောင်ကို အားပြုရင်း ညစာထမင်းဝိုင်းလေးတွင် မိသားစုစုံလင်စွာ စားသောက်ကြသည်။ ထိုညထမင်းဝိုင်းလေးတွင် မသိန်းရင်တစ်ယောက် သားသမီး သုံးဦးကို ရယ်ရွှင်မြူးထူးစွာ ထမင်းခွံ့ကျွေးရင်း ပြုံးပျော်နေမိသည်။ ထိုည၏ ပျော်စရာအချိန်သည် နောက်တစ်နေ့တွင် ကုန်ဆုံးသွားမည်ကို မသိန်းရင်တို့မိသားစုမသိခဲ့ပါချေ။

(၃)

သည်နေ့နံနက်မှ ကိုဖိုးမောင် ငါးပိုက်ချထားသည့် ငါးကန်မှ ငါးတော်တော်များများရရှိခဲ့သည်။ မှန်းဆကြည့်လေလျှင် ၁၀ ပိဿာခန့်ပင်ရှိမည်။ ထိုငါးများကို မြို့ပေါ်က ငါးဒိုင်သို့ တက်ရောင်းရန် လင်မယားနှစ်ယောက် တိုင်ပင်ဖြစ်ကြသည်။ သူ့တစ်ပါးအသက်နှင့်ရင်း၍ စီးပွားရှာခြင်းသည် ပါဏာတိပါတာကံကို ကျူးလွန်ခြင်းဖြစ်သည်ကို သိသော်လည်း မိမိဝမ်းဝရန်အတွက် သူတစ်ပါးအသက်ကို သတ်ဖြတ်ပြီး ရောင်းချရန်လည်း လူတို့သည် ဝန်မလေးတတ်ကြပေ။ ထိုအထဲတွင် ကိုဖိုးမောင်တို့ ဇနီးမောင်နှံလည်း ပါဝင်ခဲ့သည်။

ကိုဖိုးမောင်သည် လယ်အလုပ်တစ်ဖက်ရှိနေသဖြင့် လယ်ကို စိတ်မချရာ လယ်ထဲသို့ နောက်တစ်ခေါက် ပြန်ဆင်းရန်ရှိနေသည်။ အချိန်က စပါးစိုက်ချိန်ဖြစ်သဖြင့် ကောက်စိုက်သမများဖြင့်သာ လယ်ကိုပစ်ထား၍မရပေ။ ထိုအခါ မြို့ပေါ်သို့ ငါးတက်ရောင်းရန် အလှည့်ကျသူမှာ မသိန်းရင်ဖြစ်လာခဲ့သည်။

သမီးနှစ်ယောက်က စာသင်ကျောင်းတက်နေပြီဖြစ်သဖြင့် စိတ်ချရသော်လည်း သားကိုတော့ မသိန်းရင် စိတ်မချဖြစ်ရပြန်သည်။ ထို့ကြောင့် ဆွေမျိုးတော်စပ်သော ကိုဖိုးမောင်၏အဒေါ် ဒေါ်ခင်သန်းနှင့် ခဏအပ်ခဲ့ရသည်။

သားကို အဒေါ်ဖြစ်သူနှင့် အပ်ခဲ့ရသော်လည်း သားကို စိတ်မချသည့်စိတ်ကြောင့် မြို့ပေါ်ရှိ ငါးဒိုင်ကို မသိန်းရင်တစ်ယောက် စိတ်စောကာ အရင်ရောက်အောင်သွားခဲ့သည်။ ငါးဒိုင်ရောက်သည့်အခါ ငါးများကို လျင်မြန်စွာချိန်ပြီးရောင်းချခဲ့သည်။ ငါးရောင်းချ၍ ကုန်သွားသည့်အချိန်တွင် ရွာကိုအမြန်ပြန်ခဲ့လိုက်သည်။

ရွာပြန်လာသည့် မသိန်းရင်ကို ရွာထိပ်ရောက်သည်နှင့် အဖြစ်ဆိုးတစ်ခုက ဆီးကြိုနေလေသည်။ ရွာထိပ် စဝင်ကတည်းက ရှုတ်ရှုတ်သဲသဲ ဖြစ်နေသော လူတစ်စုကြောင့် မသိန်းရင် ရွာထဲမှာ ဘာရှိလို့လဲဟု၍ တွေးလိုက်မိသည်။

"မသိန်းရင် ညည်းပြန်လာပြီလား။ ဟိုမှာ ညည်းသား အငယ်ကောင်လေး ရေနစ်လို့တဲ့"

"ရှင်"

ရွာထဲကို သွားရန်ပြင်နေသော အမျိုးသမီးထံမှ ကြားလိုက်ရသော စကားလုံးသည် မသိန်းရင်၏ အသည်းနှလုံးကို ဆွဲနုတ်ယူလိုက်လေသလား။ နာကျင်စွာတုန်လှုပ်သွားရသည်။ မသိန်းရင် ဘာကိုမျှမစဉ်းစားနိုင်တော့သဖြင့် ရွာထဲသို့သာ ပြေးဝင်လာခဲ့လေသည်။

(၄)

"သိန်းရင်နဲ့ ဖိုးမောင်ပြန်လာရင် ငါ ဘယ်လိုပြောရမှာလဲ ဝိုင်းပြောကြပါအုံးအေ"

ဒေါ်ခင်သန်းတစ်ယောက် အသက်မဲ့နေပြီဖြစ်သော ကလေးငယ်ကို ပွေ့ချီ၍ မျက်ရည်များစွာဖြင့် မေးခွန်းထုတ်နေမိသည်။ သူ့ပေါ့ဆမှုကြောင့် သေဆုံးသွားခဲ့ပြီဖြစ်သော ကိုဖိုးမောင်နှင့် မသိန်းရင်တို့၏ သားငယ်လေးကို ရင်ခွင်မှာတင်းနေအောင် ပွေ့ဖက်ရင်း ငိုကြွေးနေမိသည်။

ဒေါ်ခင်သန်း အိမ်ခေါင်းရင်းရှိ ရေကန်ထဲသို့ ဖိုးတူးလေး ဆင်းသွားသည်ကို မည်သူမျှမသိလိုက်ချေ။ ဒေါ်ခင်သန်း သိလိုက်သည့်အချိန်သည် အလွန်ကိုနောက်ကျနေပြီဖြစ်သည်။

"သား"

လူများဝိုင်းနေသည့် ဒေါ်ခင်သန်း၏ အိမ်ဝိုင်းထဲသို့ မသိန်းရင် ခြေချမိသည်နှင့် နှလုံးသွေးများရပ်တန့်မတတ် တုန်လှုပ်သွားရလေသည်။ လူအုပ်ကြားထဲမှ သားရှိရာသို့ သူပြေးလာခဲ့သည်။ ဒေါ်ခင်သန်း ရင်ခွင်ထဲတွင် ပျော့ခွေနေပြီဖြစ်သော သားငယ်ကို သူ တွေ့လိုက်ရလေတော့ ကမ္ဘာကြီးပျက်သုဉ်းသွားပြီဟုပင် ထင်လိုက်ရ၏။

"သား ကျွန်မသား ဘယ်လိုဖြစ်တာလဲဟင်"

"ဟင် သိန်းရင်"

ဒေါ်ခင်သန်းလက်ထဲမှ သားကို မသိန်းရင် ပွေ့ယူလိုက်ရင်း အရူးတစ်ယောက်လို မေးခွန်းထုတ်လိုက်ခြင်းဖြစ်သည်။

"ကျွန်မ ကျွန်မ သားလေး ဖိုးတူး၊ မေမေ ခေါ်နေတယ်လေ သားဖိုးတူး"

"သိန်းရင် ကလေးက အသက်မရှိတော့ဘူး"

ရွာ၏အကြီးအကဲ ဦးအောင်မောင်း ဝင်ပြောလေရာ မသိန်းရင် သားငယ်ကို ရင်ခွင်ထဲတွင် တင်းနေအောင် ဖက်ထားရင်း-

"မဟုတ်ဘူး ဘဘကြီးရယ်၊ သားက သတိမေ့နေတာပါ။ ကျွန်မ သား ဘာမှမဖြစ်ဘူး"

"သား ဖိုးတူး၊ သား မေမေ ခေါ်နေတယ်လေ။ မေမေ့ကို ပြန်ထူးပါအုံး မေမေ့သားလေးရယ်"

"သိန်းရင် ဖိုးတူးလေး အသက်မရှိတော့ဘူး။ စိတ်ထိန်းပါကွယ်"

ထိုသို့ထပ်မံကြားလိုက်ရသောစကားက မသိန်းရင်၏ အသည်းနှလုံးကို နုတ်ယူခံလိုက်ရသလို ရင်ထဲမှာ မီးတောက်နေသည်ကို ဘယ်သူကိုယ်ချင်းစာနိုင်မည်နည်း။

"သိန်းရင်"

"သားငယ်"

ထိုအချိန် မသိန်းရင်အနားသို့ ထပ်မံရောက်လာသူက ကိုဖိုးမောင်ဖြစ်နေသည်။ မသိန်းရင် တစ်ယောက် ကိုဖိုးမောင်၏ အသံကိုကြားလိုက်သည်နှင့် အားတက်သွားကာ ခင်ပွန်းဖြစ်သူကို မျက်ရည်များဖြင့် ကြည့်လိုက်လေသည်။

"ကိုဖိုးမောင် ဒီမှာ သားဘာဖြစ်တာလဲမသိဘူး၊ ခေါ်ကြည့်ပါအုံးရှင်"

ကိုဖိုးမောင် ရွာထိပ်ကို ရောက်ကတည်းက သားငယ်ဆုံးပြီဟူသော သတင်းစကားကို ကြားခဲ့ပြီးဖြစ်သည်။ ဒေါ်ခင်သန်းအိမ်ကိုအရောက်တွင် မသိန်းရင် ရင်ခွင်ထဲတွင်ရှိနေသော သားကိုကြည့်ပြီး သူ့အသိစိတ်၊ သူ့အသွေးအသားများ ရပ်တန့်သွားမတတ်ခံစားလိုက်ရသည်။ သူပင် သားအတွက် ရင်ကွဲမတတ် ခံစားနေရသည်ဆိုလျှင် မသိန်းရင်ဆိုလျှင် မည်မျှခံစားနေရမည်ကို သူ သိနေလေသည်။

သူ မသိန်းရင် အနားတွင် တိုးကပ်ထိုင်လိုက်ကာ မသိန်းရင် ရင်ခွင်ထဲက သားကို မျက်ရည်များဖြင့် ကြည့်လိုက်မိသည်။

"တို့ သားလေးက ကောင်းတဲ့နေရာ ရောက်သွားမှာပါ မသိန်းရင်ရယ်။ မင်းစိတ်မှာ လက်မခံချင်လဲ သားမရှိတော့ဘူး။ သားသေပြီဆိုတာ တို့လက်ခံရမယ် သိန်းရင်။ တို့သားအတွက် တို့လုပ်ပေးနိုင်တာကို လုပ်ရမယ်သိန်းရင်၊ တို့သားအတွက် ကုသိုလ်ကောင်းမှုတွေ အများကြီးလုပ်ပေးပြီး သားကောင်းရာမွန်ရာရောက်ဖို့ ဆုတောင်းပေးကြတာပေါ့"

ကိုဖိုးမောင် ထိုမျှသာပြောပြီး ဇနီးဖြစ်သူကို နှစ်သိမ့်နိုင်ခဲ့သည်။ သူကိုယ်တိုင်လည်း သားငယ်အတွက် နာကျင်နေသဖြင့် ပြောစရာစကားလုံးများလည်း ထပ်မံထွက်ကျမလာနိုင်တော့ပေ။

မသိန်းရင်မှာ သားကို ရင်ခွင်ထဲပွေ့ပိုက်ကာ အရူးတစ်ယောက်လို အော်ဟစ်ငိုကြွေးနေမိသည်။ သားသေဆုံးခြင်းကို သူ လက်မခံချင်လည်း လက်ခံရတော့မည်။ သေမင်းခေါ်ရမည်က သူကိုသာဖြစ်ပြီး သားငယ်ကို လူ့လောကမှာ ကောင်းမွန်စွာ ရှင်သန်ခွင့်ပေးရမည် မဟုတ်လား။ ယခုတော့ သားငယ်ကို လူမှားခေါ်သွားသော သေမင်းကိုသာ မသိန်းရင်

စာမျက်နှာ ၂၅ သို့ ➤

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ဧက ၁၀၁၂၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပန်းနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကျွန်းလှ နိုဝင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံဧက ၁၀၁၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၄၈၂၄ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၀၁၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကျွန်းလှမြို့နယ်မှာ ဆီထွက်သီးနှံဧက ၁၄၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ စားသုံးဆီဖူလုံရေးနဲ့ ဆီထွက်သီးနှံ တိုးတက်ရေးအတွက် ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံကို တိုးချဲ့စိုက်ပျိုးဖို့၊ တစ်ဧကအထွက်နှုန်း ကောင်းမွန်ဖို့ တောင်သူတွေနဲ့ ဆွေးနွေးနေပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲဧက ၂၅၃၀၊ နှမ်း ၇၃၅၅ ဧက၊ ပန်းနှမ်း ၂၃၅ ဧက စုစုပေါင်း ဧက ၁၀၁၂၀ ဖြစ်ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစိုက်ပျိုးရန်အတွက် လျာထားမှုအနေဖြင့် မြေပဲ ၁၃၈၉၆ ဧက၊ နှမ်း ၁၄၀၃၃ ဧက၊ နေကြာ ၁၂၂၅ ဧက၊ ပန်းနှမ်း ၅၃၁၃ ဧက၊ မုန်ညင်း ၃၅၇ ဧက စုစုပေါင်း ၃၄၈၂၄ ဧကဖြစ်ကြောင်းသိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆီထွက်သီးနှံစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ သဘာဝမြေဩဇာနှင့် ပိုးသတ်ဆေးသုံးစွဲခြင်းဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# သရက်မြို့နယ် ကွမ်းအုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**သရက် နိုဝင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် ကွမ်းအုံကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို နိုဝင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးယုနိုင်လင်းနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကွမ်းအုံကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာဆောင်ရွက်ရန်မှာကြားခဲ့ပြီး ကျေးရွာ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကွမ်းအုံကျေးရွာ၌ လမ်းအရှည် ၅၃၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို စီမံကိန်းပံ့ပိုးငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ယခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းထံမှ သိရသည်။

**ခင်မာ**



➤ စာမျက်နှာ ၂၄ မှအဆက်

နာကြည်းစွာပင် အပြစ်တင်မိသည်။

သေဆုံးသွားသော ကလေးငယ်ကို ရင်ခွင်ထဲတွင်ပွေ့ဖက်ရင်း အရူးမကြီးသဖွယ် ငိုကြွေးနေသော မသိန်းရင်ကို ဝိုင်းကြည့်နေကြသူအားလုံး သနားကရုဏာဖြစ်ရုံမှလွဲ၍ ဘာတစ်ခုမျှ မတတ်နိုင်ခဲ့ပေ။

(၃)

သားငယ်ရက်လည်ဆွမ်းသွတ်သည့်နေ့မှာပင် တရားနာ ရေစက်ချနေသော မသိန်းရင်၏လက်များ တုန်ယင်နေခဲ့ရသည်။ သားငယ်၏ နာရေးပြီးသွားသော်လည်း မသိန်းရင်၏ မျက်ရည်များကတော့ ကျနေဆဲဖြစ်သည်။ သူ လက်မခံချင်သေးပေ။ သားငယ်ရှိနေသေးသည်ဟုသာ သူ ခံယူထားမိသည်။

သေဆုံးသွားပြီဖြစ်သော သား၏နာရေးကို အကောင်းဆုံးလုပ်ဆောင်ပေးခဲ့သည်။ သားငယ်၏သေဆုံးခြင်းကို မသိန်းရင်လက်ခံခဲ့သော်လည်း မသိန်းရင်၏ မျက်ရည်များကတော့ မစဲနိုင်ခဲ့ပေ။ သားငယ်အတွက် ကုသိုလ်ကောင်းမှုများ အတတ်နိုင်ဆုံးလုပ်ပေးရင်း သားငယ် ကောင်းရာမွန်ရာရောက်ပါစေဟု မသိန်းရင်ဆုတောင်းခဲ့ရသည်မှာလည်း အကြိမ်ကြိမ်အခါခါပင်ဖြစ်သည်။ ထိုသို့ ကုသိုလ်လုပ်ပေးချိန်တိုင်း ရွာဦးကျောင်းဆရာတော်က-

"ဖိုးမောင်နဲ့ သိန်းရင် နင်တို့နောင်တမရသေးဘူးလား။ မင်းတို့စီးပွားဖြစ်လုပ်နေတဲ့ ငါးရှာ၊ ငါးဖမ်းအလုပ်တွေ စွန့်လွှတ်သင့်ပြီနော်။ မင်းတို့က စီးပွားရေးတစ်ခုအဖြစ် သူတစ်ပါးအသက်ကို သတ်ဖြတ်စီးပွားရှာနေပေမဲ့ အဲဒီအကုသိုလ်ကံရဲ့ ဝဋ်ကြွေးကိုတော့ မင်းတို့ ပြန်ဆပ်ခဲ့ရပြီမဟုတ်လား။ မင်းတို့ သူတစ်ပါးအသက်ကိုသတ်လို့ မင်းတို့သားရဲ့အသက်ကိုလဲ ပေးခဲ့ရပြီ။ ဒါကိုတောင် မင်းတို့နောင်တမရသေးဘူးလား။ အသိတရားနဲ့ဆင်ခြင်ပြီး ဆက်မမိုက်ချင်စမ်းပါနဲ့ ဖိုးမောင်နဲ့ သိန်းရင်ရယ်။ ဝဋ်ဆိုတာ နောက်ဘဝမကူးဘူးနော်။ လက်ရှိဘဝမှာတင် ဝဋ်ဆိုတာ ချက်ချင်းလည်တတ်တယ်"

သားငယ်အတွက်ရည်ရွယ်ပြီး ကုသိုလ်လုပ်ပေးချိန်တိုင်း ဆရာတော်ကြီး မြွက်ကြားသည့် တရားစကားတို့ကြောင့် ကိုဖိုးမောင်နှင့် မသိန်းရင်တို့သည် မိုးဥတုတွင် အသက်မွေးနေကျဖြစ်သော ငါးပိုက်ထောင်ခြင်း၊ ငါးရှာခြင်း၊ ငါးကန်ဝယ်၍ ငါးဖမ်းခြင်းအလုပ်များကို စွန့်လွှတ်ခဲ့သည်။ သားငယ်သေဆုံးမှုကိုလည်း တရားသဘောဖြင့် သံဝေဂရလာခဲ့သည်။ သူတစ်ပါးအသက်ကို လောဘစိတ်ဖြင့် သတ်ဖြတ်ငွေရှာခြင်းကြောင့် မိမိတို့ရင်သွေးအသက်ကို ပေးဆပ်လိုက်ရပါလားဟူသော အသိစိတ်က သူတို့နှစ်ဦး၏ရင်ထဲရောက်လာသည်နှင့်အမျှ သူတို့နှစ်ဦးသည် ဝဋ်ဆိုသည့်စကားလုံး၏အတိမ်အနက်ကို နားလည်ကာ သူတစ်ပါးအသက်ကို ဘယ်သောအခါမှ သတ်ဖြတ်၍စီးပွားရှာကြတော့မည်မဟုတ်ပေ။

## ပညာ့သင်းထုံ ပန်းရိပ်မြုံ

\- ပန်းကံ့ကော် ရနံ့မွှေး
ခေါင်းလောင်းတေး သံချိုချို၊
ကုက္ကိုပင် စိန်ပန်းခက်နှင့်
သရက်ပင်ပျို၊
ပညာလမ်း လက်ကမ်းကြို
မေးစက်ခိုရာ စာသင်ခန်း၊
မြတ်ဆရာ ဥယျာဉ်မှူးတို့
ကြည်နူးရှင်လန်း။

\- ဖြူစိမ်းညီညာ ဆင်မြန်းလို့
ပညာလမ်း ရေပြင်ကျယ်၊
တူယှဉ်ကာ လက်ချင်းချိတ်
လွယ်အိတ်ကိုလွယ်၊
မျိုးဆက်သစ် ရင်သွေးငယ်
ဘဝနယ်ပယ် တိုးတက်ရေး၊
စာသင်ရာ ကျောင်းတော်လှကို
သွားကြစို့လေး။

\- အောင်မြင်ရန် လှို့လမွှေး
ကြိုးစားပေး ပန်းတိုင်ဆီ၊
အချိန်ကို တန်ဖိုးထားလို့
ရောက်အောင်သွားမည်၊
ဖွဲ့သတ္တိနှင့် အားမာန်ချီ
စုန်ဆန်လေပြည် သင်းစေသား၊
ပန်းရိပ်မြုံ ဥယျာဉ်နန်းမှ
လမ်းခင်းလို့ထား။ ။

**မင်းဝေအောင်(ရဲကျွန်း)**

# တပ်ကုန်းမြို့နယ်၌ Mobile Financial Payment ဖြင့် ဆီထွက်သီးနှံရန်ပုံငွေထုတ်ချေး

**နေပြည်တော် နိုဝင်ဘာ ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက Myanmar Citizens Bank နှင့်ပူးပေါင်း၍ အောင်မြေရိပ်သာကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးရန်နိုင်ရွှေက အောင်မြေရိပ်သာကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများ၊ ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းကို Mobile Financial Payment စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး Myanmar Citizens Bank မှ တာဝန်ရှိသူများက Mobile Financial Payment အကောင့်ဖွင့်ပေးခြင်းနှင့် ငွေပေးချေနိုင်မည့် နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာမြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက Mobile Financial Payment စနစ်ဖြင့် အောင်မြေရိပ်သာကျေးရွာရှိ အသင်းသား၊ အသင်းသူ ၆၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လည်ပတ်ရန်ပုံငွေကျပ် ၁၀ ဒသမ ၁၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရန်နိုင်ရွှေထံမှ သိရသည်။

**မောင်ရိုင်**

# တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းလျက်ရှိသော စင်ကာပူနိုင်ငံ

စင်ကာပူနိုင်ငံသည် ဗြိတိသျှကိုလိုနီတို့ လက်အောက်တွင်ရောက်ရှိခဲ့စဉ်က စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများ၊ စက်မှုနိုင်ငံထူထောင်ရေးအတွက်နှောင့်နှေးကြန့်ကြာမှုများ၊ အိမ်ရာမရှိမှုများ၊ အလုပ်လက်မဲ့များနှင့် လူမှုရေးဆိုင်ရာ အခက်အခဲများစွာကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

သို့သော်လက်ရှိအချိန်တွင် စင်ကာပူနိုင်ငံသည် ခေတ်မီမြို့ပြနိုင်ငံတစ်နိုင်ငံအဖြစ်ရပ်တည်လာနိုင်ပြီး ဆွဲဆောင်မှုမြင့်မားသော လွတ်လပ်သည့်ဈေးကွက်များနှင့် နိုင်ငံပေါင်းစုံပါဝင်သောကော်ပိုရေးရှင်းများ (MNC) သည် စီးပွားရေးလုပ်ငန်းများ ခိုင်မာသေချာမှုကို အထောက်အကူဖြစ်စေလျက်ရှိသည်။ စင်ကာပူနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုပုံစံကို ကမ္ဘာ့ခေါင်းဆောင်များကပင်လျှင် အတုခိုးရလျက်ရှိသည်။ အမှန်တော့ တိုင်းပြည်ထူထောင်သူ လီကွမ်ယု၏ကြိုးပမ်းအားထုတ်မှုများကြောင့် ထိုသို့တိုးတက်လာခြင်းဖြစ်သည်။

**အမျိုးသားလွတ်လပ်ရေး**

စင်ကာပူနိုင်ငံသည် ဗြိတိသျှလက်အောက်တွင် နှစ်ပေါင်း ၁၄၄ နှစ်ကျော်ကြာ နေထိုင်ခဲ့ရပြီးနောက် ၎င်းသည် ၁၉၆၃ ခုနှစ်တွင် မလေးရှားနိုင်ငံ ထူထောင်ရန် မလေးယား၊ ဆာဘား၊ ဆာရာဝပ်တို့ ပူးတွဲရပ်တည်ခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် မလေးရှားနိုင်ငံလက်အောက်မှလွတ်မြောက်ခဲ့ပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံ အဖြစ် ရပ်တည်ခဲ့သည်။ ထိုနှစ်၌ပင်လျှင် စင်ကာပူနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်လာသည်။ နှစ်နှစ်ကြာပြီးနောက် အရှေ့တောင်အာရှနိုင်ငံများ အသင်း (ASEAN) အဓိကအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများကြား စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ရည်မှန်းဆောင်ရွက်ထားသည့် ဒေသတွင်းရှိ အဖွဲ့အစည်းတစ်ခုပင်ဖြစ်သည်။

၁၉၇၀ ပြည့်နှစ်တွင် စင်ကာပူသည် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့တွင်ဝင်ရောက်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်နှင့်အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်သွားရန် ရည်ရွယ်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာစီးပွားရေးအခင်းအကျင်းတွင် အောင်မြင်စွာပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပြီး ကမ္ဘာ့နိုင်ငံ ၁၉၀ နီးပါးနှင့် နိုင်ငံတကာဆက်ဆံရေးထူထောင်ထားနိုင်သည်။ ထို့ပြင် အရင်းရှင် စီးပွားရေးပုံစံမှသည် နိုင်ငံတကာစီးပွားရေးပုံစံထူထောင်ပြီး လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်များ ထူထောင်ထားနိုင်ခဲ့သည်။

အစောပိုင်းကာလတွင် စင်ကာပူအစိုးရသည် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ အကောင်အထည်ဖော်ရန် မြေလိုအပ်ချက်များရှိခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် မြေပိုင်ဆိုင်မှုဥပဒေပြဋ္ဌာန်းပြီး မြေယာဝယ်ယူခွင့်ပြုခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် အာဏာရပြည်သူ့လှုပ်ရှားမှုပါတီ (PAP) သည် မြေဟက်တာ ၁၇၈၀၀ ခန့် ဝယ်ယူခဲ့သည်။ အစိုးရသည် ၁၉၄၉ ခုနှစ်တွင် မြေယာပိုင်ဆိုင်မှု ၃၁ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၁၉၈၅ ခုနှစ်တွင် ၇၆ ရာခိုင်နှုန်းထိ ပိုင်ဆိုင်လာပြီး အကြီးမားဆုံးမြေယာပိုင်ဆိုင်သူဖြစ်လာသည်။ ထို့ကြောင့် ကုန်ကျစရိတ်သက်သာလာပြီး မြေယာဈေးသက်သာခြင်းသည် မြို့ပြထူထောင်ရာတွင် ပိုမိုထိရောက်မှုရရှိလာစေသည့်အပြင် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အထောက်အကူဖြစ်စေခဲ့သည်။

**စီးပွားရေးအရှိန်မြှင့်တင်ခြင်း**

သမိုင်းကြောင်းအရ စင်ကာပူနိုင်ငံသည် ဆိပ်ကမ်းကုန်လှောင်ရုံလုပ်ငန်းအပေါ် မှီတည်ရလျက်ရှိသည်။ ဆိုလိုသည်မှာ နိုင်ငံတကာကုန်သွယ်မှုလုပ်ငန်းများအနေဖြင့် ကုန်ပစ္စည်းများတင်သွင်းခြင်း၊ ထုပ်ပိုးခြင်းနှင့် အခြားနိုင်ငံများသို့တင်ပို့ခြင်းတို့ကို လုပ်ဆောင်ခြင်းပင်ဖြစ်သည်။ ၁၉ ရာစုတွင် ဗြိတိသျှတို့သည် ပင်လယ်ဆိပ်ကမ်းများတွင်ရင်းနှီးမြှုပ်နှံခြင်း၊ အခြေခံအဆောက်အအုံများတည်ဆောက်ပေးခြင်းနှင့် ကုန်ပစ္စည်းများတင်ပို့ခြင်းဖြင့် အရင်းအမြစ်ချို့တဲ့သော စင်ကာပူနိုင်ငံကို စီးပွားရေးတိုးတက်အောင် ဖော်ဆောင်ပေးနိုင်ခဲ့သည်။

၁၀ စုနှစ်များစွာကြာ ခေတ်မီနိုင်ငံအဖြစ် တိုးချဲ့တည်ဆောက်ပြီးနောက် စင်ကာပူနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေကြောင်းပို့ဆောင်ရေးအချက်အချာနိုင်ငံဖြစ်လာပြီး နိုင်ငံပေါင်း ၁၂၀ ရှိ ဆိပ်ကမ်းပေါင်း ၆၀၀ ကျော်ကိုဆက်သွယ်နိုင်ခဲ့သည်။ စီးပွားရေးဆိုင်ရာ ကမ္ဘာလုံးဆက်စပ်ပြောင်းလဲဖြစ်ပေါ်လာမှုများသည် ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများ စီးဆင်းခြင်းတို့ဖြစ်ပေါ်စေပြီး စင်ကာပူ၏ စီးပွားရေးကို တိုးတက်လာစေကာ နှစ်စဉ် GDP သည် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၄၀ ထိရှိလာခဲ့သည်။



စင်ကာပူနိုင်ငံ Marina Bay Sands ဟိုတယ်

၁၉၆၁ ခုနှစ်တွင် တိုင်းပြည်စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်ဦးဆောင်နိုင်ခဲ့သည်။ စင်ကာပူနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဘုတ်အဖွဲ့ (EDB) ကို ဖွဲ့စည်းထူထောင်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ဂျူရွန်စက်မှုနယ်မြေဟုခေါ်ဆိုသည့် ပထမဆုံးသောစက်မှုဇုန်ကို ထူထောင်နိုင်ခဲ့သည်။ သုံးနှစ်တာကာလအတွင်း စက်ရုံ ၁၅၃ ရုံကျော်ကိုတည်ဆောက်နိုင်ခဲ့သောကြောင့် အလုပ်ခန့်အပ်နိုင်မှုနှုန်းနှင့် ကဏ္ဍများစွာတို့တွင် ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ထို့ပြင် ၁၉၆၀ ပြည့်လွန်နှစ်များမှ ၁၉၇၀ ပြည့်လွန်နှစ်များတွင် စက်မှုဇုန်များ၌ အလုပ်သမားလိုအပ်ချက်ပိုမိုမြင့်တက်လာခဲ့သည်။ စက်မှုနိုင်ငံထူထောင်ခြင်းသည် ကုန်လှောင်ရုံ လုပ်ငန်းအပေါ်တွင်သာ မှီခိုအားထားနေရာမှ ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့်ကုမ္ပဏီများကို ပိုမိုဆွဲဆောင်လာနိုင်ခဲ့သည်။

နိုင်ငံရေးနှင့်စီးပွားရေးတည်ငြိမ်မှုရှိသောကြောင့် စင်ကာပူနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုများသဘောကျသည့် နိုင်ငံဖြစ်လာခဲ့သည်။ ကန်ထရိုက်အခွင့်အလမ်းများ၊ ကြွေးမြီပြန်လည်ပေးအပ်ရေးစွမ်းဆောင်ရည်များနှင့် အလားအလာရှိသော စီးပွားရေးဝန်းကျင်တို့သည် စင်ကာပူနိုင်ငံကို ကမ္ဘာပေါ်တွင် စီးပွားရေးလုပ်ကိုင်ရာ၌ အလွယ်ကူဆုံးနိုင်ငံအဖြစ်ရပ်တည်လာစေလျက်ရှိသည်။ အခြေခံကျသောခေတ်မီအဆင့်မြှင့်တင်မှုလုပ်ငန်းများနှင့် စက်မှုထူထောင်မှုများရှိနေသော်လည်း ဆိပ်ကမ်းကုန်လှောင်ရုံလုပ်ငန်းသည် တိုင်းပြည်၏ စီးပွားရေးတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ အမှန်တော့ စင်ကာပူနိုင်ငံသည် ကမ္ဘာ့ရေကြောင်းသွားလာမှု အများဆုံးဆိပ်ကမ်းကိုပိုင်ဆိုင်ထားရှိရာ ကမ္ဘာလုံးဆိုင်ရာ ရေကြောင်းသွားလာမှု ၂၀ ရာခိုင်နှုန်းသည်စင်ကာပူနိုင်ငံမှဖြတ်သန်းသွားလာလျက်ရှိသည်။

ကုန်ထုတ်လုပ်မှုလုပ်ငန်းသည် စင်ကာပူနိုင်ငံ၏ အကြီးမားဆုံးစက်မှုလုပ်ငန်းတွင် အရေးပါသော အခန်းကဏ္ဍမှရပ်တည်လျက်ရှိသည်။ တိုင်းပြည်၏ ကျွမ်းကျင်မှုရှိသောစီးပွားရေးဝန်းကျင်၊ အခွန်နှုန်းထားသက်သာမှုနှင့်တည်ငြိမ်သောငွေကြေးဈေးကွက်သည် ဘဏ်လုပ်ငန်းများတိုးတက်လာစေပြီး စင်ကာပူနိုင်ငံတွင် ဘဏ် ၂၀၀ ကျော်လုပ်ငန်းလည်ပတ်လျက်ရှိသည်။ ၁၉၇၀ ပြည့်လွန်နှစ်များတွင် သတင်းအချက်အလက်နည်းပညာကဲ့သို့သော နည်းပညာအထောက်အကူပြုစက်မှုလုပ်ငန်းများဖြင့် သမားရိုးကျကုန်ထုတ်လုပ်ငန်းများနေရာတွင် အစားထိုးဆောင်ရွက်ခဲ့ခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားတစ်ရပ်ပင်ဖြစ်သည်။ လက်ရှိအချိန်တွင် စင်ကာပူနိုင်ငံ၌ MNC ၇၀၀၀ ကျော်လုပ်ငန်းလည်ပတ်လျက်ရှိပြီး ကမ္ဘာပေါ်တွင် စီးပွားရေးနှင့်ကုန်သွယ်မှုတို့တွင် အလွတ်လပ်ဆုံးနိုင်ငံအဖြစ်ရပ်တည်လျက်ရှိသည်။

**လက်တွေ့ဆန်သော နိုင်ငံရေး**

အမှန်တော့ PAP သည် အဂတိလိုက်စားမှုလျော့ပါးရေးဆောင်ရွက်ရာ၌ အောင်မြင်မှုရရှိနေပြီး ဈေးကွက်စီးပွားရေးစနစ်ကိုအခြေခံသည့် ပတ်ဝန်းကျင်မှာလည်း အငြင်းပွားဖွယ်ရာမရှိသောအခြေအနေတစ်ရပ်ပင်ဖြစ်သည်။ နိုင်ငံရေးအတိုက်အခံများနှင့်အလုပ်သမားအဖွဲ့များကို ဖိနှိပ်ခြင်း၊ လူမှုမတည်ငြိမ်မှုများ ဖြစ်ပေါ်စေမည့် သပိတ်များနှင့်ဆန္ဒပြမှုများကို တရားဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ခြင်းဖြင့် ဘဏ္ဍာရေးဆိုင်ရာတည်ငြိမ်မှုကိုခိုင်မာသေချာအောင်လုပ်ဆောင်ထားရှိသည်။ နိုင်ငံရေးနှင့်စီးပွားရေးတည်ငြိမ်မှုတို့ကို ခြိမ်းခြောက်ဖွယ်ရာများရှိသူများက ချက်ချင်းအရေးယူဆောင်ရွက်ခဲ့သည်။

မည်သို့ပင်ဆိုစေ စည်းကမ်းတင်းကျပ်သော အစိုးရသည် စီးပွားရေးဝန်းကျင်တည်ငြိမ်မှုမရှိသော အိမ်နီးချင်းနိုင်ငံများနှင့်မတူဘဲ ရင်းနှီးမြှုပ်နှံသူများကိုပိုမိုဆွဲဆောင်စည်းရုံးနိုင်ခဲ့သည်။ ခေါင်းဆောင် လီကွမ်ယုက စင်ကာပူနိုင်ငံအနေဖြင့် လူတစ်ဦးချင်းစီ၏လွတ်လပ်မှုကို ကန့်သတ်ထားသည့်တိုင်အောင် "ပြည်သူအများစု၏ လူနေမှုအဆင့်အတန်းတိုးတက်အောင်ဖန်တီးပေးနိုင်သောလူမှုအဖွဲ့အစည်းတစ်ရပ်ကို ထူထောင်သွားရန် စိတ်အားထက်သန်လျက်ရှိကြောင်း" အခိုင်အမာယုံကြည်ထားရှိသည်။ ထို့ကြောင့် စင်ကာပူအစိုးရသည် သတင်းမီဒီယာများ၊ တရားစီရင်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံရေးသမားများကို တင်းကျပ်စွာစောင့်ကြည့်ထားလျက်ရှိသည်။

PAP ပါတီသည် ၁၉၅၉ ခုနှစ်ကတည်းက ထောက်ခံမှုရရှိထားပြီး ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲများတွင်သာ အလုပ်သမားပါတီ (WP) ကိုရှုံးနိမ့်ခဲ့ဖူးသေးသည်။ ထို့ကြောင့် အတိုက်အခံနိုင်ငံရေးပြိုင်ဘက်များကို တရားဥပဒေအရ အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ကာ အမတ်လောင်းအဖြစ်မှနုတ်ထွက်အောင် ဖိအားပေးလုပ်ဆောင်နိုင်ခဲ့သည်။ နိုင်ငံရေးသမားများနှင့်ခေါင်းဆောင်များကို ပြည်တွင်းလုံခြုံရေးဥပဒေဖြင့် ထိန်းသိမ်းခဲ့သည်။ မည်သို့ပင်ဆိုစေ စင်ကာပူနိုင်ငံသားများကို လူမှုဖူလုံရေးနှင့်လူနေမှုအဆင့်အတန်းတို့ဖြင့် အခွင့်အလမ်းများပေးထားသည်။ ၁၉၆၅ ခုနှစ်တွင် ပြည်သူ ၆၆ ရာခိုင်နှုန်းကျော်သည် ဆင်ခြေဖုံးရပ်ကွက်ရှိ နေအိမ်များတွင် နေထိုင်ရလျက်ရှိသဖြင့် အိမ်ရာတည်ဆောက်နိုင်ရေးအတွက်ဖြေရှင်းပေးခဲ့ရသည်။ အစိုးရသည် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့ (HDB) ကိုဖွဲ့စည်းကာ ပြည်သူ့အိမ်ရာများကို တည်ဆောက်ပေးခဲ့သည်။ လက်ရှိအချိန်တွင် HDB ၏ အိမ်ရာတိုက်ခန်းတစ်သန်းကျော်တွင် ပြည်သူ ၈၀ ရာခိုင်နှုန်းကျော် နေထိုင်လျက်ရှိသည်။ တိုင်းပြည်အတွင်း သဘာဝအရင်းအမြစ်ရှားပါးလျက်ရှိသော်လည်း စင်ကာပူအစိုးရသည် လူသားအရင်းအမြစ်များကို အပြည့်အဝအသုံးချလျက်ရှိသည်။

**အားလုံးပြည့်စုံပါသလား**

စင်ကာပူနိုင်ငံသည် လွတ်လပ်ရေးရရှိပြီးနောက် ဝင်ငွေမြင့်မားသည့် မြို့ပြနိုင်ငံအဖြစ်အလျင်အမြန်ထူထောင်ထားနိုင်ခဲ့သည်။ ပျမ်းမျှစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ပထမ ၂၅ နှစ်တာကာလအတွင်း ၉ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး ကုန်သွယ်မှုလုပ်ငန်းကို တိုးတက်အောင်ဆောင်ရွက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုများတိုးတက်အောင်ဆောင်ရွက်ခြင်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းကို သိသိသာသာကျဆင်းဆောင်လုပ်ဆောင်နိုင်ခဲ့သည်။

ထို့ပြင် စင်ကာပူသည် လွတ်လပ်ရေးရရှိပြီးနောက် ဈေးကွက်ပြောင်းလဲမှုနှင့် စက်မှုထူထောင်မှုလုပ်ငန်းစဉ်များကိုလည်း အကောင်အထည်ဖော်ခဲ့သည်။ PAP သည် စီးပွားရေးစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု အတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ပြီး တိုင်းပြည်ကို ဘဏ္ဍာရေးအချက်အချာနေရာနှင့် ကုန်သွယ်မှုဗဟိုချက်မနေရာဖြစ်အောင် ဖန်တီးနိုင်ခဲ့သည်။ အစိုးရသည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဆက်ဆံမှုကို ထူထောင်ခဲ့ပြီး လူသားအရင်းအမြစ်၊ လူမှုဖူလုံရေးတို့တွင် ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်ကာ ပြည်သူများ၏ အုံကြွလိုစိတ်ကိုယဉ်ပါးအောင်ကိုင်တွယ်ထိန်းချုပ်နိုင်ခဲ့သည်။

သို့သော်စီးပွားရေးသာယာဝပြောမှုသည် အလုံးစုံအောင်မြင်မှုကို ဖော်ဆောင်နိုင်ခြင်းမရှိပေ။ အမျိုးသားနေအင်အားကြွယ်ဝမှုနှင့် ဝင်ငွေမြင့်မားလျက်ရှိသော်လည်း စင်ကာပူပြည်သူဦးရေ ၄၀၀၀၀၀ ကျော်သည် ကမ္ဘာ့လူနေမှုစရိတ်အမြင့်မားဆုံးနိုင်ငံတွင် တစ်နေ့ဝင်ငွေ အမေရိကန်ဒေါ်လာ ၅ ဒေါ်လာအောက်တွင်သာ ရရှိရပ်တည်နေရသည်။ အတိုက်အခံပါတီဖြစ်သော စင်ကာပူတိုးတက်ရေးပါတီ (PSP) သည် တိုင်းပြည်၏ ဝင်ငွေကွာဟချက်ကြီးမားမှုကို ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ ထို့ကြောင့် လီကွမ်ယု၏သားဖြစ်သူ လီရှန်လွန်းသည် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် PSP ပါတီနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ PAP ပါတီ၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်သည် ချီးကျူးဖွယ်ရာရှိသော်လည်း စင်ကာပူသည် အတိုက်အခံပါတီများ၏ထောက်ခံမှုဖြင့် နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ လုပ်ဆောင်သွားရန် လိုအပ်နေဆဲဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

- **Third World to First : How Singapore escaped the poverty trap by Aisa Times**

မောင်စိန်အိ(နဘဲမြေ)

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးကြင်းပိသာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ပန်းတနော် နိုဝင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးကြင်းပိသာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ပန်းတနော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းမော်က ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ငါးကြင်းပိသာချိန် ၇၆၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ ငါးကြင်းပိသာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ ငါးကြင်းများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှုကောင်းလာခြင်းကြောင့် တင်ပို့မှုတက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“လက်ရှိ ပွဲရုံတွေကို ငါးကြင်း အဝင်နည်းနေတာရယ်၊ ရန်ကုန်ဘက်က ငါးကြင်းတွေအဝယ်လိုက်နေတာကြောင့် ငါးကြင်းတင်ပို့ရောင်းချအား တက်ခဲ့တာပါ။ ရန်ကုန်ဈေးကွက်က ငါးကြင်းတွေကို ပြီးခဲ့တဲ့အောက်တိုဘာလ ပထမပတ်လောက်ကတည်းက စတင်အရောင်းအဝယ်ကောင်းခဲ့တာပါ။ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းက ရန်ကုန်ဈေးကွက်ကို ငါးကြင်း တင်ပို့မှုနဲ့ အောက်တိုဘာလ တင်ပို့မှုကို ယှဉ်ကြည့်ရင် အောက်တိုဘာလက ပိုမိုတင်ပို့မှုရှိခဲ့ပါတယ်။ ဒါ့ပြင် အခြားငါးတွေလဲ ဝယ်ယူမှုတက်လာပါတယ်”ဟု ဒေါ်ဝင်းဝင်းမော်က ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် ဒေသ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ရေထွက်ကုန်များကို ဝယ်ယူပြီး ဒေသဈေးအပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် အခြားဒေသများသို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကြံခင်းမြို့နယ် သိမ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြံခင်း နိုဝင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သိမ်ကုန်းကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့တွင် အဆိုပါ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ ကြံခင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ပြည့်ဖြိုးသူက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများကို ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အသင်းဝင်များလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၂၀ ဒသမ ၁၆ သန်းလွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သိမ်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေကျပ် ၂၀ ဒသမ ၁၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းသီးနှံဧက ၃၈၈၀ စိုက်ပျိုးပြီးစီး

**ကလေး နိုဝင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းသီးနှံဧက ၃၈၈၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကလေးခရိုင်တွင် ပဲတီစိမ်းသီးနှံ ၁၅၆၂၉ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ဧက ၃၈၈၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

“ကလေးခရိုင် ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲတီစိမ်းသီးနှံ ဧက ၁၅၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားတာ။ ဒီနေ့ထိ ဧက ၃၈၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ဆက်လက်စိုက်ပျိုးနေကြပါတယ်။ ပဲတီစိမ်းသီးနှံ ဧက လျာထားချက်ပြည့်မီစွာစိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ အသိပညာပေးတာတွေ ရှိမယ်၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့အသိပညာပေးတာတွေ ရှိပါတယ်”ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

ယခုနှစ် ကလေးခရိုင်တွင် မြို့နယ်အလိုက် ပဲတီစိမ်းသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ၃၁၅၄ ဧက၊ ကလေးဝမြို့နယ်တွင် ၅၃ ဧကနှင့်မင်းကင်းမြို့နယ်တွင် ၆၇၃ ဧက စုစုပေါင်း ဧက ၃၈၈၀ တို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၉၂၀၁ ဧက၊ ကလေးဝမြို့နယ်တွင် ၈၅၀ ဧကနှင့်မင်းကင်းမြို့နယ်တွင် ၅၅၇၈ ဧက စုစုပေါင်း ၁၅၆၂၉ ဧကတို့ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# စဥ့်ကူးမြို့နယ် ပင်လယ်ကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**စဥ့်ကူး နိုဝင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဥ့်ကူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ပင်လယ်ကြီးကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဥ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်းထွန်းနှင့် စီမံကိန်းတာဝန်ခံတို့သည် ပင်လယ်ကြီးကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး စဥ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိက ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးခဲ့သည့်ဖွံ့ဖြိုးရေး လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စဥ့်ကူးမြို့နယ် ပင်လယ်ကြီးကျေးရွာတွင် အလျား ပေ ၇၈၀၊ အနံ ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၇ ဒသမ ၂၂၄ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာပြည်သူများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း စဥ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်းထွန်းထံမှ သိရသည်။

**ချမ်းဦးကို**

# ပခုက္ကူမြို့နယ် တင်းဂါတ်ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပခုက္ကူ နိုဝင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် တင်းဂါတ်ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်ထွန်းနှင့် တာဝန်ရှိသူများသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ တင်းဂါတ်ကျေးရွာတွင် လမ်းအရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ကွန်ကရစ်လမ်းပေါ်တွင် တန်ပိုးယာဉ်များ ဖြတ်သန်းသွားလာခွင့် မပြုရန်နှင့် ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူများက ဝိုင်းဝန်းထိန်းသိမ်းရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပခုက္ကူမြို့နယ် တင်းဂါတ်ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေများအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၁၄၁ အိမ်၊ လူ ၆၄၄ ဦးအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စများ ဆောင်ရွက်ရာ၌ ရာသီမရွေးသွားလာနိုင်ပြီဖြစ်ကြောင်း ပခုက္ကူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်ထွန်းထံမှ သိရသည်။

**အထွေး**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# မြန်မာစာပေ၊ မြန်မာစကား တန်ဖိုးထားမြတ်နိုးကြမှသာ

**မင်းသွေးနွယ်(ဇီးကုန်း)**

မြန်မာစာသည် မြန်မာနိုင်ငံသား၊ မြန်မာမျိုးနွယ်ဖွားတို့၏ ကိုယ်ပိုင်ဘာသာစကား၊ မူပိုင်သုံးဘာသာရပ်ဖြစ်သည်။ မြန်မာလူမျိုးတို့ နေ့စဉ်ပြောဆိုသုံးနှုန်းနေသည့် စကားများ၊ နေ့စဉ်နေ့တိုင်း လုပ်ငန်းသုံး၊ ရုံးသုံး၊ ကျောင်းသုံး တစ်မျိုးသားလုံး ရေးသားရိုက်နှိပ်မှတ်တမ်းပြုမှု အထွေထွေအကြောင်းရပ်များ၊ ဖြစ်စဉ်ဖြစ်ရပ်များအားလုံးနှင့်ပတ်သက်၍ ကိုယ်ပိုင်သုံးစကား၊ မူပိုင်သုံးဘာသာရပ်ဖြစ်သည့် မြန်မာစာပေ၊ မြန်မာစကားဖြင့် ဘာသာစကားတစ်ခုအဖြစ် အသက်သွင်းရပ်တည်လျက်ရှိနေသည်မှာ အမှန်ပင်ဖြစ်သည်။

မြန်မာစာသည် မြန်မာလူမျိုးစု တစ်မျိုးသားလုံး၏ အသက်ပင်ဖြစ်သည်။ နေ့စဉ်သုံးစကားများနှင့် နေ့စဉ်သုံးမှတ်တမ်းပြု ရိုက်နှိပ်ရေးသားမှုများအားလုံးသည် ကိုယ်ပိုင်ဘာသာစကားအဖြစ် သတ်မှတ်ဖြစ်တည်လာရသည့် ဗျည်းအက္ခရာများမှအခြေပြုပြီး ဝေါဟာရ၊ စကားလုံး ၊ သဒ္ဒါ၊ နည်းနိဿယများနှင့်ဆက်စပ်ကာ အပြောအဆို၊ အရေးအသား ကွဲပြားစွာဖြင့် စည်းဘောင်များနှင့်အညီ ပြောဆိုရေးသားကျင့်သုံးလိုက်နာကြရသည်။

မြန်မာစာသည် မြန်မာလူမျိုးတို့အတွက် အပြန်အလှန် နားလည်လွယ်ကူသည့်၊ ပြေပြစ်ချောမွေ့သည့်၊ သိမ်မွေ့နက်နဲလှန်းသည့် ကိုယ်ပိုင်ဘာသာသုံးစကားနှင့် ဘာသာရပ်ဖြစ်သည့်အလျောက် တစ်ဖက်တွင်လည်း စိတ်ဝင်စားဖွယ်ကောင်းသည့် ဘာသာစကား အတိမ်အနက်များနှင့် ကျစ်လျစ်နက်ရှိုင်းသည့် စည်းဘောင်၊ စံနှုန်းများက မြန်မာစာပေ၏အဆင့်အတန်း တွေ့ရှိရမည်ဖြစ်သည်။

နိုင်ငံတိုင်းတွင် ကိုယ်ပိုင်ဟန်သုံး ဘာသာစကား ကိုယ်စီရှိကြသည်သာဖြစ်၏။ မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်စု ၁၃၅ မျိုးဖြင့် မှီတင်းနေထိုင်လျက်ရှိနေသည့်နိုင်ငံဖြစ်သည်။ မျိုးနွယ်စုအလိုက် သက်ဆိုင်ရာရိုးရာဟန်၊ ယဉ်ကျေးမှုထုံးဓလေ့၊ လက်သုံးစကားများ၊ သီးသန့်အနေအထားများဖြင့် ကိုယ်စီရှိကြသော်လည်း မြန်မာစကားနှင့် မြန်မာစာပေဖြန့်ကြက်မှုတွင် မြန်မာဟန်မူပိုင်သုံးစကားဖြင့်ပင် မြတ်နိုးကျွမ်းကျင်စွာ သုံးနှုန်းပြောဆိုနေကြသည်သာဖြစ်ပါ၏။

မိမိနိုင်ငံ၊ မိမိလူမျိုး၏အသက်သွေးကြောပြည့်အမြုတေဘာသာစကားဖြစ်သည့် မြန်မာစာပေသည် နှစ်ပေါင်းထောင်ချီ သမိုင်းအမွေခံတည်တံ့လျက်ရှိသည့်အတွက် မြန်မာ့မူပိုင်သုံးဘာသာစကား အကျိုးသက်ရောက်မှုကြောင့် သမိုင်းစဉ်ဆက် ဖြစ်စဉ်ဖြစ်ရပ်များ၊ တန်ဖိုးကြီးမားလှသည့် အထောက်အထားများနှင့် ဆက်ခံဖွယ်ရာ အနာဂတ်သမိုင်းအတွက် ကမ္ပည်းထိုးမှတ်တမ်းထုဆစ်ထားရမည့် အမွေခံမှတ်တမ်းမှတ်ရာများအတွက် ဂုဏ်ယူဖွယ်ရာသိရှိခွင့်၊ လေ့လာခွင့်၊ ဆက်ခံထိန်းသိမ်းခွင့်များ ရရှိနေရခြင်းဖြစ်သည်။

တန်ဖိုးထား မြတ်နိုးရဖွယ် မြန်မာစာပေ၊ မြန်မာစကားတို့၏ ဖြန့်ကြက်လွှမ်းခြုံနိုင်မှုစွမ်းရည်၊ သက်ဝင်ထင်ဟပ်နိုင်မှု ဂုဏ်ပုဒ်၊ ကိုယ်ပိုင်အရောင်အသွေးဖြင့် တောက်ပနေသည့် ကြီးမားမြင့်မြတ်မှု အဆင့်အတန်းများကြောင့် မြန်မာဖြစ်ရ မြန်မာဘဝဖြင့် ဂုဏ်ယူမဆုံး ဖြစ်စေရသည်။ အချို့သော နိုင်ငံခြားသားများပင် မြန်မာစကားနှင့် မြန်မာစာပေကို စိတ်ဝင်တစား နှစ်သက်ရင်း ထဲထဲဝင်ဝင်လေ့လာစူးစမ်းသုံးနှုန်းလာကြသည်ထိ ရှိနေကြသည်မှာ ဂုဏ်ယူဖွယ်ရာဖြစ်ရ၏။

**❖ တန်ဖိုးထားမြတ်နိုးရဖွယ် မြန်မာစာပေ၊ မြန်မာစကားတို့၏ ဖြန့်ကြက်လွှမ်းခြုံနိုင်မှုစွမ်းရည်၊ သက်ဝင်ထင်ဟပ်နိုင်မှု ဂုဏ်ပုဒ်၊ ကိုယ်ပိုင်အရောင်အသွေးဖြင့် တောက်ပနေသည့် ကြီးမားမြင့်မြတ်မှုအဆင့်အတန်းများကြောင့် မြန်မာဖြစ်ရ မြန်မာဘဝဖြင့် ဂုဏ်ယူမဆုံး ဖြစ်စေရသည်။ အချို့သော နိုင်ငံခြားသားများပင် မြန်မာစကားနှင့် မြန်မာစာပေကို စိတ်ဝင်တစား နှစ်သက်ရင်း ထဲထဲဝင်ဝင်လေ့လာစူးစမ်းသုံးနှုန်းလာကြသည်ထိရှိနေကြသည်မှာ ဂုဏ်ယူဖွယ်ရာဖြစ်ရ၏။ ❖**

သို့ရာတွင် မြန်မာနိုင်ငံသား မျိုးနွယ်ဖွားတချို့သည် မိခင်ဘာသာစကားဖြင့် ရပ်တည်ရေးသားပြောဆိုနေကြသော်လည်း ကိုယ့်ဘာသာစကား၊ ကိုယ့်စာပေအခြေအမြစ်စံနှုန်းများနှင့် မလျော်ညီစွာ စာရေးသားရာတွင်လည်း ဝါကျအထားအသို ဝေါဟာရစကားလုံးများ အမြီးအမောက်မတည့်သလို ကျပန်းပုံစံမျိုးရေးဟန်များလည်း တွေ့နေရသည်။

အလားတူ စကားပြောဆိုဆက်ဆံရာတွင်လည်း အတိုင်အဖောက်မညီ၊ အထားအသိုမညီဘဲ လိုရင်းမရောက် ပြေပြစ်ဆွဲဆောင်နိုင်အောင် မပြောဆိုတတ်မှုများလည်း အခါအားလျော်စွာ ကြုံဆုံနေရသည်။ မိမိဘာသာစကားနှင့် ဘာသာရပ်ကို ကျွမ်းကျင်ပိုင်နိုင်စွာ မသုံးစွဲနိုင်တတ်သေးသည့်အပြုအမူများပင်ဖြစ်ပါ၏။ ကိုယ်ပိုင်ဘာသာစကားနှင့် ကိုယ်ပိုင်ဘာသာရပ်သုံးနှုန်းရေးသားပြောဆိုမှုများ မကျွမ်းကျင်မှုက မိမိလက်သုံးဘာသာစကားအတွက် အထင်သေးဖွယ်ရာ ဖြစ်သွားစေနိုင်ပါ၏။ တစ်ပါးသူများအတွက်လည်း ဝေဖန်ဖွယ်၊ ကဲ့ရဲ့ရှုတ်ချဖွယ်အကြောင်းရပ်အဖြစ် သက်ရောက်သွားစေနိုင်၏။

မိမိလက်သုံးဘာသာစကားအတွက် ကျင့်သုံးလိုက်နာရမည့် မူဟန်နည်းထုံးများကို ဂရုပြုမှတ်သားပွားများထားကြရမည်ဖြစ်သကဲ့သို့ စည်းဘောင်နည်းလမ်းကျကျ ရေးသားပြောဆိုတတ်အောင် စောင့်ထိန်းအလေးထားသွားရန်လည်း လိုအပ်မည်သာဖြစ်သည်။ မိမိစာပေ၊ မိမိဘာသာစကား နည်းမှန်၊ စနစ်မှန်နှင့်အညီ ကျင့်သုံးစွဲကိုင်သွားနိုင်ပါမှလည်း စာပေအဆင့်အတန်းနှင့် ဘာသာစကားစွမ်းရည်မြင့်မားလာစေမည်မှာအမှန်ဖြစ်သည်။ မိမိအမျိုးဂုဏ်နှင့် မူပိုင်သုံးဘာသာစကားတန်ဖိုးများလည်း ဂုဏ်သိက္ခာမြင့်မားထည်ဝါနေမည်သာပင်။

လူ့ဘောင်နယ်ပယ်အတွင်း ရေးသားပြောဆိုဆက်ဆံဆက်သွယ်ဆောင်ရွက်ကြရာတွင် ပြီးသလိုရေး၊ လွယ်သလိုပြော စည်းလွတ်ဝါးလွတ်မျိုးဖြင့် ပြုမူဆောင်ရွက်ခြင်းများကို အတတ်နိုင်ဆုံးရှောင်ရှားရန်လိုသည်။ စာပေရေးသားမှုများပြုရာတွင် တစ်ခါတစ်ရံဇဝေဇဝါဖြစ်ဖွယ်၊ မကွဲပြားဖွယ် သတ်ပုံသတ်ညွှန်းကအစ မခွဲခြားနိုင်သည့်အနေအထားများ ရှိကောင်းရှိနိုင်မည်ဖြစ်၍ မြန်မာစာသတ်ပုံကျမ်းများအခြေပြုပြီး မှီငြမ်းသင့်ရာများဖြင့် အမှန်ကန်ဆုံးအားထုတ်ရန်လိုအပ်မည်ဖြစ်သည်။ မြင့်မားတည်တံ့လျက်ရှိနေသည့် မြန်မာစာပေဘာသာအဆင့်အတန်းနှင့် ဂုဏ်သိက္ခာအပိုင်းတို့ကို တစ်နွယ်ငင်တစ်စင်ပါ ထိခိုက်သွားဖွယ်ရာရှိလာနိုင်သည့်အတွက် သတိပြုစွဲမှတ်ထားရမည့်အဓိကအချက်လည်းဖြစ်သည်။

မြန်မာစာပေ၊ မြန်မာစကားသည် မိမိနိုင်ငံ၏ ကိုယ်ပိုင်ဟန်မူပိုင်သုံး ပြည့်အမြုတေတစ်ရပ်ဖြစ်သည့်အတွက် ကျွမ်းကျင်ပိုင်နိုင်စွာတတ်မြောက်ရန်လိုသည်ဖြစ်ရာ ငယ်စဉ်ဘဝကျောင်းနေအရွယ်ကတည်းက သင်ယူလေ့လာတတ်မြောက်ထားရမည်မှာ အဓိကပင်မအချက်ဖြစ်သည်။ ထို့ကြောင့်လည်း ကျောင်းနေအရွယ်ကလေးတိုင်း အတန်းပညာဘာသာများကိုမဖြစ်မနေတက်ရောက်သင်ယူနိုင်ရန်အတွက် နိုင်ငံတော်က အခမဲ့ပညာရေးစနစ်ကို ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်၏။

"မြန်မာစာသည် တို့စာ၊ မြန်မာစကားသည် တို့စကား"ဟူသော ဆောင်ပုဒ်နှင့်အညီ တစ်မျိုးသားလုံး မူပိုင်သုံးဘာသာရပ်နှင့် ဘာသာသုံးစကားများကို မြန်မာနိုင်ငံသားတိုင်း၊ မြန်မာမျိုးနွယ်ဖွားတိုင်း မြတ်နိုးချစ်ကြင်စွာ ကိုယ့်ဘာသာစာပေဂုဏ်သိက္ခာပိုင်းများကို အလေးထား၍ လိုက်နာခံယူကျင့်သုံးရင်း မြှင့်တင်ရပ်တည်သွားကြရန် အသိပေးလိုပါသည်။ ဤသို့စောင့်ထိန်းလိုက်နာရေးသား၊ ပြောဆိုမှုများဖြင့် ရပ်တည်လျှောက်လှမ်းနေခြင်းများသည်ပင်လျှင် ဘာသာစာပေဂုဏ်ဒြပ်ကို တန်ဖိုးမြှင့်တင်ရာရောက်စေပါမည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၊ မြန်မာလူမျိုးတို့၏ အသက်သွေးနှယ် ပြည့်အမြုတေတစ်ရပ်ဖြစ်သော မြန်မာစာပေနှင့် မြန်မာစကားကို စံနှုန်းမှန်၊ စည်းဘောင်မှန် ကျင့်သုံးလိုက်နာတန်ဖိုးထားရန် တစ်မျိုးသားလုံး၏ တာဝန်ဖြစ်ပေ၏။

မြန်မာနိုင်ငံသား၊ မြန်မာမျိုးနွယ်ဖွားများအနေဖြင့်လည်း မူပိုင်ဘာသာသုံးစကား ရေးသားရာ၊ ပြောဆိုရာတို့တွင် ဘာသာစကားစံနှုန်းများနှင့်အညီ သတ်ပုံသတ်ညွှန်း စကားလုံးဝေါဟာရများကအစ တိကျမှန်ကန်စွာရွေးချယ်တတ်မှု၊ သဒ္ဒါ၊ ဌာန်ကရိုဏ်းကျနစွာ လိုက်နာရေးသားပြောဆိုမှုများ အထူးဂရုပြုရန်လိုအပ်မည်သာဖြစ်သည်။ မြန်မာစာပေကို တန်ဖိုးထားလက်ကမ်းမြှင့်တင်ခြင်းဖြင့် မြတ်နိုးဂုဏ်ယူနေကြရမည်မှာ မြန်မာတစ်မျိုးသားလုံး၏ အစဉ်ဆက်ခံလက်ကမ်းသွားရမည့် အမွေခံကောင်းတစ်ရပ်ပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

# ငရုတ်ကောင်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံမြေပဲ ၃၅၉၈ ဧကစိုက်ပျိုးမည်

**ပုတော နိုဝင်ဘာ ၂၂**

ရောဝတီတိုင်းဒေသကြီး ငပုတော မြို့နယ် ငရုတ်ကောင်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံမြေပဲ ၃၅၉၈ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငရုတ်ကောင်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံမြေပဲ ၃၅၉၈ ဧကလျာထားပြီး ဒီဇင်ဘာလပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံမြေပဲ ၃၅၉၈ ဧကထိ လျာထား စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ လိုအပ်တာတွေ စတင်ပြင်ဆင်နေပါပြီ။ မြေပဲတွေ စိုက်ပျိုးနိုင်ဖို့ ဒေသခံတောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနတို့ ကြိုတင်တွေ့ဆုံဆွေးနွေး ဆောင်ရွက်ပြီးဖြစ်ပါတယ်။ သန့်ရှင်းလတ်ဆတ်တဲ့ စားသုံးဆီတွေကို ဒေသခံတွေစားသုံးနိုင်စေဖို့နဲ့ နိုင်ငံတော်ရဲ့ စားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် ဆီထွက်သီးနှံတွေကို စီမံချက်ချမှတ်စိုက်ပျိုးတာဖြစ်တယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။




ငရုတ်ကောင်းမြို့တွင် ဆီထွက်သီးနှံမြေပဲများ စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်ရေးနည်းစနစ်များ၊ မြေပဲမျိုးစေ့ရွေးချယ်မှုမှန်ကန်စေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးသတ်ဆေးနှင့် အာဟာရဓာတ်ရရှိ စေရန်ဆေးသုံးစွဲမှု နည်းစနစ်များမှန်ကန်စေရေး၊ အပင်အားဆေးနှင့်ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၄ ခုနှစ်၊ (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် လက်ရှိခေတ်ကာလတွင် ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာ့ရွှေဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့်စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များ မစုံလင်ခြင်းနှင့် သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(၁) ပထမဆု ၁၀၀၀၀၀၀ ကျပ်
(၂) ဒုတိယဆု ၇၀၀၀၀၀ ကျပ်
(၃) တတိယဆု ၅၀၀၀၀၀ ကျပ်
(၄) စတုတ္ထဆု ၄၀၀၀၀၀ ကျပ်
(၅) ပဉ္စမဆု ၃၀၀၀၀၀ ကျပ်

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(၁) ပထမဆု ၁၀၀၀၀၀၀ ကျပ်
(၂) ဒုတိယဆု ၇၀၀၀၀၀ ကျပ်
(၃) တတိယဆု ၅၀၀၀၀၀ ကျပ်
(၄) စတုတ္ထဆု ၄၀၀၀၀၀ ကျပ်
(၅) ပဉ္စမဆု ၃၀၀၀၀၀ ကျပ်

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(၁) ပထမဆု ၅၀၀၀၀၀ ကျပ်
(၂) ဒုတိယဆု ၄၀၀၀၀၀ ကျပ်
(၃) တတိယဆု ၃၀၀၀၀၀ ကျပ်
(၄) စတုတ္ထဆု ၂၀၀၀၀၀ ကျပ်
(၅) ပဉ္စမဆု ၁၅၀၀၀၀ ကျပ်
(၆) အထူးဆု(၁) ၁၀၀၀၀၀ ကျပ်
(၇) အထူးဆု(၂) ၁၀၀၀၀၀ ကျပ်
(၈) အထူးဆု(၃) ၁၀၀၀၀၀ ကျပ်

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(၁) ပထမဆု ၇၀၀၀၀၀ ကျပ်
(၂) ဒုတိယဆု ၅၀၀၀၀၀ ကျပ်
(၃) တတိယဆု ၄၀၀၀၀၀ ကျပ်
(၄) စတုတ္ထဆု ၃၀၀၀၀၀ ကျပ်
(၅) ပဉ္စမဆု ၂၀၀၀၀၀ ကျပ်
(၆) အထူးဆု(၁) ၁၅၀၀၀၀ ကျပ်
(၇) အထူးဆု(၂) ၁၅၀၀၀၀ ကျပ်
(၈) အထူးဆု(၃) ၁၅၀၀၀၀ ကျပ်

၁၆။ **ဝတ္ထုတိုစာမူဆုချီးမြှင့်မည့်နှုန်းထားများ**

(၁) ပထမဆု ၆၀၀၀၀၀ ကျပ်
(၂) ဒုတိယဆု ၅၀၀၀၀၀ ကျပ်
(၃) တတိယဆု ၄၀၀၀၀၀ ကျပ်
(၄) စတုတ္ထဆု ၃၀၀၀၀၀ ကျပ်
(၅) ပဉ္စမဆု ၂၀၀၀၀၀ ကျပ်
(၆) အထူးဆု(၁) ၁၅၀၀၀၀ ကျပ်
(၇) အထူးဆု(၂) ၁၅၀၀၀၀ ကျပ်
(၈) အထူးဆု(၃) ၁၅၀၀၀၀ ကျပ်

၁၇။ **ဝတ္ထုရှည်စာမူဆုချီးမြှင့်မည့်နှုန်းထားများ**

(၁) ပထမဆု ၁၀၀၀၀၀၀ ကျပ်
(၂) ဒုတိယဆု ၇၀၀၀၀၀ ကျပ်
(၃) တတိယဆု ၅၀၀၀၀၀ ကျပ်
(၄) စတုတ္ထဆု ၄၀၀၀၀၀ ကျပ်
(၅) ပဉ္စမဆု ၃၀၀၀၀၀ ကျပ်
(၆) အထူးဆု(၁) ၂၀၀၀၀၀ ကျပ်
(၇) အထူးဆု(၂) ၂၀၀၀၀၀ ကျပ်
(၈) အထူးဆု(၃) ၂၀၀၀၀၀ ကျပ်

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း(အထူးအားဖြင့် နာတာရှည်ရောဂါခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက်ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေး (Peace and Stability)သည် အရေးအကြီးဆုံးဖြစ်...

❖ တည်ငြိမ်အေးချမ်းရေး ဆိုသည်မှာလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံပြီး ဆောင်ရွက်ရန်လိုအပ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၅ ရက်တွင် ပြုလုပ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

# ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များရောက်ရှိ၊ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆို၊ တွေ့ဆုံဆွေးနွေး၊ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ၊ လေ့လာရေးခရီးသွားရောက်



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးကြစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၂**

ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်လာရောက်သော ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့် ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိလာရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းစစ်သံမှူးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် သူရဲကောင်းဗိမာန်(နေပြည်တော်)သို့သွားရောက်၍ အထိမ်းအမှတ်ကျောက်တိုင်ရှေ့၌ ဂုဏ်ပြုပန်းခြင်းဖြင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်စွန့်ခဲ့ကြသူများကို အလေးပြုကြပြီး

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

---

### အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

“ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ”

Hotline - 09-450450561, 09-450450562, 09-450450563